Myanmar Centre for Responsible Business

Yever smarter together



PWINT THIT SA
Transparency in Myanmar Enterprises

# ပွင့်သစ်စ

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု

**စတုတ္ထအကြိမ်မြောက် အစီရင်ခံစာ | ၂၀၁၈**

+95 1 512613 | info@myanmar-responsiblebusiness.org | www.mcrb.org.mm

---

ပွင့်သစ်စစီမံချက်သည် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်စေရန်နှင့် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများ ဆောင်ရွက်လာစေရန်အတွက် တိုက်တွန်းအားပေးရန် ရည်ရွယ်သည်။

MCRB နှင့် Yeverမှ ၂၀၁၈ မတ်လတွင် ပုံနှိပ်ထုတ်ဝေသည်။ မူပိုင်ခွင့်ရှိသည်။ MCRB နှင့် Yever သည် ဤအစီရင်ခံစာတွင် ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာပြန်လည်ကူးယူ ထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူ ထုတ်ဝေမည်ဆိုပါက MCRB နှင့် Yever ထံသို့ အကြောင်းကြားရန်နှင့် ထိုကူးယူထုတ်ဝေမည့်စာမိတ္တူအား MCRB နှင့် Yever ရုံးသို့ပေးပို့ရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် ခွင့်ပြုချက်အားတောင်းခံရန်နှင့် ပုံနှိပ်ထုတ်ဝေမည့် ဘာသာပြန်ချက်ကို ပေးပို့ရန် MCRB နှင့် Yever လိပ်စာအတိုင်း ဆက်သွယ်ရမည် ဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် Institute of Human Rights and Business နှင့် Danish Institute for Human Rights. တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံအများစုမှ အစိုးရရန်ပုံငွေနှင့် ၂၀၁၃ခုနှစ်တွင် ရန်ကုန်မြို့အခြေစိုက် ဖွင့်လှစ်ထားသော အဖွဲ့အစည်းပင် ဖြစ်ပါသည်။ MCRB တည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသော စီးပွားရေးနှင့်ပတ်သက်သည့် အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် ထိရောက်တရားဝင်နည်းလမ်းကျသော လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာစေရန် ဖြစ်သည်။ ဒေသတွင်းလိုအပ်ချက်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများပေါ်တွင် အခြေခံ၍ တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရများအကြား ကြားနေကာ အတူတကွ လုပ်ဆောင်ရန်ဖြစ်သည်။ ယူကေ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံအစိုးရများထံမှ ရန်ပုံငွေ အထောက်အပံ့ရရှိပါသည်။

**မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)**
အမှတ်(၆) က၊ ရှင်စောပုလမ်း၊
ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊မြန်မာ။
info@myanmar-responsiblebusiness.org
http://www.myanmar-responsiblebusiness.org and www.mcrb.org.mm

Yever သည် ကော်ပိုရိတ်ခေါင်းဆောင်များ၏ လိုအပ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသော ရန်ကုန်အခြေစိုက် စီးပွားရေးအကြံပေး ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေရှည်တည်တံ့နိုင်သော ဈေးကွက်များ တည်ဆောက်ခြင်းဖြင့် ၎င်းတို့၏စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုအား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ Yever အား ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ အရည်အချင်းရှိသောလူငယ်များနှင့် နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

**Yever**
အမှတ်(၂၈) B ၊ ကျောက်ကုန်းလမ်း၊ အခန်း(၆၊B)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
contact@yever.org
www.yever.org

ဤအစီရင်ခံစာရေးသားခြင်းနှင့် သုတေသနလုပ်ငန်းများကို MCRB မှ Vicky Bowman, Phyu Phyu Zin, Machiko Kitagawa နှင့် Yever မှ Nicolas Delange, Maddy@Pa Pa Htet တို့မှ လုပ်ဆောင်ခဲ့ပါသည်။ ဤအစီရင်ခံစာ၏ ဖော်ပြချက်များသည် စာတမ်းရေးသားသူများ၏ ထင်မြင်ယူဆချက်များဖြစ်ပါသည်။ အချို့သောကုမ္ပဏီများကို ရည်ညွှန်းဖော်ပြထားခြင်းများ ရှိသော်လည်း ထိုကုမ္ပဏီများကို MCRB နှင့် Yever မှ ထောက်ခံပေးခြင်းမျိုး မဟုတ်ပါ။ ရမှတ်အဆင့် ကုမ္ပဏီများ၏ လက်တွေ့စီးပွားရေး လုပ်ဆောင်ချက်များအပေါ်တွင် တိုင်းတာထားခြင်းမဟုတ်ပါ။

ဓာတ်ပုံများ (အရှေ့ဘက်နှင့်ကျောဘက်) - သစ်ပင်ပေါ်တွင် ပွင့်လန်းနေသော အဝါရောင် မြန်မာ့ပိတောက်ပန်းများကို Praiwun Thungsarn မှ မှတ်တမ်းတင်ရိုက်ကူးထားခြင်း ဖြစ်သည်။



## မာတိကာ


၆ **အတိုကောက် စာကားလုံးများ**
၇ **အနှစ်ချုပ်**
၁၀ **အခန်း(၁) - မိတ်ဆက်ခြင်း**
၁၀ မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီပွင့်လင်းမြင်သာမှုဆိုင်ရာ စီးပွားရေးကဏ္ဍ အကြောင်းအရာ
၁၁ ပွင့်သစ်စအစီရင်ခံစာ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အထောက်အကူပြုခြင်းဆိုင်ရာ အခန်းကဏ္ဍ
၁၂ ၂၀၁၈ ခုနှစ်အစီရင်ခံစာ
၁၂ ပွင့်သစ်စအစီရင်ခံစာ လုပ်ထုံးလုပ်နည်း၏ ကန့်သတ်ချက်များ
၁၄ ကုမ္ပဏီများ၏အုပ်ချုပ်မှုနှင့် လုပ်ဆောင်ချက်များ တိုးတက်လာစေရန်ပံ့ပိုးခြင်း

၁၆ **အခန်း (၂) ၂၀၁၆ ပွင့်သစ်စ အစီရင်ခံစာမှစ၍ တိုးတက်ပြောင်းလဲလာမှုများ**
၁၆ ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းများဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု
- ၂၀၁၇ မြန်မာကုမ္ပဏီများ ဥပဒေ
- ၂၀၁၆ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ

၁၈ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှုများ
- IFC ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှု
- မြန်မာဒါရိုက်တာများအင်စတီကျု (MIoD)
- စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD)

၂၂ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းတွင် တိုးတက်လာမှုများ
- အစိုးရဌာနပိုင်းဆိုင်ရာနှင့် ကြိုးနီစနစ်များ ပြုပြင်ပြောင်းလဲမှုများ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဥပဒေမူဘောင်များ
- အဂတိလိုက်စားမှုဆိုင်ရာ ညွှန်ကိန်းများ

၃၁ ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့၏ အခြေအနေတိုးတက်လာမှုများ
- ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
- ရန်ကုန်စတော့အိတ်ချိန်း
- ကုမ္ပဏီများဥပဒေအသစ်တွင် ပါဝင်သည့် ပွင့်လင်းမြင်သာမှုပိုင်းဆိုင်ရာ အကြောင်းအရာများ
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း
- အခွန်အများဆုံးပေးဆောင်ထားသည့် ကုမ္ပဏီများစာရင်း
- တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI)
- နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အစီရင်ခံစာတွင် အသုံးပြုသည့်မူဘောင်များ
- အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် မီဒီယာများ၏ ဆောင်ရွက်မှုများ
- ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST)

၄၂ **အခန်း (၃) ။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြောင်းအရာများ တစ်ကမ္ဘာလုံးအဆင့်နှင့် မြန်မာနိုင်ငံတွင် စတင်ပေါ်ပေါက်လာခြင်း**
- ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း
- အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း

- ကော်ပိုရိတ်လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုအား ပြန်လည်အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း
- စီးပွားရေးဦးဆောင်မှုတွင် ကျား/မတန်းတူညီမျှစွာ ပါဝင်စေခြင်း
- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု
- လူ့အခွင့်အရေးနှင့်ခေတ်သစ်ကျေးကျွန်ပြုမှု

၅၃ **အခန်း ၄။ ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာ**

၅၃ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း

- နှိုင်းယှဉ်လေ့လာသော စံသတ်မှတ်ချက်များကို ရွေးချယ်ခြင်း
- စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း
- ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း
- အမှတ်ပေးခြင်း

၆၀ ရလာဒ်များ

၆၄ **အပိုင်း(၅)။ အကြံပြုချက်များ**

၆၄ မြန်မာကုမ္ပဏီများထံသို့

၆၇ မြန်မာနိုင်ငံတော်အစိုးရနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သို့ အကြံပြုချက်များ

၇၁ လွှတ်တော်သို့

၇၂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံသို့

၇၂ မြန်မာ့ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် မီဒီယာထံသို့

၇၃ ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းထံသို့

၇၄ **နောက်ဆက်တွဲ(၁)။** ရလာဒ်များ အပြည့်အစုံပါ ဇယား

၈၂ **နောက်ဆက်တွဲ(၂)။** မေးခွန်းများ

၈၂ ကော်ပိုရိတ် အလေ့အထ

၈၂ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

၈၅ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု

၈၅ သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်ပြောကြားခြင်း

၈၆ အစီရင်ခံခြင်း

၁၃ **ဇယား (၁)။** MCRB နှင့် Yever ပူးပေါင်းလုပ်ကိုင်မှု

၂၁ **ဇယား (၂)။** မြန်မာဒါရိုက်တာများအင်စတီကျု ဘုတ်အဖွဲ့၏ ပထမကြားဖြတ် အဖွဲ့ဝင်များ

၅၀ **ဇယား(၃)။** တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

၅၁ **ဇယား(၄)။** တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ ဩဇာအာဏာရှိသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

၅၄ **ဇယား(၅)။** အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။





၅၇ **ဇယား (၆)။** မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီဆိုသည်မှာ အဘယ်နည်း။

၃၀ **ဇယားကွက်(၁)။** ကမ္ဘာ့ဘဏ်အဖွဲ့အစည်း စစ်တမ်း (၂၀၁၆) အဂတိလိုက်စားမှု ညွှန်းကိန်းများ

၅၅ **ဇယားကွက်(၂)။** ၂၀၁၈ ပွင့်သစ်စ အမှတ်ပေးစနစ်တွင် အကျုံးဝင်သော အရာများ

၆၀ **ဇယားကွက်(၃)။** ကုမ္ပဏီအမျိုးအစားများအလိုက် ပျမ်းမျှရမှတ်များ

၆၂ **ဇယားကွက်(၄)။** ပွင့်သစ်စ အစီရင်ခံစာ ၂၀၁၈ တွင် အကဲဖြတ်ဆန်းစစ်ထားသော သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံးကုမ္ပဏီများ

## အတိုကောက် စကားလုံးများ

| | |
|---|---|
| ACGS | ASEAN Corporate Governance Scorecard (အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| ACMF | ASEAN Capital Markets Forum (အာဆီယံအရင်းအနှီးဈေးကွက် ဖိုရမ်) |
| ASEAN | Association of South East Asian Nations (အရှေ့တောင်အာရှ နိုင်ငံများအသင်း) |
| BoD | Board of Directors (ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ) |
| CG | Corporate Governance (ကော်ပိုရိတ် စီမံအုပ်ချုပ်မှု) |
| CSR | Corporate Social Responsibility (ကော်ပိုရိတ် လူမှုတာဝန်ယူမှု) |
| DfID | Department for International Development (နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဌာန) |
| DICA | Directorate of Investment and Company Administration (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန) |
| ESG | Environmental, Social and Governance (ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု) |
| FY | Financial Year (ဘဏ္ဍာရေးနှစ်) |
| IFC | International Finance Corporation (အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း) |
| KPI | Key Performance Indicator (အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း) |
| MCRB | Myanmar Centre for Responsible Business (မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုရေးဌာန) |
| MIC | Myanmar Investment Commission (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်) |
| MIL | Myanmar Investment Law (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ) |
| MIoD | Myanmar Institute of Directors (မြန်မာဒါရိုက်တာများ အင်စတီကျု) |
| MIR | Myanmar Investment Rules (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ) |
| OECD | Organization for Economic Cooperation and Development (စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| OTC | Over the Counter (an organized market for trading of unlisted securities) (ကောင်တာဈေးကွက်ပေါ်တွင် ရောင်းချသည့် သက်သေခံလက်မှတ်များ) |
| SECM | Securities and Exchange Commission of Myanmar (မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်) |
| TRAC | Transparency in Corporate Reporting (from Transparency International) (ကော်ပိုရိတ်အစီရင်ခံခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး) |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း) |
| YSX | Yangon Stock Exchange (ရန်ကုန်စတော့အိတ်ချိန်း) |



## အနှစ်ချုပ်

ယခုအစီရင်ခံစာသည် စတုတ္ထအကြိမ် ထုတ်ပြန်သော ပွင့်သစ်စ/မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု (Transparency in Myanmar Enterprises - TiME) အစီရင်ခံစာ ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီကြီး(၁၈၂)ခုတို့၏ ကုမ္ပဏီ ဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ကြေညာထားသော သတင်းအချက်အလက်များကို အကဲဖြတ်သုံးသပ်၊ ဆန်းစစ်ထားပါသည်။ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုက်တွန်းအားပေးခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDG ပန်းတိုင် အမှတ် ၁၆) အောင်မြင်ရန်အတွက် အထောက်အကူဖြစ်စေပါသည်။

၂၀၁၆ ခုနှစ်က နောက်ဆုံးအကြိမ်ထုတ်ဝေခဲ့သော တတိယမြောက် ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီအရေအတွက်ထက် နှစ်ဆနီးပါးကို ဆန်းစစ်ခဲ့ပြီး၊ ထိုသို့ အကဲဖြတ်ဆန်းစစ်ရာတွင်လည်း ယခင်ထက် နှစ်ဆမကသော စံသတ်မှတ်ချက်များကို အသုံးပြုခဲ့ပါသည်။ ထို့ကြောင့် ယခု ၂၀၁၈ ခုနှစ်၊ ပွင့်သစ်စအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများဆိုင်ရာ စီမံအုပ်ချုပ်မှုအခြေအနေနှင့် ပတ်သက်၍ ရည်မှန်းချက် အမြင့်မားဆုံးသော အများပြည်သူဆိုင်ရာ အစီရင်ခံစာတစ်စောင် ဖြစ်လာပါသည်။

၂၀၁၈ ခုနှစ် အစီရင်ခံစာသည် ယခင်ကကဲ့သို့ပင် ကုမ္ပဏီများမှ အများပြည်သူသိရှိစေရန် အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို ဆန်းစစ်အမှတ်ပေးသည့်အပေါ် အခြေခံထားသော်လည်း ယခင်အစီရင်ခံစာ သုံးစောင်နှင့် ကွဲပြားခြားနားသည့် အမှတ်ပေးစနစ်ကို ကျင့်သုံးထားသည်။ ယခုနှစ် အမှတ်ပေးခြင်းတွင် အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard-ACGS)၏ ဇယား(၆)ကို အခြေခံထားသော်လည်း အေစီဂျီအက်(စ်)၏ စံသတ်မှတ်ချက်များ အားလုံးကို အသုံးပြုထားခြင်းမဟုတ်ဘဲ အခြားသော ထပ်တိုးစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းထားပါသည်။ အေစီဂျီအက်(စ်)ကို ပြောင်းလဲအသုံးပြုရခြင်းမှာ မြန်မာနိုင်ငံနှင့် ဒေသတွင်းတွင် ဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်စေရန် ဖြစ်ပါသည်။ ထို့ကြောင့် ယခင် ပွင့်သစ်စအစီရင်ခံစာများနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်အစီရင်ခံစာတွင် ကုမ္ပဏီကြီးများမှ လုပ်ငန်းစီမံအုပ်ချုပ်မှု၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ပို၍ အလေးပေးထားသည်။

ယခုအသုံးပြုထားသော အမှတ်ပေးသည့် နည်းစနစ်တွင် အေစီဂျီအက်(စ်)ထဲမှ မြန်မာနိုင်ငံနှင့် ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက်များကို ရွေးချယ်အသုံးပြုထားပါသည်။ အေစီဂျီအက်(စ်)ထဲမှ ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက်များထဲမှ (၅၉)ခုကို အသုံးပြုပြီး အပိုင်းငါးပိုင်း/နယ်ပယ်ငါးခုကို ပွင့်သစ်စ စံသတ်မှတ်ချက် (၁၅)ချက်နှင့်ပါတွဲ၍စုစုပေါင်း စံသတ်မှတ်ချက် (၇၄)ခု ရှိပါသည်။ (နောက်ဆက်တွဲ-၂)

- ကော်ပိုရိတ် စီမံအုပ်ချုပ်မှု (၆၉ရာခိုင်နှုန်း - စံသတ်မှတ်ချက် ၅၀)
- ကော်ပိုရိတ် ဆောင်ရွက်ပုံ (၆၉ရာခိုင်နှုန်း - စံသတ်မှတ်ချက် ၇ချက်)
- အစီရင်ခံခြင်း (၈ရာခိုင်နှုန်း - စံသတ်မှတ်ချက် ၇ချက်)
- ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်း (၇ရာခိုင်နှုန်း - စံသတ်မှတ်ချက် ၅ချက်)
- သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်ပြောကြားခြင်း (၇ရာခိုင်နှုန်း - စံသတ်မှတ်ချက် ၅ချက်)

အသေးစိတ်အချက်အလက်များကို အပိုင်း (၄)တွင် ပါဝင်သည့် နည်းစနစ်အပိုင်းတွင် ဖော်ပြထားပါသည်။

၂၀၁၈ ခုနှစ်တွင် ထုတ်ဖော်ကြေညာသည့်အတွက် အမှတ်အမြင့်ဆုံးရသည့် ထိပ်တန်းကုမ္ပဏီကြီး (၃) ခုမှာ First Myanmar Investment (FMI) Group ၊ CMHL နှင့် Serge Pun & Associates (SPA) တို့ ဖြစ်ပါသည်။ ဤကုမ္ပဏီများသည် ယခင် ပွင့်သစ်စအစီရင်ခံစာများတွင်လည်း ထိပ်တန်းကုမ္ပဏီ (၁၀) ခုတွင် အမြဲတစေ ပါဝင်ခဲ့သည့်အပြင် ၂၀၁၈ ခုနှစ် ပွင့်သစ်စအတွင်း ထုတ်ဖော်ကြေညာမှုကို ပိုမိုကောင်းမွန်စေရန်အတွက် ထိုကုမ္ပဏီများအားလုံးသည် အထူးပင် ထပ်လောင်း၍ကြိုးစားအားထုတ်မှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ၎င်းတို့၏ ရမှတ်မူကြမ်းများကို ဆွေးနွေးရန်၊ စံသတ်မှတ်ချက်များကို မိမိတို့ သေသေချာချာ ကောင်းမွန်စွာ နားလည်ရန်နှင့် ကုမ္ပဏီသတင်းအချက်အလက် ထုတ်ပြန်ပေးမှုကို စံသတ်မှတ်ချက်များမှ မည်သည်ကို ရည်ညွှန်းသည်ကို နားလည်ရန် MCRB/Yever သို့ တိုက်ရိုက်ဆက်သွယ်ခဲ့သော ကုမ္ပဏီ(၁၈)ခုလုံး၏ ကြိုးစားအားထုတ်မှုကို အမှန်တကယ် တွေ့မြင်ခဲ့ရပါသည်။

ရှေ့ဆုံးမှ ဦးဆောင်နေသည့် ကုမ္ပဏီများထဲတွင် အားအကောင်းဆုံးသောအပိုင်းမှာ စီးပွားရေးလုပ်ငန်း၏ဆောင်ရွက်ပုံအပိုင်းဖြစ်ပြီး ထိပ်ဆုံးမှ ကုမ္ပဏီ(၁၀)ခု၏ ပျမ်းမျှအမှတ်သည် ၉၁ ရာခိုင်နှုန်း ရှိပါသည်။ အားအနည်းဆုံးသော အပိုင်းမှာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲခြင်းအပိုင်းဖြစ်ပြီး ထိပ်ဆုံးကုမ္ပဏီ(၁၀)ခု၏ ပျမ်းမျှအမှတ်မှာ ၄၆ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ဆန်းစစ်ခဲ့သည့်စာရင်းမှ မြောက်များစွာသော ကုမ္ပဏီတို့သည် ယခုအချိန်ထိပင် ကုမ္ပဏီ ဝက်ဘ်ဆိုက် မရှိကြသေးပေ (ကုမ္ပဏီ(၁၈၂)ခုတွင် (၆၇)ခု ရာခိုင်နှုန်းအားဖြင့် ၃၅ ရာခိုင်နှုန်းသည် ဝက်ဘ်ဆိုက် လုံးဝမရှိကြပါ။) အချို့ကုမ္ပဏီများသည် ဝက်ဘ်ဆိုက်ရှိနေသော်လည်း ထိုဝက်ဘ်ဆိုဒ်များသည် ယခုစစ်တမ်းတွင် ပါဝင်သည့်စံသတ်မှတ်ချက်များနှင့် ဆက်နွယ်သည့် အချက်အလက်များ အနည်းငယ်သာ ထုတ်ပြန်ထားခြင်း သို့မဟုတ် လုံးဝ မထုတ်ပြန်ထားသည်ကိုလည်း တွေ့ရသည်။ ဝက်ဆိုဒ်ရှိသော ကုမ္ပဏီ ၁၁၆ ခုတွင်လည်း ကုမ္ပဏီ ၈၀ ခု၊ ရာခိုင်နှုန်းအားဖြင့် ၆၉ ရာခိုင်နှုန်းသည် ပျမ်းမျှရမှတ် ၇ ရာခိုင်နှုန်းအောက်သာ အမှတ်ရခဲ့သည်။ ထိုအမှတ်သည် ဆန်းစစ်မှုတွင် ပါဝင်ခဲ့သော ကုမ္ပဏီများအားလုံး၏ စုစုပေါင်း ပျမ်းမျှအမှတ်ပင် ဖြစ်သည်။

ယခင်ကလိုပင် ယခုစစ်တမ်းနှင့် ယင်းမှပေါ်ထွက်လာသည့် အဆင့်သတ်မှတ်ချက်တို့သည် ကုမ္ပဏီမှနေ၍ အများပြည်သူ အလွယ်တကူ သိရှိနိုင်အောင် ထုတ်ပြန်ပေးသော သတင်းအချက်အလက်များကိုသာအသုံးပြုပြီး ဆန်းစစ်သည်ဟူသော အချက်ရှိပါသည်။ လွတ်လပ်၍ အမှီအခိုကင်းသည့် ကျွမ်းကျင်စာရင်းစစ်ပညာရှင်၏ အာမခံချက်ပေးရန် လိုအပ်သော ကုမ္ပဏီ အရည်အသွေး (သို့မဟုတ်) ကုမ္ပဏီ၏ စွမ်းဆောင်ရည် (သို့မဟုတ်) အချက်အလက်များ၏ တိကျမှန်ကန်မှု စသည်တို့ကို မဆန်းစစ်ပါ။ သို့သော် MCRB/Yever တို့သည် ကုမ္ပဏီများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုမှ ကောက်ချက်ချနိုင်သည်မှာ သတင်းအချက်အလက်များကို ပို၍ပွင့်လင်းမြင်သာမှုရှိစွာ သရုပ်ဖော်ပြနိုင်သော ကုမ္ပဏီများသည် ပို၍ခိုင်မာအားကောင်းသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ဆောင်ရွက်မှုကို တည်ထောင်နေသောသူများ ဖြစ်သည်။

ဤအစီရင်ခံစာ၏ အပိုင်း(၂)တွင် သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှုနှင့် ပတ်သက်သော စည်းမျဉ်း၊ စည်းကမ်းပိုင်းဆိုင်ရာ မူဘောင်သာမက ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နေသော MCRB ၏ အလုပ်နှင့် ဆက်စပ်နေသည့် မြန်မာနိုင်ငံအတွင်း မကြာသေးမီက ဖြစ်ပေါ်လာခဲ့သည့် တိုးတက်ပြောင်းလဲမှုများကိုပါ အနှစ်ချုပ်တင်ပြထားပါသည်။ ထိုလုပ်ငန်းများစွာထဲတွင် ပွင့်သစ်စသည် MCRB ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်ပါသည်။ ဤနောက်ခံအကြောင်းအရာ အချက်အလက်များကိုတင်ပြထားသည်မှာ အသိအမြင်ပိုမို ပွင့်လင်းလာစေရန်နှင့် လိုက်နာမှုပါရှိစေရန် တိုက်တွန်းအားပေးလိုသော ရည်ရွယ်ချက်ဖြင့် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မကြာသေးမီက စတင် ထူထောင်ခဲ့သည့် မြန်မာဒါရိုက်တာများအင်စတီကျု Myanmar Institute of Directors (MIoD) ကဲ့သို့သော ကုမ္ပဏီ စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည် တည်ဆောက်ပေးသည့် လုပ်ဆောင်ချက်များကိုပါ ပံ့ပိုးပေးရန်လည်း ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) အပါအဝင် မြန်မာနိုင်ငံအစိုးရမှနေ၍ လုပ်ဆောင်ခဲ့သည့် လုပ်ဆောင်ချက်များနှင့် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းကြပ်မတ်ကွပ်ကဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ထိုပြုပြင်ပြောင်းလဲမှုများကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးနှင့် ကုမ္ပဏီများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို စည်းကမ်းသတ်မှတ် ထိန်းကျောင်းမှုများသာမက ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက် လက်ခံရရှိနိုင်မှုတို့ကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

အပိုင်း(၂)တွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကနဦးကြိုးပမ်းချက်များနှင့် ဆက်စပ်နေသည့် အရပ်ဖက်အဖွဲ့အစည်းများမှ လုပ်ဆောင်သည့် ဆောင်ရွက်ချက်များကိုပါ အနှစ်ချုပ် တင်ပြထားပါသည်။ ထို့အတူပင် တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)၊ ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (CoST)နှင့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (UN Global Compact - UNGC) စသည့် ကမ္ဘာ့အဆင့်လုပ်ဆောင်ချက်များတွင် မြန်မာနိုင်ငံ၏ ပါဝင်မှုများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင်တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation - IFC)၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Organisation for Economic Cooperation and Development - OECD)နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UN Office of Drugs and Crime - UNODC)ကဲ့သို့သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်ဆဲနှင့် နောင် နိုင်ငံတကာ ကူညီပံ့ပိုးမှုများမှ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများကို ကူညီပံ့ပိုးပေးရန်ကိုပါ မီးမောင်းထိုး ဆွေးနွေးတင်ပြထားပါသည်။

အပိုင်း(၃)ထဲတွင် ဥပမာ - ကမ္ဘာတွင် ဆွေးနွေးငြင်းခုံနေကြသည့် ပေါ်ထွန်းလာသော ပြဿနာများနှင့် ကနဦးဆောင်ရွက်ချက်များထဲမှ အချို့ဖြစ်သည့် ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲမှု၊ အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ ကျား/မ ရေးရာအပါအဝင် မတူကွဲပြားမှု၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၊ လူ့အခွင့်အရေးနှင့် ခေတ်သစ် ကျွန်စနစ်ကဲ့သို့သော အကြောင်းအရာများ ပါဝင် သည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုအား မီးမောင်းထိုးပြထားပါသည်။

နောက်ဆုံး အပိုင်း(၅)တွင် ကုမ္ပဏီ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်စေရန်အတွက် မြန်မာကုမ္ပဏီများ၊ အစိုးရနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လွှတ်တော်၊ အင်စတီကျူးရှင်းများတွင် ရင်းနှီးမြှုပ်နှံသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများအား အကြံပြုချက်များကို ဖော်ပြထားပါသည်။

## အခန်း(၁) - မိတ်ဆက်ခြင်း

မြန်မာကုမ္ပဏီများအတွက် ပြုလုပ်သည့် ပွင့်သစ်စ[1]ခေါ် Transparency in Myanmar Enterprises (TiME) အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှုကို အသိအမှတ်ပြုပေးခြင်းအားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အခြားသော သတင်းအချက်အလက်များ တရားဝင်ထုတ်ပြန်မှု ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ MCRB အနေဖြင့် ပထမဦးဆုံးသော အစီရင်ခံစာ[2]အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့ပြီး အခြားသောအစီရင်ခံစာများကိုလည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်များတွင် ထုတ်ဝေခဲ့ပါသည်။

ပွင့်သစ်စ အစီရင်ခံစာသည် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၆ အား အကောင်အထည်ဖော်နိုင်ရေးကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်-

- SDG ၁၆။ ။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အများပါဝင်သော အဖွဲ့အစည်းများကို ပံ့ပိုးပေးရန်၊ အများအတွက် တရားမျှတမှု ရရှိရေးကို ဆောင်ရွက်ပေးသည့်အပြင် ထိရောက်သော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ အားလုံးပါဝင်သော အဖွဲ့အစည်းများကို တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။[3]

အဓိကအနေဖြင့် ပွင့်သစ်စအစီရင်ခံစာသည် အောက်ပါတို့ကို ကူညီပံ့ပိုးသည် -

- SDG ၁၆.၅။ ။ ရေရှည်တည်တံ့သောနည်းဖြင့် ကဏ္ဍအသီးသီးရှိ လာဘ်စားမှုနှင့် လာဘ်ပေး လာဘ်ယူမှု အမျိုးမျိုးအဖုံဖုံကို လျော့ကျနိုင်ရေးနှင့်
- SDG ၁၆.၆။ ။ ထိရောက်သော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ အားလုံးပါဝင်သော အဖွဲ့အစည်းများကို အဆင့်တိုင်းတွင် ဖွဲ့စည်းတည်ဆောက်နိုင်ရေး။

### မြန်မာနိုင်ငံ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီပွင့်လင်းမြင်သာမှု ဆိုင်ရာ စီးပွားရေးကဏ္ဍ အကြောင်းအရာ

ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် တန်ဖိုးဖန်တီးမှုအတွက် အခြေခံဖြစ်သည်။ ဤအချက်ကို နားလည်ပြီး အခြေခံထား၍ဆောင်ရွက်နေသည့် မြန်မာကုမ္ပဏီများသည် လက်ရှိ ဈေးကွက်အခြေအနေ၌ အောင်မြင်မှုများရရှိကြသည်။ များပြားသော စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများဖယ်ရှားခြင်းနှင့် ၂၀၁၇ ခုနှစ် ကုမ္ပဏီများဥပဒေအောက်ရှိ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတွင်းတွင် ပုဂ္ဂလိကငွေကြေးရှယ်ယာ ပိုင်ဆိုင်မှုအပါ အဝင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကဲ့သို့သော ဘဏ္ဍာရေးဖွံ့ဖြိုးမှု အဖွဲ့အစည်းများကိုလည်း ခွင့်ပြုပေးခဲ့သည်။ ဤပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ ဆုံးရှုံးနိုင်ခြေအား လျော့ချနိုင်ရန်အတွက် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များအား ရှာဖွေလေ့လာကြသည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီကြီးများသည် ဤအချက်ကို သတိထားမိကြပြီး ယခုအစီရင်ခံစာ၏ အကောင်းဆုံး စွမ်းဆောင်နိုင်သော ကုမ္ပဏီ အခု(၂၀) သည် အဆိုပါအချက်များအားလိုက်နာပြီး ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။

ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုအတွက် စီးပွားရေးအရ အကျိုးရှိသော အကြောင်းရင်းလည်း ရှိပါသည်။ ဝန်ထမ်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ရန် ရွေးချယ်လိုက်ခြင်းသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် အရည်အချင်းပြည့်မီသည့် ဝန်ထမ်းခန့်အပ်ရရှိနိုင်ရေးနှင့် ဝန်ထမ်းရေရှည်တည်မြဲရေးအတွက် အထောက်အပံ့ပေးသည်။ အကြောင်းရင်းမှာ အရည်အချင်းပြည့်မီသည့် ဝန်ထမ်းရရှိရေးနှင့် အဆိုပါဝန်ထမ်းတည်မြဲရေးသည် မြန်မာကုမ္ပဏီအများအပြားမှ ရင်ဆိုင်နေရသော အခက်အခဲ တစ်ခုဖြစ်သည်။

ထို့အပြင် ဝက်(ဘ်)ဆိုက်နှင့် ဖေ့(စ်)ဘွတ် စာမျက်နှာများသည် ကုမ္ပဏီများအတွက် ၎င်းတို့ ဝန်ထမ်းများ၊ ဝယ်ယူစားသုံးသူများနှင့် ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ဖြန့်ဝေရန်နှင့် ပိုမိုဆွဲဆောင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သတင်းရင်းမြစ်များဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် မိမိတို့ကုမ္ပဏီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ နောက်ဆုံးထုတ်ပြန်ထားသည်တို့ကို ကုမ္ပဏီ ဝက်(ဘ်)ဆိုက်မှတစ်ဆင့် လွယ်ကူစွာသိရှိနိုင်ခြင်းအားဖြင့် လုပ်ငန်းခွင်တွင် အဆိုပါတာဝန်ယူမှုရှိသော အလေ့အကျင့်များကို လက်တွေ့တွင် ပိုမိုအသုံးချလာနိုင်ဖွယ်ရှိသည်။ ဝန်ထမ်းများသည် ပြင်ပအကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်တွေ့ဆုံသည့်အခါတွင်လည်း ကုမ္ပဏီအတွက် ပိုမိုကောင်းမွန်သော သံတမန် (ကိုယ်စားလှယ်)များ ဖြစ်လာနိုင်ပါသည်။ ကုမ္ပဏီအနေဖြင့် မှန်ကန်သည့် သတင်းအချက်အလက်များအား ၎င်း၏ ဝက်(ဘ်)ဆိုက်ပေါ်တွင် ရေးသားဖော်ပြခြင်းဖြင့် ဂျာနယ်လစ်များအနေဖြင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များအား လွယ်ကူစွာသိရှိနိုင်သဖြင့် ပိုမိုမှန်ကန်တိကျသော သတင်းဖော်ပြမှုများလည်း ရှိလာမည်ဖြစ်သည်။

ဤအကဲဖြတ်သုံးသပ်မှု၏ အကျိုးကျေးဇူးကို သိရှိနားလည်လာသဖြင့် အချို့သောကုမ္ပဏီငယ်များသည် စစ်တမ်းတွင် ပါဝင်ရန် အလိုလျောက်ကမ်းလှမ်းခဲ့ကြသည်။ Irrawaddy Green Towers သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကဲဖြတ်မှုတွင် ပါဝင်ရန်အတွက် ပထမဦးဆုံး ဆက်သွယ်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်ခဲ့ပြီး ယခု ၂၀၁၈ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင်လည်း ထပ်မံပါဝင်လာသည်။ [4]

### ပွင့်သစ်စအစီရင်ခံစာ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အထောက်အကူပြုခြင်းဆိုင်ရာ အခန်းကဏ္ဍ

ပွင့်သစ်စ အစီရင်ခံစာသည် MCRB ၏ ကျော်ကြားသော အစီရင်ခံစာများထဲမှ တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင်ထုတ်ဝေခဲ့သော အစီရင်ခံစာအား ဝက်(ဘ်)ဆိုက်မှ တစ်ဆင့် (၂၇၀၀) ကြိမ်တိုင်အောင် ဒေါင်းလုဒ်လုပ်ခဲ့ပြီး မြန်မာ၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ပေါင်း (၂၀၀၀) အား အကျိုးသက်ဆိုင်သူများ၊ မြန်မာပြည်သို့ လာရောက်လည်ပတ်သည့် အစိုးရအရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေခဲ့ပါသည်။ နိုင်ငံတကာ မီဒီယာများအပါအဝင် MCRB မှ သိရှိသလောက် မီဒီယာအခုပေါင်း(၄၀)မှ ဤအစီရင်ခံစာနှင့် ပတ်သက်၍ သတင်းဖော်ပြထားချက်များလည်းရှိသည်။[5] ဤအစီရင်ခံစာအား ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ရည်ညွှန်းချက်တစ်ခုအနေဖြင့် အသုံးပြုသကဲ့သို့ Myanmar Companies Year Book အတွက်လည်း အသုံးပြုခဲ့ပါသည်။[6] မြန်မာနိုင်ငံ၏ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သတင်းသမားများ၏ စိတ်ဝင်စားခြင်းကိုလည်း ခံရသည်။ မြန်မာ့အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် သတင်းသမားများအနေဖြင့် ကုမ္ပဏီများအား ကိုင်တွယ်ရာတွင် ၎င်းတို့ထုတ်ပြန်ထားသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ဆောင်ရန်အတွက် တွန်းအားပေးမှုများ ပြုလုပ်ရန်အတွက် MCRB မှ အားပေးထားသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများတွင် လူမှု ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများ တိုးတက်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA) ကဲ့သို့သော

1 ပွင့်သစ်စဆိုသည်မှာ "အဖူးအပွင့် အသစ်များ"ဟု အဓိပ္ပာယ်ရပြီး တစ်နည်းအားဖြင့် "အရည်အချင်းအသစ်များ"ဟု ဆိုလို သည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ပေါ်ထွက်လာသော ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်အား ထင်ဟပ်လာစေရန် ထိုသို့အမည်ပေးခဲ့ခြင်းဖြစ်သည်။

2 http://www.myanmar-responsiblebusiness.org/news/first-pwint-thit-sa-time-report.html

3 https://sustainabledevelopment.un.org/sdg16

4 http://www.myanmar-responsiblebusiness.org/news/irrawaddy-green-towers-mini-pwint-thit-sa.html

5 http://www.myanmar-responsiblebusiness.org/pwint-thit-sa/2016.html

6 Myanmar Companies Yearbook Vol 1, ၂၀၁၇ FWP သုတေသနစာတမ်း

အစီရင်ခံစာများတွင် ထုတ်ပြန်ကြေညာခဲ့သည့် သတင်းအချက်လက်များကို လက်တွေ့ အသုံးပြုရန်လည်း အားပေးထားသည်။

## ၂၀၁၈ ခုနှစ် အစီရင်ခံစာ

၂၀၁၇ ခုနှစ်တွင် MCRB အနေဖြင့် အစီရင်ခံစာထုတ်ဝေခြင်းကို ခေတ္တရပ်ဆိုင်းထားရန်နှင့် ၂၀၁၈ ခုနှစ်တွင် Yever နှင့် လက်တွဲ၍ ထပ်မံထုတ်ဝေရန်အတွက် ဆုံးဖြတ်ခဲ့သည် (ဇယား-၁ တွင်ကြည့်ပါ)။ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် ထုတ်ဝေသည့် အစီရင်ခံစာများတွင် MCRB အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုစသည်တို့ကို အဓိကထားသော နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့အစည်း(TI)၏ (TRAC) အစီရင်ခံခြင်းပေါ်မူတည်၍ ကုမ္ပဏီများ၏ ဝက်(ဘ်)ဆိုဒ်များအား စံသတ်မှတ်ဆောင်ရွက်ခဲ့သည်။[7] MCRB သည် နိုင်ငံတကာပွင့်လင်းမြင်သာမှု အဖွဲ့အစည်း(TRAC)၏ နည်းစနစ်အား ပြင်ဆင်မွမ်းမံ၍ အသုံးပြုခဲ့ပြီး အခွန်ပိုင်းဆိုင်ရာ မေးခွန်းများကိုလျှော့ချပြီး လူ့အခွင့်အရေးများနှင့် ဆက်စပ်သော စံမေးခွန်းများကို ဖြည့်သွင်းခဲ့သည်။

၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာသည်မြန်မာနိုင်ငံတွင် ပေါ်ထွက်လာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်နှင့် အညီ အထူးသဖြင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ရမှတ်မှတ်တမ်းနှင့်အညီ လုပ်ဆောင်ထားသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် အာဆီယံစီးပွားရေး အသိုက်အမြုံနှင့် မြန်မာ့စီးပွားရေး ပေါင်းစပ်ခြင်း၊ သင်တန်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စတင်ဆောင်ရွက်မှုများ အစရှိသည့် အရေးကြီးသောလုပ်ဆောင်မှုများကို ရောင်ပြန်ဟပ်စေသည်။ ထို့အပြင် စိစစ်အကဲဖြတ်သည့် ကုမ္ပဏီများစာရင်းတွင် First Myanmar Investment Co, Myanmar Thilawa SEZ Holdings Public Ltd, Myanmar Citizens Bank Ltd, First Private Bank Ltd, TMH Telecom Public Co Ltd ကဲ့သို့သော ရန်ကုန်စတော့အိတ်ချိန်း စာရင်းတွင် ပါဝင်သည့် အများပိုင်ကုမ္ပဏီ (၅)ခုအပြင် အခြားအများပိုင်ကုမ္ပဏီ(၅၀) (ဇယားကွက် ၆) နှင့် အရေးပါသည့် (သို့မဟုတ်) အခွန်အများဆုံးပေးဆောင်သည့် ကုမ္ပဏီကြီး (၁၀၀)ခု လည်း ပါဝင်လာသည်။

## ပွင့်သစ်စ အစီရင်ခံစာ လုပ်ထုံးလုပ်နည်း၏ ကန့်သတ်ချက်များ

ပွင့်သစ်စ အစီရင်ခံစာသည် ကုမ္ပဏီများအား အမှတ်ပေးရာတွင် လက်ရှိတွင် လုပ်ငန်းဆောင်ရွက်နေပုံ (သို့မဟုတ်) စီးပွားရေးဂုဏ်သိက္ခာနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ကုမ္ပဏီအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်ထားသည်ကို ကြည့်ရှုအမှတ်ပေးခြင်းမျိုးမဟုတ်ဘဲ အွန်လိုင်းတွင် အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ကြေညာထားသည့် မူဝါဒချမှတ်ချက်များနှင့် အချက်အလက်များပေါ် မူတည်၍ အမှတ်ပေးထားသည်။ ထို့ကြောင့် ပွင့်သစ်စ အစီရင်ခံစာသည် လုပ်ဆောင်ချက်များကို တိုင်းတာခြင်းမဟုတ်ဘဲ ထုတ်ပြန်ကြေညာမှုများပေါ်တွင်သာ အခြေခံ၍ အမှတ်ပေး လုပ်ဆောင်ထားခြင်းဖြစ်သည်။ သို့သော် ခေါင်းဆောင်မှုလက်အောက်တွင် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အခြေခံအုတ်မြစ်ဖြစ်သော ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်း၊ ဥပမာအားဖြင့် ထိရောက်သော ဘုတ်အဖွဲ့ဝင်ဖွဲ့စည်းမှုပုံစံများရှိခြင်း၊ ထုတ်ပြန်ကြေညာချက်များ ပြုလုပ်ခြင်း အစရှိသည့်လုပ်ဆောင်မှုများကို လိုက်နာကျင့်သုံးသည့် ကုမ္ပဏီများသည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် ပိုမိုကောင်းမွန်စွာ ကိုင်တွယ်လုပ်ဆောင်နိုင်ချေ များလေဖြစ်သည်။

7 Transparency in Corporate Reporting: Assessing Emerging Market Multinationals၊ နိုင်ငံတကာ ပွင့်လင်းမြင်သာမှု၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်။ ပွင့်သစ်စ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆အစီရင်ခံစာတို့၏ ရည်ရွယ်ချက်မှာ (၁) အဂတိလိုက်စားမှု ဆန့်ကျင်ခြင်းလုပ်ငန်းစဉ်များ၊ (၂) အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် (၃) လူ့အခွင့်အရေးများ၊ ကျန်းမာရေး၊ လူ့အခွင်အရေးများနှင့် နစ်နာမှု ကုစားရေးယန္တရားများအပါအဝင် ကျန်းမာရေး၊လုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်။



၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွင် ထွက်ရှိသော ပွင့်သစ်စအစီရင်ခံစာများနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုအစီရင်ခံစာတွင် အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းအား ပြောင်းလဲအသုံးပြုခြင်းကြောင့် ကုမ္ပဏီများ၏ လူ့အခွင့်အရေးအပါအဝင် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုပုံစံ (ESG) ဆိုင်ရာ အကြောင်းအရာများ လျော့နည်းသွားသည်။ သို့သော် ယခုအစီရင်ခံစာအတွက် စစ်တမ်းကောက်ယူရာ၌ Yever အနေဖြင့် ကုမ္ပဏီများ၏ မူဝါဒလက်ခံကျင့်သုံးခြင်းနည်းလမ်းများ၊ ESG နှင့်ဆိုင်ရာ ကိစ္စရပ်များကို မည်သို့မည်ပုံဖော်ပြထားသည် အစရှိသည့် အချက်များကို ခြုံငုံအမှတ်ပေးရာတွင် ထည့်သွင်းစဉ်းစားထားပြီး အဓိကအချက်များအနေဖြင့်လည်း ဤအစီရင်ခံစာ၏ အပိုင်း ၃ တွင် ဖော်ပြထားပါသည်။

### ဇယား (၁)

### MCRB နှင့် Yever ပူးပေါင်းလုပ်ကိုင်မှု

**Yever သည် မည်သူနည်း။**

၂၀၁၈ ခုနှစ်တွင် MCRB အနေဖြင့် မြန်မာပြည်အခြေစိုက် ဖြစ်သည့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးဆိုင်ရာ အကြံပေးကုမ္ပဏီသစ်ဖြစ်သော Yever နှင့် ပူးပေါင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ Yever ၏ ဒါရိုက်တာဖြစ်သော Nicolas Delange သည် MCRB ကဲ့သို့ပင် မြန်မာကုမ္ပဏီများအတွက် ရေရှည်တည်တံ့ခိုင်မြဲရေးညွှန်းကိန်း စံသတ်မှတ်ချက်များကို နှစ်အတန်ကြာ ပြုစုဆောင်ရွက်နေသူဖြစ်သည်။ Nicolas Delange သည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပုံစံ (SECM) ရမှတ်မှတ်တမ်းကို အစပျိုးလုပ်ဆောင်နိုင်ရန် IFC အား ထောက်ပံ့ ကူညီပေးလျက်ရှိသည်။

**သက်ဆိုင်ရာလုပ်ငန်းတာဝန်များ**

၂၀၁၈ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် စစ်ဆေးအကဲဖြတ်မည့်ကုမ္ပဏီများနှင့် စီမံချက်ကာလအတွင်း ဆက်သွယ်သတင်း ပေးပို့မှုများကို MCRB မှ ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီတစ်ခုချင်း၏ စစ်ဆေးအကဲဖြတ်ခြင်းများကို Yever မှ (အခမဲ့) လုပ်ဆောင်ပေးပြီး အကြမ်းဖျင်း ရမှတ်များပေါ်မူတည်၍ အကဲဖြတ်ဝေဖန်မှုများကို ပြုစုခဲ့ပါသည်။ ကုမ္ပဏီများသို့ ဤအကြမ်းဖျင်းရမှတ်များအား ပေးပို့ခဲ့သလို ကုမ္ပဏီများမှ မေးမြန်းမှုများ ရှိသည့်အခါတွင် MCRB နှင့် Yever မှ ရမှတ်များနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အကြံပေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

**အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များ ထုတ်ဖော်ကြေညာခြင်း**

Yever သည် ၂၀၁၈ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ(၃)ခု ဖြစ်သည့် City Mart Holdings Limited, Shwe Taung Group နှင့် Grand Gurdian Insurance (GGI)တို့အတွက် အကြံပေးအဖြစ် လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားမှုများမရှိစေရန်အတွက် အဆိုပါကုမ္ပဏီများ၏ နောက်ဆုံးရလဒ်များအား MCRB မှ ထပ်မံစစ်ဆေးခဲ့ပါသည်။ အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများအား တူညီသည့် သတင်းအချက်အလက်များကိုသာပေးခဲ့ပြီး ဆွေးနွေးတိုင်ပင်ရန်အတွက်လည်း တူညီသောကမ်းလှမ်းမှုများကို ပြုခဲ့ပါသည်။

**အပြောနှင့်အလုပ် ကိုက်ညီအောင် လုပ်ဆောင်ခြင်း**

MCRB နှင့် Yever သည် စစ်တမ်းပါ အခြားကုမ္ပဏီများကဲ့သို့ပင် ၎င်းတို့ဝက်ဆိုက်တွင် ဖော်ထုတ်ပြသထားသည့် သတင်းများအပေါ်အခြေခံ၍ ကိုယ်ပိုင်စိစစ်အကဲဖြတ်မှု ပြုလုပ်ခဲ့ပါသည်။ MCRB အတွက် ယေဘုယျရမှတ်မှာ (၂၇)%ဖြစ်ပြီး အဆင့်(၁၆)နေရာတွင်ရှိ၍ Yever အနေဖြင့် (၂၆)% ရရှိခဲ့ပြီး အဆင့် (၁၇)ခုမြောက်တွင် ရှိပါသည်။ စစ်တမ်းကောက်ယူသည့် မေးခွန်းများသည် အကြီးစားကုမ္ပဏီများအတွက် ရည်ရွယ်ထားသော်လည်း အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ASEAN CG Score-card) သည် အသေးစားကုမ္ပဏီများအတွက်ပါ အသုံးဝင်ကြောင်း တွေ့ရှိရပါသည် (MCRB တွင် ဝန်ထမ်း (၁၇)ဦးသာရှိပြီး Yever တွင် ဝန်ထမ်း(၄)ဦးသာ ရှိသည်)။

## ကုမ္ပဏီများ၏ အုပ်ချုပ်မှုနှင့် လုပ်ဆောင်ချက်များ တိုးတက်လာစေရန် ပံ့ပိုးခြင်း

မြန်မာကုမ္ပဏီအများအပြားသည် အုပ်ချုပ်မှုဆိုင်ရာစွမ်းရည်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ဆောင်ချက်များတွင် အားနည်းချို့ယွင်းချက်များရှိသည်။ အစုရှယ်ယာရင်းနှီးမြှုပ်နှံသူတစ်ဦးမှ MCRB သို့ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ကုမ္ပဏီများအားရှာဖွေရာတွင် တွေ့ကြုံရသည့် အခက်အခဲတစ်ခုမှာ စီမံအုပ်ချုပ်မှုပိုင်းတွင် အကန့်အသတ်ရှိနေသည်ကို တွေ့ရသည်။ ကုမ္ပဏီတစ်ခု၏ အုပ်ချုပ်မှုပိုင်းတွင် စီမံအုပ်ချုပ်သူ ပညာရှင်(၁)ယောက် (၂)ယောက်သာ ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အဆိုပါကုမ္ပဏီအား စီးပွားရေးဆိုင်ရာတန်ဖိုးများကို လျော့နည်းစွာသတ်မှတ်ပြီး ရေရှည်နည်းဗျူဟာများ ချမှတ်နိုင်ပါမည်လောဟု သံသယများ ရှိလာသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ငွေထုတ်ချေးသူများအနေဖြင့် ကျယ်ပြန့်အားကောင်းသောဘုတ်အဖွဲ့၏ အုပ်ချုပ်မှုရှိခြင်းအပြင်၊ ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် မှတ်တမ်းများရှိသော ကုမ္ပဏီများကို တန်ဖိုးမြှင့်သတ်မှတ်လေ့ရှိသည်"။[8]

အထက်ဖော်ပြပါ အကြောင်းအရာများကို သိရှိနားလည်လာသည့် မြန်မာကုမ္ပဏီအများစုသည် လူ့အခွင့်အရေး လေးစားလိုက်နာခြင်းနှင့် စီးပွားရေးကျင့်ဝတ် ဖြောင့်မတ်တည်ကြည်မှုကို ဦးစားပေးထားသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များအား စတင်လုပ်ကိုင်လာကြသည်။ ကုမ္ပဏီများအနေဖြင့် အဆိုပါလုပ်ငန်းစဉ်များနှင့် နိုင်ငံတကာရှိ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်များအား စတင်ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ပြည်ပအကြံပေးများနှင့် နိုင်ငံတကာအတွေ့အကြုံရှိ နိုင်ငံခြားပြန် ပြည်တွင်းအကြံပေးများကို ခေါ်ယူခန့်အပ်ခြင်းများလည်း ရှိလာသည်။ ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများတွင် လိုအပ်သည့် အရင်းအမြစ်များကို ထည့်သွင်းလုပ်ဆောင်သူများသည် ယခု ပွင့်သစ်စအစီရင်ခံစာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်သူများ ဖြစ်နေသည်။

MCRB ၏ အဓိကကျသော လုပ်ငန်းတစ်ရပ်မှာ မြန်မာကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုများ (အထူးသဖြင့် လူ့အခွင့်အရေးနှင့် စီးပွားရေးဂုဏ်သိက္ခာ) တိုးတက်လာစေရန်အတွက် အထောက်အကူပြုပေးနိုင်ရန်ဖြစ်သည်။[9] MCRB သည် ၂၀၁၄ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာအား စတင်ဖြန့်ဝေသည့်နှစ်မှစ၍ ကုမ္ပဏီများအတွက် အသိပညာပေးအလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ဆွေးနွေးတင်ပြမှုများအား MCRB ၏ ဝက်ဆိုဒ်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။[10] MCRB သည် ဗြိတိန်အစိုးရ၏ အကူအညီဖြင့် Coffey အကြံပေး ကုမ္ပဏီမှ ထုတ်ဝေသော မြန်မာကုမ္ပဏီများအတွက် စီးပွားရေးဂုဏ်သိက္ခာဆိုင်ရာ လမ်းညွှန်အား ဘာသာစကားနှစ်မျိုးဖြင့် ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သည်။[11] MCRB သည် Transparency International ၏ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် စီးပွားရေးလုပ်ငန်းအခြေခံမူများ (အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ)ကို မြန်မာဘာသာပြန်ဆိုထားရေးအတွက်လည်း ဆောင်ရွက်ခဲ့သည်။[12]

8 MCRB နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအရ ဆက်သွယ်ပြောဆိုခြင်း၊ ၂၀၁၈ ခုနှစ် မတ်လ။

9 ကုမ္ပဏီများအတွက် အကျိုးတူပူးပေါင်း စွမ်းရည်မြှင့်တင်ပေးခြင်းသည် MCRB ၏ အလှူရှင်များမှ ငွေကြေးထောက်ပံ့ပေးထားသည့် အစီအစဉ်တစ်ခု ဖြစ်သည်။ သို့သော် MCRB သည် ငွေကြေးဝန်ဆောင်ခများရယူ၍ အကြံပေးဆောင်ရွက်ပေးခြင်းမျိုး မရှိပါ။ အဆိုပါ ငွေကြေးပေးဆောင်၍ အကြံဉာဏ်ဖလှယ်ခြင်း ဝန်ဆောင်မှုမျိုးသည် မြန်မာနိုင်ငံဈေးကွက်တွင် ရှိပြီးသားဖြစ်သည်။

10 အဂတိလိုက်စားမှုဆန့်ကျင်ရေး/ စီးပွားရေးကျင့်ဝတ်ဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလနှင့် March 2016 တို့တွင် ကျင်းပခဲ့ပြီး August 2017 တွင် UNODC နှင့် ကျင်းပခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍လည်း အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် September 2016 တွင် ကျင်းပခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံခြင်း human rights reporting (November 2014) နှင့် နစ်နာမှုကုစားရေးယန္တရား grievance mechanisms (June 2015) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများလည်း ကျင်းပခဲ့သည်။

11 Good Governance Toolkit for Myanmar Businesses: A handbook for resisting corruption and working with integrity' ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ။ ဗြိတိသျှအစိုးရ၏ Prosperity Fund မှ ငွေကြေးနှင့်အထောက်အပံ့များဖြင့် Coffey အကြံပေးကုမ္ပဏီမှ ထုတ်ဝေသည်။

12 Transparency International's 'Business Principles for resisting corruption and working with integrity' (SMEs edition) (Burmese translation)



မြန်မာဒါရိုက်တာများ အင်စတီကျု စတင်ပေါ်ပေါက်လာခြင်းအပြင် အခြားဆက်စပ်ဒါရိုက်တာသင်တန်းများပေါ်ပေါက်လာခြင်းသည် မြန်မာပြည်ရှိ အဆင့်မြင့်အရာရှိဖြစ်သော ဦးဆောင်သူများအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု(CG)ပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ သိသာစွာများပြားလာခြင်းဖြစ်သည်။

ကော်ပိုရိတ်စီမံခန့်ခွဲမှုအဆင့်မြင့်မားစေရန် ကုမ္ပဏီများကို ကူညီပံ့ပိုးပေးသော ကျွမ်းကျင်ပညာရှင်များ၊ အထူးသဖြင့် စာရင်းစစ်များ၏အရေးပါပုံကို အသိအမှတ်ပြုရန် အလွန်အရေးကြီးသည်။ ဒါရိုက်တာအဖွဲ့အတွက် မိမိတို့၏လုပ်ငန်းတာဝန်များအား အလေးထားလုပ်ဆောင်နိုင်ရန်အတွက် ယုံကြည်ရသောစာရင်းစစ်များ ရှိခြင်းသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်သည်။ စာရင်းစစ်များမှ တည်းဖြတ်ထားသည့် အစီရင်ခံစာများသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် အရေးပါသည်။ သင့်လျော်သောစံနှုန်းများနှင့် ကိုက်ညီအောင် ကျွမ်းကျင်ပညာရှင်များက တည်းဖြတ်ထားသည့် စာရင်းများသည် မြန်မာကုမ္ပဏီများမှ စာရင်းစစ်များအား လက်ရှိတွင်ပေးဆောင်နေသော အခကြေးငွေ (နှစ်စဉ်စာရင်းချုပ်တွင် ဖော်ပြထားသော စာရင်းစစ်ပညာရှင်များအား ပေးဆောင်နေသည့် အခကြေးငွေ)နှင့် နှိုင်းယှဉ်ကြည့်ပါက ပိုမိုငွေကြေးကုန်ကျမည်ဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့နှင့်အတူ ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းစိစစ် အကဲဖြတ်ထားသော ၂၀၁၇ ခုနှစ်တွင် ထွက်ရှိလာသည့် Report on Observance of Standards and Codes (ROSC) အစီရင်ခံစာတွင် စာရင်းစစ်များ၏ အရည်အသွေး၊ စာရင်းစစ်ပညာရှင်များ၏ လွတ်လပ်မှုနှင့် အခကြေးငွေနိမ့်ကျမှု အစရှိသည့် ပြဿနာများကြောင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ဂယက်ရိုက်ခတ်မှုရှိနိုင်ကြောင်းကို ဖော်ပြထားပြီး အကြံပြုချက်များလည်း ထည့်သွင်းဖော်ပြထားသည်။[13]

13 Report on Observance of Standards and Codes (ROSC): Accounting and Auditing Module: Myanmar, Korean Ministry of Strategy & Finance ၏လက်အောက်ရှိ Korean Trust Fund ၏ ငွေကြေးအထောက်အပံ့ဖြင့် ကမ္ဘာ့ဘဏ်သည် ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် ဤစာတမ်းကို ထုတ်ဝေခဲ့သည်။

## အခန်း (၂) ၂၀၁၆ ပွင့်သစ်စ အစီရင်ခံစာမှစ၍ တိုးတက်ပြောင်းလဲလာမှုများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် စီးပွားရေးဆိုင်ရာ တည်ကြည်ဖြောင့်မတ်မှုရှိခြင်းစသည့် အခြေအနေအရပ်ရပ်သည် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတဟောင်းဦးသိန်းစိန် လက်အောက် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့်အချိန်မှစ၍ ယေဘုယျအားဖြင့် တိုးတက်လာပြီဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၂၀၁၆ ခုနှစ်၊ မတ်လတွင် အာဏာရရှိလာသော အမျိုးသားဒီမိုကရေစီအစိုးရသည် ယခင် အစိုးရလက်ထက်တွင် အစပျိုးခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါပြောင်းလဲမှုများတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်နှင့်  ကုမ္ပဏီများ ဥပဒေအသစ်တို့ ပါဝင်ပါသည်။ လက်ရှိအစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးသည် အရေးကြီးသည်ဟူသော အစိုးရခံယူချက်ကိုလည်း ဖော်ပြထားပြီးဖြစ်သည်။

## ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှု စည်းမျဥ်းစည်းကမ်းများဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အကောင်အထည်ဖော်ရေးအစီအစဥ်မူကြမ်း[14] ၏ လုပ်ဆောင်ချက်တစ်ခုမှာ "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ စည်းမျဥ်းစည်းကမ်းများအား တိုးတက်စေရန်နှင့် ၎င်းတို့အား လက်တွေ့လုပ်ဆောင်ရန် ပြဌာန်းခြင်းဖြစ်သည်"(အချက် အလက် ၃.၃.၄)။ မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများအတွက် လိုအပ်သော စည်းမျဥ်းစည်းကမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)မှ  ဦးဆောင်၍ လုပ်ဆောင်မှုများ ရှိလာပြီဖြစ်သည်။[15]

## ၂၀၁၇ မြန်မာကုမ္ပဏီများဥပဒေ

ကုမ္ပဏီများဥပဒေသစ်တစ်ခုကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (MCL)[16] တွင် အတည်ပြုခဲ့ပြီး ၁၉၁၄ ကုမ္ပဏီများ အက်ဥပဒေကို[17] အစားထိုးရန်အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်ပြဌာန်းတော့မည်ဖြစ်သည်။ ယခုဥပဒေသစ်တွင် သိသာသောပြောင်းလဲမှုတစ်ခုမှာ 'မြန်မာကုမ္ပဏီ' တစ်ခုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှယ်ယာ ၃၅% အထိ ထားရှိနိုင်ပြီဖြစ်သည်။

ကုမ္ပဏီများဥပဒေသစ်တွင် ကုမ္ပဏီသည် နည်းလမ်းတကျ ကောင်းမွန်စွာ လည်ပတ်နေစေရန်နှင့် ရှယ်ယာပိုင်ရှင်များ၏ အကျိုးစီးပွားအတွက် ရာနှုန်းပြည့်စီမံခန့်ခွဲထားကြောင်း သေချာစေနိုင်ရေးအတွက် "ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများ" ပြည့်ဝစွာပါဝင်ပါသည်။  ကော်ပိုရိတ်လုပ်ငန်းစဥ်များ  အားပေးလုပ်ဆောင်စေခြင်းနှင့်  ရှယ်ယာပိုင်ရှင်များ၏  အကျိုးစီးပွားမထိခိုက်အောင် ကာကွယ်ပေးနိုင်ရန် သေချာစွာထည့်သွင်းစဥ်းစားထားသည့် စီးပွားရေးစွန့်စားမှုများကြား ချိန်ညှိထားသည်။ ဒါရိုက်တာများ၏ အမျိုးမျိုးသော တာဝန်ဝတ္တရားများကို ဥပဒေအခန်း (၁၆၅) မှ (၁၇၂) အထိ ပထမအကြိမ်အဖြစ် ပြဌာန်းထားပြီး အဆင့်အတန်းမြင့်မားသော ကော်ပိုရိတ်လုပ်ဆောင်မှုများအတွက် အောက်ပါအချက်များကို ထည့်သွင်းထားသည်။

- ဂရုတစိုက်နှင့် မှန်ကန်တည်ကြည်စွာ ဆောင်ရွက်ရန်။
- ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်။
- ရာထူးပေါ်အခြေခံသော အလွဲသုံးစားမှုများ မရှိစေရန်၊
- သတင်းအချက်အလက်အသုံးပြုမှု ထိန်းသိမ်းကွပ်ကဲရန်။
- ကုမ္ပဏီများဥပဒေအသစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာဆောင်ရွက်ရန်။

14 MCRB ရုံးတွင် အဆိုပါစာတမ်းအား သိမ်းဆည်းထားသည်။

15 IFC နှင့် YSX/SECM မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်တွင်ကျင်းပသော "ပွင့်လင်းမြင်သာမှု မြှင့်တင်ရေး-ပွင့်လင်းမြင်သာမှုရှိသည့် အစီရင်ခံခြင်းနှင့် အွန်လိုင်းထုတ်ဖော်ပြသမှုဆိုင်ရာ ခေတ်ပေါ်ဖြစ်စဥ်များနှင့် စီးပွားရေးအ ကြောင်းတရားများ"နှင့် ပတ်သက်သည့် ပွဲအစီအစဥ်တွင် MCRB ၏ ဒါရိုက်တာ ဗစ်ကီဘိုမန်မှ တင်ပြဆွေးနွေးသွားခြင်း။

16 ၂၀၁၇ မြန်မာကုမ္ပဏီများ ဥပဒေ  EN  နှင့်  MM.

17 Myanmar Companies Act Approved  မြန်မာတိုင်း(မ်)၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ရက်။



- အထိန်းအကွပ်မဲ့ ကုန်သွယ်မှုအား ရှောင်ကြဥ်ရန်။
- ကုမ္ပဏီ၏ တာဝန်များနှင့် ဆက်စပ်လုပ်ဆောင်ရန်။
- အချို့သော အကျိုးအမြတ်များအား ထုတ်ဖော်ကြေညာရန်။

အချို့သော အခြေအနေများတွင် ဒါရိုက်တာများသည် ၎င်းတို့၏ တာဝန်များကို ပျက်ကွက်ခြင်း ရှိပါက စည်းမျဥ်းစည်းကမ်းများအရ ကိုယ်တိုင်ပြစ်ဒဏ်များ ရင်ဆိုင်ရမည်ဖြစ်သည်။[18] ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက ကြီးလေးသောအပြစ်ဒဏ်များကို DICA မှ (ကုမ္ပဏီပေါ်တွင်၊ ဒါရိုက်တာတစ်ဦးချင်း ပါဝင်သက်ဆိုင်သော အရာရှိတစ်ဦးချင်းအား) ပြစ်ဒဏ်ဆိုင်ရာ အသိပေးအကြောင်းကြားမှုများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်သွားမည်ဖြစ်သည် (S. 439 CL)။ DICA မှလည်း တရားဥပဒေအရ အရေးယူရန် ဆောင်ရွက်သွားမည်ဖြစ်သည် (S.440)။

## ၂၀၁၆ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို အစားထိုးသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ခု(MIL)[19] ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလိုက်နာကျင့်သုံးရန်အတွက် တူညီသောဥပဒေတစ်ခု ဖြစ်သွားသည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုစည်းမျဥ်းများ (MIR)အား လက်ခံကျင့်သုံးလာကြသည်။ [20]

ဥပဒေအသစ်နှင့် စည်းမျဥ်းစည်းကမ်းသစ်များတွင် ယခင် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်နှိုင်းယှဥ်လျှင် အချို့သောပြောင်းလဲမှုများကို ထည့်သွင်းမိတ်ဆက်ထားသည်။ အဆိုပါပြောင်းလဲမှုများမှာ အောက်ပါအတိုင်း ဖြစ်သည် -

- ခွင့်ပြုချက်အမျိုးအစားသစ်များအား ထည့်သွင်းမိတ်ဆက်ထားသည်။ တစ်ခုမှာ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ အပြည့်အဝခွင့်ပြုချက်၊ အခြားတစ်ခုမှာ မြေနေရာအသုံးပြုနိုင်ရန်အတွက် အတည်ပြုချက် (သို့မဟုတ်) ထောက်ခံချက်တို့ဖြစ်သည်။ ဤဒုတိယလုပ်ငန်းစဥ်သည် နဂိုအခြေအနေနှင့်နှိုင်းယှဥ်လျှင် ပိုမိုမြန်ဆန်သင့်သည်။ မဟာဗျူဟာကျသော၊ ကြီးမားသော၊ သဘာဝပတ်ဝန်းကျင် (သို့မဟုတ်) လူမှုဝန်းကျင်အား သက်ရောက်မှုရှိသော စီမံကိန်းများအတွက်  မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ  ခွင့်ပြုချက်အပြည့်အစုံရရှိရန်  လိုအပ်သည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အပိုဒ် ၃၆၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုစည်းမျဥ်းများ (၃-၁၁) တွင် ထပ်မံဖော်ပြထားသည်)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံသူတိုင်းအတွက် သက်ရောက်မှုရှိသည်။ ယခင် ၂၀၁၂ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကိုင်ဆောင်ထားသော  နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်သာ  သက်ဆိုင်သည်။  ယခု  မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများအားလုံးသည် ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူအဖြစ် အကျုံးဝင်သည်။

ဤဥပဒေအား လက်ခံကျင့်သုံးပြီးနောက် အစိုးရသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒတစ်ခု[21] ကိုလည်း ၂၀၁၆ ဒီဇင်ဘာတွင်  လက်ခံကျင့်သုံးခဲ့သည်။  ထို့ကြောင့်  မြန်မာနိုင်ငံသည်  "တာဝန်ယူမှုရှိပြီး  နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု"ကို ကြိုဆိုသည်ဟူသောအချက်ကို ထင်ရှားစေ

18 BLP's Guide to Myanmar Company Law, ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ။

19 VDB, Client Briefing Note: What Changes in Practice under the New Investment Law?, ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်။

20 Myanmar Investment Rules ၊ MIC ၏ အမိန့်ကြေညာစာအမှတ် ၃၅/၂၀၁၇၊ ၂၀၁၇ ခုနှစ် မတ်လ၊ ၃၁ ရက်။

21 Myanmar Investment Policy ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ။

ပြီး လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ပွင့်လင်းမြင်သာသော၊ ရှင်းလင်းသော၊ မြန်ဆန်ထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည်ဟု ကတိပေးရာရောက်သည်။

ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အချက်(၅)တွင် "ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးပြီး သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ အကြောင်းအရာများကို ခွဲခြားဆက်ဆံခြင်းလုံးဝမရှိသော တန်းတူညီတူနည်းဖြင့် ဖြေရှင်းလုပ်ကိုင်ရမည်" ဟု ဖော်ပြထားသည်။

## ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှုများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မြှင့်တင်ရန် အဖွဲ့အစည်းအမျိုးမျိုးမှ သက်ဆိုင်ရာလှုပ်ရှားမှုများ[22] အပြင် IFC နှင့် OECD အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် မြန်မာအာဏာပိုင်များအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား အထောက်အပံ့ပေးသောလုပ်ငန်းစဉ်များအား လုပ်ဆောင်ပေးခဲ့သည်။ ကမ္ဘာ့ဘဏ်သည်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ ဥပဒေအောက်တွင် သက်ဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိသည်။

## IFC ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှု

ကမ္ဘာ့ဘဏ်အဖွဲ့၏ အသင်းဝင်ဖြစ်သော IFC သည် မြန်မာ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှု(MCGI) ကို ၂၀၁၆ ခုနှစ်မှစ၍ ဩစတေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန (DFAT) နှင့် UK နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) စသည့် အဖွဲ့အစည်းများနှင့် လက်တွဲ၍ အကောင်အထည်ဖော်ခဲ့သည်။ MCGIသည် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး အဆင့်အတန်းနှင့် လုပ်ငန်းကျင့်စဉ်များ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး အောက်ပါအချက်များကို အထူးပြုထားပါသည်-

- ဆွေးနွေးဟောပြောပွဲများကျင်းပခြင်း၊ အကောင်းဆုံးလုပ်ငန်းကျင့်စဉ်များ ဖြန့်ချိပေးခြင်း၊ စီးပွားရေးဂျာနယ်လစ်များအား သင်တန်းပေးခြင်းများ အစရှိသည်တို့ကို ပြုလုပ်ပေးခြင်းအားဖြင့် အများပြည်သူ နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးခြင်း။
- ပြည်တွင်းသင်တန်းပေးသူများအား ပြန်လည်သင်တန်းပို့ချပေးခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်း ကျင့်စဉ်များအတွက် လိုအပ်သော အကြောင်းအရာများနှင့် သင်တန်းပို့ချချက်များ မျှဝေပေးခြင်းများဖြင့် ပြည်တွင်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းပေးနိုင်စွမ်းနှင့် အကြံပေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်မှုကို အရည်အသွေးမြှင့်တင်ပျိုးထောင်ပေးခြင်း။
- ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့်ဆက်စပ်သော စည်းမျဉ်းစည်းကမ်းများ အဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက်စည်းမျဉ်းစည်းကမ်းဆိုင်ရာအဖွဲ့အစည်းများ၊အစိုးရအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်း။ ထိုနည်းအားဖြင့် ယေဘုယျစီးပွားရေး အခြေအနေအား ပိုမိုအားကောင်း ခိုင်မာလာစေခြင်း။
- ကုမ္ပဏီများအား ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းကျင့်စဉ်များ မြှင့်တင်နိုင်ရန် တိုက်ရိုက်ထောက်ပံ့ပေးခြင်း။

22 ဥပမာတစ်ခုမှာ DICA နှင့် US ကုန်သည်ကြီးများအသင်းမှ ကျင်းပသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၊ ၅ရက်။



IFC သည် MCGI အတွက် UMFCCI နှင့်ပူးပေါင်း၍ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ၊ အကြီးတန်းအမှုဆောင်များ၊ အဓိကရှယ်ယာရှင်များအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ဆောင်ရေးစီမံချက် (Corporate Governance Action Planning)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် သီးခြားသင်တန်းများနှင့် မိသားစုပိုင်စီးပွားရေးစီမံအုပ်ချုပ်မှု အလုပ်ရုံဆွေးနွေးပွဲတို့ကို ၂ ရက်တာကြာမြင့်အောင် ကျင်းပခဲ့သည်။ UK-Myanmar Financial Services Taskforce နှင့် Thai Institute of Directors တို့နှင့်လက်တွဲ၍လည်း မြန်မာဒါရိုက်တာများ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် IFC မှ မိသားစုစီးပွားရေးလုပ်ငန်းစီမံအုပ်ချုပ်မှု လက်စွဲစာအုပ်၏ မြန်မာဘာသာပြန်ကို ထုတ်ဝေခဲ့ပြီး အဆိုပါလက်စွဲစာအုပ်တွင် မိသားစုစီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်မှုအတွက် အဓိကလိုအပ်သည့် အကြောင်းအရာများကို လက်တွေ့ကျကျ တိကျရှင်းလင်းစွာဖြင့်ဖော်ပြထားပြီး မိသားစုစီးပွားရေးစီမံအုပ်ချုပ်မှုတွင် အများစုကြုံတွေ့ရသော အခက်အခဲများအား မည်သို့ဖြေရှင်းရမည်ကိုလည်း အကြံပေးထားသည်။[23]

IFC MCGI အစီအစဉ်၏ အရေးကြီးသော အပိုင်းတစ်ခုမှာ ဒါရိုက်တာအဖြစ် အသိအမှတ်ပြုပေးခြင်း အစီအစဉ်များမှတစ်ဆင့် အထူးကျွမ်းကျင်သော မြန်မာသင်တန်းပို့ချသူများကို စုစည်းနိုင်ရေးနှင့် သင်တန်းပို့ချသူများအား ပြန်လည်သင်ကြားခြင်းတို့ ဖြစ်သည်။ ထိုအထူးကျွမ်းကျင်သူများအဖွဲ့တွင် အဆင့်မြင့်တတ်ကျွမ်းပညာရှင်(၁၅)ဦး ပါဝင်ပြီး ဤပညာရှင်များသည် မြန်မာဒါရိုက်တာအင်စတီကျူတွင် သင်တန်းပို့ချပေးရေးအတွက် အဓိကအရေးပါသူများဖြစ်ပြီး မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အတွက် လှုပ်ရှားပေးသူများ ဖြစ်သည်။

IFC MCGI သည် ရန်ကုန်စတော့အိတ်ချိန်းနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့မှ ပူးတွဲ၍ဆောင်ရွက်သည့် "နှိုးဆော်ခေါင်းလောင်းတီးခြင်း"ပွဲများ[24] မှတစ်ဆင့် ခေါင်းဆောင်မှုဘုတ်အဖွဲ့နှင့် ကော်ပိုရိတ်စီမံမှုပိုင်းတွင် ကျား၊ မ တန်းတူညီမျှရေးကို အရေးပေးလှုပ်ရှားနေပြီး အမျိုးသမီးကော်ပိုရိတ်ခေါင်းဆောင်များအတွက် "Igniting Change" အစီအစဉ်များ[25] အားလည်း ဆောင်ရွက်ခဲ့သည်။ အခြား IFC MCGI ၏ လှုပ်ရှားမှုများမှာ ဆွေးနွေးဟောပြောပွဲများဖြစ်ပြီး ဥပမာအားဖြင့် MCRB နှင့်ပူးတွဲ၍ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ကြေညာမှုဆိုင်ရာ ဆွေးနွေးဟောပြောပွဲ[26] ပြုလုပ်ခဲ့သည်။ မြန်မာဂျာနယ်လစ်များလည်း ဘန်ကောက်၌ ကျင်းပသော ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ အစီရင်ခံရာတွင် အသုံးပြုသော IFC မီဒီယာ လမ်းညွှန်ပေါ်တွင်အခြေခံသည့် ဒေသဆိုင်ရာကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းပို့ချမှုကို တက်ရောက်ခဲ့ကြသည်။[27]

၂၀၁၇ မတ်လတွင် ချုပ်ဆိုထားသော သဘောတူညီမှုစာချုပ်အရ IFC သည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)၏ အရည်အသွေးမြှင့်တင်ရေး

23 အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသည် မိသားစုပိုင် စီးပွားရေးလုပ်ငန်းများအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မြှင့်တင်ရန်နှင့် ပိုမိုများပြားသည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ကူညီပေးသည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်။ ထို့အတူ တတိယအကြိမ်မြောက် IFC မှ ထုတ်ဝေသော မိသားစုစီးပွားရေး စီမံအုပ်ချုပ်မှု လက်စွဲစာအုပ် ၂၀၁၆ အား English (သို့မဟုတ်) Burmese ဖြင့် လေ့လာနိုင်သည်။

24 IFC, SECM and Myanmar Stock Exchange Ring the Bell for gender equality, IFC, ၂၀၁၈ ခုနှစ်၊ မတ်လ၊ ၉ရက်။

25 Igniting Change: Women on Boards training၊ ကနေဒါအစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ကျင်းပသည်။

26 There is a growing regulatory trend in Myanmar towards greater corporate disclosure, MCRB, ၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ၂၂ ရက်။

27 Who's running the company? A guide to reporting on corporate governance', IFC နှင့် International Center for Journalists တို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည်။

အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနယ်ပယ်ကို ကြီးကြပ်ခြင်းနှင့် စံသတ်မှတ်ချက်များကို ဆောင်ရွက်နေသည်။ အဓိကဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းကိုအခြေခံ၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို ပြုစုခြင်း။
- SECM ၊ DICA နှင့် YSX မှ အဓိကကျသော ဝန်ထမ်းများအား သင်တန်းပို့ချခြင်း။
- အများပိုင်ကုမ္ပဏီများနှင့် ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများအား ရမှတ် မှတ်တမ်းကို အသုံးပြု၍ အကဲဖြတ်ဆန်းစစ်ခြင်း။

ဤစံနှုန်းသတ်မှတ်ခြင်းတွင် ကနဦးအဆင့်တွင် အများပိုင် မြန်မာကုမ္ပဏီပေါင်းအခု (၃၀) အပြင် အချို့ပုဂ္ဂလိက ကုမ္ပဏီကြီးများလည်း ပါဝင်သည်။ ပွင့်သစ်စကဲ့သို့ပင် ဤစံနှုန်းသတ်မှတ်ခြင်းသည် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းအား အခြေခံထားသော်လည်း တိုင်းတာချက် (၁၄၄) ခု အသုံးပြုထားသည်။ စိစစ်အကဲဖြတ်သည့် နည်းလမ်းသည်လည်း ကွဲပြားမှုရှိသည်။ အများပြည်သူလေ့လာနိုင်သော သတင်းအချက်အလက်များအပြင် ကုမ္ပဏီများမှ ၄င်းတို့ကိုယ်တိုင် အကဲဖြတ်ဆန်းစစ်မှုပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM) မှတာဝန်ရှိသူက အတည်ပြု စိစစ်ပေးမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် SECM နှင့် IFC တို့သည် ရွေးချယ်ထားသော ကုမ္ပဏီများအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အရေးပါပုံနှင့် အထိရောက်ဆုံး လုပ်ငန်းကျင့်စဉ်များကို ပို့ချပေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်မှုကို မိတ်ဆက်ခြင်းစသည့် အစီအစဉ်များပါဝင်သည့် ၂ ရက်တာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။[28]

## မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD)

မြန်မာဒါရိုက်တာများအင်စတီကျု (MIoD)ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို အားပေးထောက်ပံ့လျက်ရှိသည် (ကြားဖြတ်ဘုတ်အဖွဲ့ဝင်များကို ဇယား ၂ တွင် လေ့လာနိုင်သည်)။

မြန်မာဒါရိုက်တာများ အင်စတီကျုသည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့် အကောင်းဆုံးလုပ်ငန်းဆောင်ရွက်ပုံများအား အများသိအောင် လုပ်ဆောင်ပေးသော လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာဒါရိုက်တာများအင်စတီကျုသည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၊ ဩစတြေးလျအစိုးရနှင့် ဗြိတိန်အစိုးရတို့၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားသည်။ U.K.-Myanmar Financial Services Taskforce နှင့် Myanmar Corporate Governance Initiative (MCGI)တို့မှ ရှေ့ပြေးဆောင်ရွက်ထားပြီးဖြစ်သော လုပ်ငန်းဆောင်တာများအား ထပ်မံဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူပိုင်ကုမ္ပဏီများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍနှစ်ခုလုံးမှ ကိုယ်စားပြုဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ကြီးက မြန်မာဒါရိုက်တာများ အင်စတီကျုကို စီမံအုပ်ချုပ်ပြီး မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအခန်းကဏ္ဍရှိ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုအဆင့်မြင့်မားစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် စီးပွားရေးကျင့်ဝတ်များ လိုက်နာကျင့်သုံးခြင်း ပိုမိုကောင်းမွန်စေရန်၊ ကော်ပိုရိတ်ခေါင်းဆောင်များနှင့် အကျိုးစီးပွားသက်ဆိုင်သူ များကြားတွင် ကွန်ယက်များဖန်တီးရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍပေါ် ယုံကြည်မှုမြင့်မားစေရန် ရည်ရွယ်ပါသည်။

28 ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းကို အခြေခံထားသည့်)ကို မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည်။



မြန်မာဒါရိုက်တာများအင်စတီကျုမှ ဘုတ်အဖွဲ့နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းများပို့ချပေးခြင်း၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို အများတကာ ပိုမိုနားလည်သဘောပေါက်စေရန်ကူညီပေးခြင်းနှင့် ဈေးကွက်ပြုပြင်ပြောင်းလဲရေးအတွက် လှုံ့ဆော်အားပေးခြင်းစသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာဒါရိုက်တာများအတွက် အရေးပါသော ဒါရိုက်တာအဖြစ် အသိအမှတ်ပြုပေးခြင်း သင်တန်းအစီအစဉ်ကိုလည်း စတင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

**ဇယား (၂)**

**မြန်မာဒါရိုက်တာများအင်စတီကျုဘုတ်အဖွဲ့၏ ပထမကြားဖြတ်အဖွဲ့ဝင်များ**

**ဥက္ကဋ္ဌ**

- ဦးဟယ်ရီအောင်ဇော်နိုင် Shwe Taung Group, CEO

**အဖွဲ့ဝင်များ**

- ဦးအောင်နိုင်ဦး Directorate of Investment and Companies Administration (DICA)
- ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (UN Global Compact, အခြားကုမ္ပဏီများ၏ ဘုတ်အဖွဲ့ဝင်)
- ဒေါ်မာလင်နန်းခမ်းနောင် (KBZ Group)
- Mr. Melvyn Pun (Yoma Strategic Holdings)
- ဒေါ်ကယ်ရိုလင်း ယဉ်ယဉ်ဌေး (Telenor Myanmar)
- ဦးနယ်(လ်)ဆန်ထွန်းထွန်းနိုင် (Myanmar Young Entrepreneurs Association)
- ဒေါ်ရိုဆလင်းခိုင်ခိုင်နွယ် (UMFCCI)
- ဒေါ်စီစီထွန်း (KPMG Advisory, and Women Corporate Directors)
- ဦးစိုးဝင်း (Deloitte, and Myanmar Development Institute)
- ဦးသူရကိုကို (YGA Capital Limited)
- ဒေါ်တင်မေဦး (SECM)
- Vicky Bowman (Myanmar Centre for Responsible Business)
- ဒေါ်ဝင်းဝင်းတင့် (CMHL)

ကြားဖြတ်ဘုတ်အဖွဲ့၏ ကုမ္ပဏီအဖွဲ့ဝင်များသည် ကိုယ်တိုင်စွမ်းဆောင်နိုင်မှုအရ ပါဝင်ကြခြင်းဖြစ်ပြီး ၄င်းတို့၏ကုမ္ပဏီများကို ကိုယ်စားပြုဆောင်ရွက်ခြင်းမျိုး မဟုတ်ပါ။ သို့သော် ဘုတ်အဖွဲ့ဝင်များနှင့် ၄င်းတို့၏ ကုမ္ပဏီများသည် ယခုပွင့်သစ်စ ၂၀၁၈ အစီရင်ခံစာတွင် (ယခင်နှစ်များတွင်လည်း) ရမှတ်မြင့်မားစွာရရှိခြင်းသည် သိသာထင်ရှားစွာ ကိုက်ညီနေသည်။ ထို့ကြောင့် ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာစေရန် ဘုတ်အဖွဲ့ဝင်များ၏ ကိုယ်တိုင်ကိုယ်ကျ ကြိုးပမ်းမှုများအပြင် ၄င်းတို့၏ကုမ္ပဏီများမှလည်း ဤအချက်များကို လိုက်နာကျင့်သုံးကြောင်း ပေါ်လွင်ထင်ရှားစေသည်။

## စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD)

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အခြေခံသဘောတရားများ (G20/OECD Principles of Corporate Governance)စာတမ်းကို မြန်မာဘာသာပြန်ဆိုနိုင်ရန်အတွက် OECD ၏ ခွင့်ပြုချက်ဖြင့် IFC မှ ဦးစီးဆောင်ရွက်လျက်ရှိသည်။[29] G20/OECD အခြေခံသဘောတရားများသည် တရားဝင်အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် အကဲဖြတ်ရန်နှင့် တိုးတက်အောင်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်သူများအား ကူညီထောက်ပံ့ပေးပါသည်။ စတော့အိတ်ချိန်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကော်ပိုရေးရှင်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား ကောင်းမွန်တိုးတက်အောင်ဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများအားလည်း လမ်းညွှန်မှုများ ပေးနိုင်ပါသည်။

29 ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ G20/OECD အခြေခံသဘောတရားများ (၂၀၁၅ ခုနှစ်ထုတ်၊ အင်္ဂလိပ်ဘာသာ)

၂၀၁၄ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သော OECD- အရှေ့တောင်အာရှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရှေ့ပြေးဆောင်ရွက်ခြင်းသည် အခြေခံသဘောတရားများပေါ်တွင် မှီတည်၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအဆင့်အတန်းနှင့် နည်းစနစ်များ မြှင့်တင်ပေးခြင်းများမှတစ်ဆင့် ဒေသဆိုင်ရာတွင် အသက်ဝင်လှုပ်ရှားသော အရင်းအနှီးဈေးကွက်များ ပေါ်ထွက်လာရေးကို ကူညီထောက်ပံ့ပေးသည်။ [30] ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအားလည်း အထူးပြုဆောင်ရွက်လျက်ရှိသည်။ [31] ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် OECD မှ Myanmar-OECD Corporate Governance Reform Programme ဆိုင်ရာ ဆွေးနွေးပွဲကို စတင်မိတ်ဆက်ပြီး မြန်မာနိုင်ငံရှိ ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုမ္ပဏီများအတွက် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ လွယ်လင့်တကူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအား ထောက်ပံ့ပေးရန် ရည်ရွယ်သည်။ ပထမဦးစွာ ဆောင်ရွက်မည့်အဆင့်မှာ ချွတ်ယွင်းချက်များအား ရှာဖွေဖော်ထုတ်သော လုပ်ငန်းစဉ် ဖြစ်ပေလိမ့်မည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းတွင် တိုးတက်လာမှုများ

၂၀၁၆ မတ်လတွင် အာဏာရလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ၏ ပထမဦးစားပေး ဆောင်ရွက်မည့် အရာများအနက်မှ တစ်ခုမှာ လာဘ်ပေးလာဘ်ယူခြင်းနှင့် အကျင့်ပျက်ချစားခြင်းများအား ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် ပြည်သူ့ဝန်ထမ်းများ၏ လက်ဆောင်များ လက်ခံခြင်းဆိုင်ရာ ညွှန်ကြားချက်အသစ်များ ချမှတ်ခြင်းလည်း ပါဝင်သည်။ [32] ထိုညွှန်ကြားချက်များတွင် အချို့ကိစ္စရပ်များ၌ ၂၅၀၀၀ ကျပ်(သို့) $20 ဝန်းကျင် (ထိုတန်ဖိုးမှာ ယခင်အစိုးရမှ သတ်မှတ်ထားသော ၃၀၀,၀၀၀ ကျပ်မှ လျှော့ချထားခြင်းဖြစ်သည်။) တန်ဖိုးရှိ လက်ဆောင်ပဏ္ဏာများ လက်ခံနိုင်ပြီး အခြားကိစ္စရပ်များတွင် လုံးဝမယူရန် တားမြစ်ထားသည်။ ဤညွှန်ကြားချက်သည် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးအား အားပေးလုပ်ဆောင်ရန်အတွက် အရေးပါသည့် အဆင့်တစ်ခုဖြစ်သည်။ ဤညွှန်ကြားချက်၏ ရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများမှ မြန်မာနိုင်ငံ၏ လာဘ်ပေးလာဘ်ယူမှုအခြေအနေတွင် တိုးတက်မှုများရှိလာသည်ဟု ထင်မြင်ယူဆကြသည်။ အမျိုးမျိုးသောညွှန်းကိန်းများတွင်လည်း ဤတိုးတက်မှုအခြေအနေများကို တွေ့မြင်နိုင်သည် (အောက်တွင် အသေးစိတ်  လေ့လာနိုင်သည်)။ [33]

သို့သော် ပိုမိုကောင်းမွန်သော ပြည်သူ့အခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် အစိုးရ၏ ဦးဆောင်ဆောင်ရွက်မှုများသည် လိုအပ်နေသေးသည်။ အဘယ်ကြောင့်ဆိုသော် ခရိုနီစနစ်နှင့် လာဘ်ပေးလာဘ်ယူမှုများသည်ဟူသော မကောင်းသည့်ဂုဏ်သတင်းသည် မြန်မာနိုင်ငံကို ကြီးစိုးလျက်ရှိသည်။ ထို့အပြင် အလှူအတန်းများ ပြုလုပ်ခြင်း (အချို့သော အခြေအနေများတွင် ပရဟိတဟု ခြုံငုံသုံးသပ်၍မရသော) အလေ့အထနှင့်လည်း ဆက်စပ်နေသည်။ MCRB ၏ မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ ကဏ္ဍအလိုက် သက်ရောက်မှုများအား ဆန်းစစ်ခြင်းဆိုင်ရာ သုတေသနပြုလုပ်မှုတွင် တွေ့ရှိရသည့် အခြေအနေမှာ မြန်မာ့သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏ CSR ဘတ်ဂျက်ကို သုံးစွဲ၍ ရွာအကြီးအကဲများအား လှူဒါန်းပေးအပ်ပြီး အတုံ့အလှည့်အနေဖြင့် သတ္တုတူးဖော်ရေးစီမံကိန်းများအတွက် သဘောတူညီမှုလက်မှတ်များနှင့် အထောက်အပံ့များ ရရှိခဲ့ကြသည်။ [34] ထို့အပြင် လက်ရှိအစိုးရသည် ယခင်စစ်အစိုးရ ဆောင်ရွက်လေ့ရှိသည့်အတိုင်း လုပ်ငန်းရှင်ကြီးများအား ငြိမ်းချမ်းရေး အစရှိသည့်ကိစ္စတို့အတွက် အသုံးပြုရန် နိုင်ငံတော် ရန်ပုံငွေထဲသို့ ငွေလှူဒါန်းစေခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ [35] လတ်တလော အခြေအနေအရ ရခိုင်ပြည်နယ်မြောက်ပိုင်းကိုဆိုလိုသည်။ စစ်အစိုးရလက်ထက်တွင် ခရိုနီစီးပွားရေးလုပ်ငန်းများသည် အလားတူလှူဒါန်းမှုများကို ကားတင်သွင်းခွင့်၊ ဆောက်လုပ်ရေးစာချုပ်၊ မြေနေရာနှင့် အခြားအကျိုးအခွင့်များ ရရှိရေးအတွက် ပြုလုပ်ခဲ့ကြသည်။

ကုမ္ပဏီများ၊ အစိုးရနှင့် နိုင်ငံရေးပါတီများသည်လည်း စီးပွားရေးလုပ်ငန်းများမှ အစိုးရ၊ ဝန်ကြီးများနှင့် နိုင်ငံရေးပါတီများအား ငွေကြေးအထောက်အပံ့ပေးခြင်းများရှိပါက မည်သူမည်မျှ ငွေကြေး (သို့မဟုတ်) လက်ဆောင်များလှူဒါန်း ပေးကမ်းကြောင်းကို ပိုမိုပွင့်လင်းမြင်သာစွာ ကြေငြာထုတ်ပြန်ရန်လိုအပ်သည်။ ကြေငြာထုတ်ပြန်ရန်လိုသောပေးကမ်းမှုများတွင်ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ လုပ်ငန်းသဘောအရသော်လည်းကောင်း အခမဲ့ခရီးသွားခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် ညေ့်ခံပြုစုခြင်းတို့လည်း ပါဝင်သည်။ [36]

## အစိုးရဌာနပိုင်းဆိုင်ရာနှင့် ကြိုးနီစနစ်များ ပြုပြင်ပြောင်းလဲမှုများ

ပို၍ပွင့်လင်းမြင်သာသော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ တာဝန်ယူမှု၊တာဝန်ခံမှုရှိသော အစိုးရလုပ်ငန်းစဉ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ လာဘ်ပေးလာဘ်ယူမှုအား တိုက်ဖျက်ခြင်းကိုရေရှည်တည်တံ့ခိုင်မြဲမှု ဖွံ့ဖြိုးရေးအစီအစဉ်ပထမမူကြမ်း[37]၏ လုပ်ငန်းစဉ်အများအပြားတွင် ထည့်သွင်းဖော်ပြထားသည်။ ဤအချက်သည် ရေရှည်တည်တံ့ခိုင်မြဲမှု ဖွံ့ဖြိုးရေးပန်းတိုင်များဖြစ်သည့် SDG ၁၆.၆ (တာဝန်ယူမှု၊ တာဝန်ခံမှု) နှင့် SDG ၁၆.၅ (အမျိုးမျိုးသော လာဘ်ပေးလာဘ်ယူမှုများအား အများအပြားလျှော့ချခြင်း)[38] စသည့် ရည်ရွယ်ချက်များကို ထောက်ပံ့ပေးရာရောက်သည်-

- (၁.၄.၅.) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြန်လည်စိစစ်ခြင်းနှင့် ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း။
- (၁.၄.၆.) ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ ထုတ်ဖော်ကြေညာမှု လုပ်ငန်းစဉ်များ အားကောင်းစေရန်နှင့် ထိုသို့ကြေညာရန် လိုအပ်စေသည့်ဥပဒေများကို ပြဌာန်းရန်။
- (၁.၄.၇.) နစ်နာမှုများကို ဖြေရှင်းခြင်းနှင့် မကျေနပ်မှုများကို တိုင်ကြားခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။
- (၂.၃.၄.) အခွန်စနစ်၏ တည်ကြည်ခိုင်မာမှုနှင့် ဂုဏ်သတင်းကို ကာကွယ်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းလမ်းများကို မိတ်ဆက်ခြင်း။

UNDP မှ ထောက်ပံ့ထားသော မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၁၇-၂၀၂၀၏ ရည်ရွယ်ချက်(၄)မှာ “နိုင်ငံ့ဝန်ထမ်းများ၏ ရိုးဖြောင့်မှုနှင့်တာဝန်ခံမှုတို့ မြင့်မားလာစေခြင်း”နှင့် ပိုမိုပွင့်လင်းမြင်သာမှု ရှိစေခြင်းတို့ဖြစ်သည်။ အကောင်အထည်ဖော်ရ

30 http://www.oecd.org/daf/ca/oecd-southeast-asia-corporate-governance.htm

31 DICAမှOECD နှင့် ပူးပေါင်း၍ ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် OECD - အရှေ့တောင်အာရှ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ စတင်လုပ်ဆောင်မှု၏ ငါးကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်၌ ၂၀၁၈ ခုနှစ်၊ မတ်လ၊ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များ၏ တိုးတက်ဖွံ့ဖြိုးမှုများအတွက် သက်ဆိုင်ရာအစိုးရများမှ လုပ်ဆောင်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆွေးနွေးသွားမည်ဖြစ်သည်။

32 ‘NLD cracks down on nepotism’, မြန်မာတိုင်း(မ်)၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ၊ ၂၇။

33 NLD အစိုးရလက်ထက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာရမှတ်များ တိုးတက်လာသည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ MCRB။

34 Sector-Wide Impact Assessment on Limestone, Tin and Gold Mining in Myanmar၊ MCRB၊ ၂၀၁၈ခုနှစ်၊ မတ်လ၊ စာမျက်နှာ ၅၁။

35 Myanmar businessmen donate 167 billion kyat to Rakhine State ၊ မဇ္ဈိမသတင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ။

36 ‘A fine line between FOC and Corruption’၊ ဗစ်ကီဘိုမန်မှ ရေးသားသည်။ မြန်မာတိုင်း(မ်)၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀၁၆။ A Lavish Wedding is the Talk of the Town, ဧရာဝတီမဂ္ဂဇင်း၊ ၂၀၁၈ ခုနှစ်။ ဇန်နဝါရီလ၊ ၁၁ရက်။

37 ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ထွက်ရှိသည့် ပထမမူကြမ်းမတိုင်ခင် မူကြမ်းမှတ်စုများကို MCRB ရုံးတွင် သိမ်းဆည်းထားသည်။

38 ရေရှည်တည်တံ့ ခိုင်မြဲမှုဖွံ့ဖြိုးရေးပန်းတိုင်များ ဖြစ်သည့် SDG ၁၆.၅ တွင် ပါဝင်သည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ ၁၆.၅.၁။ နိုင်ငံ့ဝန်ထမ်းများ အနည်းဆုံးတစ်ယောက်နှင့် လွန်ခဲ့သည့် လပေါင်း (၁၂)လအတွင်း တွေ့ဆုံ၍ လာဘ်လာဘ ပေးကမ်းခဲ့သည့် (သို့) အဆိုပါနိုင်ငံ့ဝန်ထမ်းများမှ လာဘ်လာဘပေးရန် တောင်းဆိုခဲ့ခြင်းကို တွေ့ကြုံဖူးသည့် လူဦးရေ အချိုးအစား။ ၁၆.၅.၂။ နိုင်ငံ့ဝန်ထမ်းများ အနည်းဆုံးတစ်ယောက်နှင့် လွန်ခဲ့သည့် လပေါင်း (၁၂)လအတွင်း တွေ့ဆုံ၍ လာဘ်လာဘ ပေးကမ်းခဲ့သည့် (သို့) အဆိုပါနိုင်ငံ့ဝန်ထမ်းများမှ လာဘ်လာဘပေးရန် တောင်းဆိုခဲ့ခြင်းကို တွေ့ကြုံဖူးသည့် စီးပွားရေးလုပ်ငန်း အချိုးအစား။

မည့် လုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ကို ပြန်လည်ပြင်ဆင်ခြင်း၊ သင့်လျော်သည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာခြင်းနှင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၏ ယူဆချက်တစ်ရပ်ဖြစ်သော အစိုးရ၏တရားဝင် သတင်းအချက်အလက်များအားလုံးကို လျှို့ဝှက်ထားရမည် ဟူသည့်အချက်ကို စောဒကတက်ရန်အတွက် ၎င်းဥပဒေကို ပြန်လည်သုံးသပ်မှုအား ဆက်လက်ပြုလုပ်သွားရမည်အစရှိသည့် အကြောင်းအရာများ ပါဝင်သည်။ [39]

အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအတွက် ပြင်ဆင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်းတွင် ၎င်းတို့၏ လုပ်ငန်းခွင်၌ လာဘ်ပေးလာဘ်ယူမှုသည် သိသာထင်ရှားစွာ ရှိနေသည်ဟု ထင်မြင်ကြောင်း ဖော်ပြထားသည်။ လာဘ်ပေးလာဘ်ယူခြင်းသည် နိုင်ငံ့ဝန်ထမ်းများ၏ လစာတွင် အပိုထပ်ဆောင်းရသည့် ငွေကြေးဖြစ်သည်ဟုထင်မြင်ပြီး သေးငယ်သော လာဘ်ပေးလာဘ်ယူမှုများအား လက်ခံနိုင်သည်ဟု စစ်တမ်းဖြေဆိုသူများက ယုံကြည်ကြသည်။ ၅၆ %သော စစ်တမ်းဖြေဆိုသူများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တံစိုးလက်ဆောင်များ တောင်းဆိုခြင်းဖြစ်သည်ဟု ထင်မြင်ကြသည်။[40]

လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်းဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းမှာ မလိုအပ်သည့် ကြိုးနီစနစ်ကြောင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များ၏ အချိန်ကြာမြင့်မှုများ၊ ဗျူရိုကရက်အရာရှိများထံမှ များပြားလှသည့် ထောက်ခံချက်များ ရယူနေရခြင်းကြောင့်ဖြစ်သည်။ အချို့သော ပြုပြင်ပြောင်းလဲမှုများသည် အကူအညီဖြစ်စေမည်ဟု ယုံကြည်ရပြီး ဥပမာအားဖြင့် အွန်လိုင်းမှ တစ်ဆင့် အခွန်ပေးဆောင်ခြင်းကို စတင်လက်ခံကျင့်သုံးနေပြီဖြစ်သည်။ သို့သော် ဥပဒေသစ်တွင် အစိုးရခွင့်ပြုခြင်းလုပ်ငန်းစဉ်များကို ပိုမိုထည့်သွင်းထားခြင်းကြောင့် အချို့သောနေရာများတွင် ပိုမိုဆိုးရွားနိုင်သော အခြေအနေများလည်း ဖြစ်လာရသည်။ ဥပမာအနေဖြင့် (လက်ရှိလွှတ်တော်တွင် တင်သွင်းထားသော) လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေမူကြမ်းထဲတွင် မည်သည့်စီးပွားရေးလုပ်ငန်းဖြစ်စေ စတင်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရန် လိုအပ်သည်ဟူသော အချက်ပါဝင်သည်။[41]

ခွင့်ပြုချက်ရယူနိုင်ရန် အပိုထပ်ဆောင်းလုပ်ဆောင်ရသော အဆင့်များအတွက် ငွေကြေးနှင့် အားစိုက်ထုတ်မှု မည်မျှကုန်ကျကြောင်း ဖော်ပြနိုင်ရန်အတွက် မြန်မာစီးပွားရေးဖိုရမ်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့မှ လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှု၏တွေ့ရှိချက်အရ တည်းခိုခန်းဖွင့်လှစ်ရန် မြေနေရာအသုံးပြုမှုပြောင်းလဲရန် လျှောက်ထားရာတွင် မြေအသုံးပြုမှုပြောင်းလဲခသည် စုစုပေါင်း ၁,၄၉၀,၀၀၀ ကျပ်ကုန်ကျပြီး တရားမဝင် တံစိုးလက်ဆောင်နှင့် ရုံးအတွက် ကူငွေအဖြစ် ပေးဆောင်ခြင်းဖြစ်ပြီး (၁၆)လတာ အားစိုက်ထုတ်မှုနှင့် တည်းခိုခန်းလိုင်စင်အတွက် တရားဝင်နှုန်းထား၏ (၅)ဆရှိသော တရားမဝင် ၁,၀၀၀,၀၀၀ ကျပ် ပေးဆောင်ရခြင်းတို့ကို တွေ့ရှိရသည်။[42]

39 မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၁၇-၂၀၂၀

40 Perception Survey on Ethics, Equal Opportunities, and Meritocracy in the Myanmar Civil Service, Union Civil Service Board and UNDP၊၂၀၁၇ခုနှစ်၊ ဇူလိုင်လ။

41 ဥပမာတစ်ခုမှာ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံရေးနှင့် ကျန်းမာရေးဥပဒေမူကြမ်းဖြစ်သည်။ ၎င်းဥပဒေမူကြမ်းကို လက်ရှိပုံစံအတိုင်း လွှတ်တော်တွင် တင်သွင်းထားသည်။

42 Myanmar Business Forum Hotel and Tourism Working Group, Position Paper – Licensing Issues ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ။



DICA မှ ၂၀၁၆ တွင် လက်ခံကျင့်သုံးလိုက်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏ မဏ္ဍိုင် (၁) မှာ "ဥပဒေပိုင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေအနေများ တိုးတက်စေရန်" [43] ဖြစ်သည်။ သို့သော် ယနေ့ထိတိုင်အောင် ဤအချက်ကို အကောင်အထည်ဖော်နိုင်ရေးသည် တစ်ပိုင်းတစ်စ ဖြစ်နေဆဲဖြစ်သည်။ မူကြမ်းအဆင့်သာရှိသေးသော လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကိုအခြေခံ၍ ဖြစ်လာနိုင်ချေရှိသော အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ (ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ)ကို အကြံပြုပေးရခြင်းသည် နည်းစနစ်မကျပေ။ ဤသို့သော အားနည်းချက်မျိုးသည် အရည်အသွေးနိမ့်၍ လက်တွေ့မကျသော စည်းမျဉ်းစည်းကမ်းနှင့် ကြိုးနီစနစ်ကို အထောက်အကူဖြစ်စေသည်။ အထက်ဖော်ပြပါ မြန်မာ့စီးပွားရေးဖိုရမ်သည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ကုမ္ပဏီများအနေဖြင့် ပိုမိုကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများ ပေါ်ထွက်လာစေရေးအတွက် အတူလက်တွဲလုပ်ကိုင်ရန် အခြေအနေကောင်းတစ်ရပ်ဖြစ်သော်လည်း ဆက်လက် လုပ်ဆောင်ခြင်းမရှိတော့ပေ။[44]

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး အတွက် ဥပဒေမူဘောင်များ

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC)

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (UNCAC) ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အကျိုးသက်ရောက်မှုရှိခဲ့သည်။[45] မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် စတင်လုပ်ဆောင်သည့် UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်အစီရင်ခံစာ ပြီးစီးအောင်ပြုစုရန် နောက်ကျခဲ့သည်။ ဤအစီရင်ခံစာ၏အကျဉ်းချုပ်ကို ထုတ်ဝေပြီးဖြစ်၍ မြန်မာဥပဒေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်(UNCAC)၏ကြားရှိ လစ်ဟာမှုများအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်သည်။ [46]

UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း[47]ကို စတင် ဆောင်ရွက်နေပြီဖြစ်သော်လည်း ထိုလုပ်ငန်းစဉ်ကို ရှင်းပြရန်အတွက် ၂၀၁၇ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲမှအပ ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အခြားသတင်းအချက်အလက်များ မရရှိတော့ပေ။ [48] လာဘ်ပေးလာဘ်ယူမှုကို ထိန်းချုပ်ရန် စီးပွားရေးကဏ္ဍနှင့် အများပြည်သူတို့အတွက် အရေးပါသော ဆွေးနွေးဆောင်ရွက်မှုများကိုလုပ်နိုင်ရန်၊ လုပ်ငန်းလုပ်ကိုင်မှု အကျင့်ကောင်းများနှင့် လိုက်လျောညီထွေရှိရန်မှာ (အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC) ၏ အချက်အလက် ၅၊၁၃ နှင့် ၃၉ တို့အရ) ပိုမိုပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ ဤအခြေအနေများသည် ကော်မရှင်အသစ်ပေါ်ထွက်လာမှုနှင့် UNODC ၏ အထောက်အပံ့ဖြင့် တိုးတက်လာမည်ဟု မျှော်လင့်ရပါသည်။

43 Myanmar Indicative Private Sector Development Framework and Action Plan ၂၀၁၆ ခုနှစ်၊ မတ်လ။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ADB ၏ အထောက်အပံ့ဖြင့် UMFCCI၊ Mekong Biz နှင့် ဩစတြေးလျအစိုးရ။

44 http://myanmarbusinessforum.org/en/myanmar-business-forum/

45 Myanmar becomes the 165th State Party to UNCAC, UNODC, ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။

46 Myanmar First Cycle UNCAC Review: Executive Summary။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်မည့်အစည်းအဝေးသို့ ဤမှတ်စုစာတမ်းအား ပေးပို့ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်။

47 သုံးသပ်မှုပြုမည့် နိုင်ငံများသည် ဥဇဘက် ကစ်စတန်နှင့် အီရတ်တို့ဖြစ်သည်။ UNODC Country portal ကို ကြည့်ပါ။ ဒုတိယအကြိမ်သုံးသပ်မှုပြုလုပ်ရန် မြန်မာနိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံနှင့် အိုင်ဗရီကို့(စ်)နိုင်ငံတို့နှင့်အတူ အဖွဲ့ဝင်အဖြစ် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

48 Workshop for National Experts on Preparation for the second cycle of the UNCAC Review Mechanism, ၂၀၁၇၊ ဇွန်လ။ ဤအလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအရာရှိများမှ အများစုတက်ရောက်ခဲ့သော်လည်း MCRB နှင့် Spectrum မှ အရပ်ဖက်လူမှုအဖွဲ့အစည်း၏ ကိုယ်စားပြုအနေဖြင့် တက်ရောက်ခဲ့သည်။

## ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

၂၀၁၃ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍရှိ လာဘ်ပေးလာဘ်ယူမှု ပုံစံအမျိုးမျိုးကို ဖော်ပြထားပြီး မတရားသောနည်းဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အထမမြောက်သော လာဘ်ပေးလာဘ်ယူမှုနှင့် ရာထူးအလွဲသုံးစားပြုခြင်းတို့ပါဝင်သည်။ [49] မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးတွင် အချို့သော ပုဂ္ဂလိကကဏ္ဍဆိုင်ရာ လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ ပြစ်မှုများပါဝင်သော်လည်း ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတင်မိတ်ဆက်ပြီးသောအခါ အဆိုပါရာဇသတ်ထဲရှိ စည်းမျဉ်းမှာ မည်မျှအသုံးဝင်သေးကြောင်း မရှင်းမလင်းဖြစ်နေသေးသည်။ လာဘ်ပေးလာဘ်ယူခြင်း၏ အကြီးမားဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် (၁၅)နှစ်နှင့် ဒဏ်ကြေးပေးဆောင်ရန် ဖြစ်သည် (ပုဒ်မ ၅၅)။ လာဘ်ပေးလာဘ်ယူပြစ်မှုအတွက် နိုင်ငံရေးအာဏာရှိသူများသည် ၁၅ နှစ်၊ နိုင်ငံ့ဝန်ထမ်းများသည်(၁၀)နှစ်နှင့် အခြားသူများသည် (၇)နှစ်အစရှိသဖြင့် အမြင့်မားဆုံး ထောင်ဒဏ်ကျခံရမည် ဖြစ်သည်။[50]

ဥပဒေအား ၂၀၁၃ခုနှစ်မှစ၍ အသေးစား ပြုပြင်ဖြည့်စွက်မှုများ ပြုလုပ်ထားပြီးဖြစ်သည်။ ယခုအချိန်တွင် UNCAC ပထမအကြိမ် ပြန်လည်သုံးသပ်ရေး[51] ၏ ရှာဖွေတွေ့ရှိချက်များမှ သိရှိရသည့် အားနည်းချက်များအပြင် အခြားသော အားနည်းချက်များ[52] ကို ဖြေရှင်းရန်အတွက် ဥပဒေကို ပို၍ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ဖြည့်စွက်ပေးနိုင်ရန် လုပ်ဆောင်နေသည်။ ဤသို့သော ဥပဒေပြုပြင်ပြောင်းလဲမှုအစီအစဉ်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအကောင်အထည်ဖော်ရေးအစီအစဉ် မူကြမ်းမှတ်စုတွင် ရည်ညွှန်းပါဝင်ထားပြီး ဖြစ်သည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှ လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးရန်နှင့် အမှုကိစ္စတစ်ခုအား တရားစွဲဆိုမည် (သို့မဟုတ်) တိုင်ကြားချက်ကိုပယ်ချမည် အစရှိသည်ကို ဆုံးဖြတ်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကိုဖွဲ့စည်းခဲ့သည်။[53] ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် အဖွဲ့ဝင်သစ်(၁၂)ဦး ပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ယခင်ဝန်ကြီး ဦးအောင်ကြည်အား ဥက္ကဋ္ဌအဖြစ် ခန့်အပ်ဦးဆောင်စေခဲ့သည်။ [54] MCRB သည် ဤကော်မရှင်အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တွေ့ဆုံခဲ့ပြီး ပွင့်သစ်စ အပါအဝင် MCRB၏ လုပ်ဆောင်ချက်များအား ရှင်းလင်းပြပြီး ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (CoST) ကိုလည်း မိတ်ဆက်ရှင်းလင်းပြခဲ့သည် (အောက်တွင်ကြည့်ပါ)။ [55] ယခုကော်မရှင်သစ်သည် ပို၍တက်ကြွပြီး လုပ်ငန်းဆောင်ရွက်ရန် အားစိုက်ထုတ်မှုနည်းပါးခဲ့သော ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ကော်မရှင်ဟောင်းထက် သာလွန်ကြောင်း တွေ့မြင်နိုင်သည်။

49 2013 Anti-Corruption Law

50 Business Anti-Corruption Portal, Myanmar Legislation.

51 Myanmar First Cycle UNCAC Review: Executive Summary။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်မည့် အစည်းအဝေးသို့ ဤမှတ်စု စာတမ်းအားပေးပို့ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်။

52 Draft changes to corruption law raise hope but will they catch any big fish?၊ Frontier Magazine၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ရက်။

53 http://www.accm.gov.mm/acc/

54 အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အား ဖွဲ့စည်းတာဝန်ခန့်အပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ် ၃၀/၂၀၁၇ ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

55 MCRB အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း ၊ ACC ဝက်(ဘ်)ဆိုက်၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၈ရက်။



## အဂတိလိုက်စားမှုအတွက် ကုမ္ပဏီ၏ တာဝန်ရှိမှု

မြန်မာ့ပုဂ္ဂလိကကဏ္ဍ လာဘ်ပေးလာဘ်ယူမှုကို ကိုင်တွယ်ဖြေရှင်းရန် လက်ရှိဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC) ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသေးပေ။ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံ (UNCAC) ၏ ပုဒ်မ (၂၆)အရ ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများကို ဖော်ထုတ်ထားရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ခြင်း၌ တရားဝင် ပါဝင်သူများ၏ တာဝန်ရှိမှုကို ဖော်ထုတ်ပြသရန် လိုအပ်သည်။ သို့သော် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် ၁၉၁၄ ခုနှစ် မြန်မာ့ကုန်သွယ်မှုဆိုင်ရာ အက်ဥပဒေများအရ မြန်မာနိုင်ငံအခြေစိုက် ပြည်တွင်းနှင့်နိုင်ငံခြားကုမ္ပဏီများသည် လာဘ်ပေးလာဘ်ယူမှု၌ ပါဝင်ပတ်သက်မိရာတွင် တာဝန်ယူရန်မလိုဟု အကြံပြုနေပုံရသည်။ ထို့အပြင် အကျင့်ပျက်ချစားမှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းများအားရည်ရွယ်၍ ပြစ်ဒဏ်ပေးခြင်းနှင့် အရေးယူပိတ်ဆို့ခြင်းများလည်း မရှိပေ (ဥပမာအားဖြင့် လုပ်ငန်းဖျက်သိမ်းခြင်း၊ ချုပ်ဆိုထားသော အများပိုင်လုပ်ငန်းစာချုပ်များမှ ထုတ်ပယ်ခြင်းနှင့် တာဝန်ရှိသူအား ကြီးလေးသောငွေကြေးပြစ်ဒဏ် ချမှတ်ခြင်းအစရှိသည့် အရေးယူမှု မျိုးများမရှိပါ)။

တရားဝင် အရေးယူပိတ်ဆို့မှုများ မရှိသော်လည်း NLD အစိုးရ၏ လမ်းညွှန်မှုနှင့် ကိုက်ညီအောင် မြန်မာကုမ္ပဏီများအနေဖြင့် အနာဂတ်တွင်ဖြစ်ပေါ် လာမည့်တရားဝင်အပြောင်းအလဲများမတိုင်မီ ယခုလက်ရှိအခြေအနေတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးကျင့်ဝတ် သမာသမတ်ရှိရေး အစရှိသည့်လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ စတင်လုပ်ဆောင်သင့်သည်။ ဤ ပွင့်သစ်စ အစီရင်ခံစာမှ စစ်တမ်းကောက် လေ့လာထားသော ကုမ္ပဏီများ၏ ၁၁% သည် ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စည်းကမ်းများ ထားရှိကြသည်။

## နိုင်ငံ့ဝန်ထမ်းများမှ ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်ကြေညာမှု

ဥပဒေ၏ အခန်း(၁၃)အရ အစိုးရ၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြဋ္ဌာန်းရေး အစရှိသည့် အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသော "လုပ်ပိုင်ခွင့်အာဏာရှိသူများ" [56] သည် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ထုတ်ဖော်ကြေညာရန်လိုအပ်ပြီး ထိုသို့ ကြေညာခြင်းမရှိသူများအတွက် အရေးယူမှုများလည်း သတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ[57] ၏ အခန်း(၈) (အချက် ၃၇) တွင် ဖော်ပြထားသည့်အတိုင်း "လုပ်ပိုင်ခွင့်အာဏာရှိသူများ"၏ ပိုင်ဆိုင်သည့်ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်၊ ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း"ဟူသောအပိုင်းအရ ကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက်ဖြင့် ပိုင်ဆိုင်မှုများ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့် အာဏာရှိသူအဆင့်ကို သတ်မှတ်ရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် ၎င်းတို့ဌာနရှိ ပိုင်ဆိုင်မှု ကြေညာလွှာပေးပို့ရန်တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများထံမှ စာရင်းကို ပုံစံ(၇)[58] ဖြင့်ပြုစုပြီး ကော်မရှင်သို့ ပေးပို့တင်ပြရမည်(အချက် ၃၈-၄၁) ။

56 လုပ်ပိုင်ခွင့်အာဏာရှိသူများဆိုသည်မှာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံခြားပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးအရ ရာထူးအာဏာရှိသူများ၊ အဆင့်မြင့်အရာရှိများ (သို့မဟုတ်) အုပ်ချုပ်ရေးမှူး (သို့) အများပြည်သူပိုင် အဖွဲ့အစည်းတစ်ခုခုမှ ကိုယ်စားလှယ်များကို ဆိုလိုသည်။

57 အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေ ၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊ ၁၀ရက်၊ အဂတိလိုက်စားမှုဆန့်ကျင်ခြင်းကော်မရှင် EN နှင့် MM .

58 မိသားစုပိုင် ငွေကြေး၊ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စာရင်းပေးပို့ခြင်း ဆိုင်ရာ ပုံစံ(၇)။

ကော်မရှင်က ပိုင်ဆိုင်မှုကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကိုဖြစ်စေ၊ ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များကိုဖြစ်စေ အများပြည်သူသိရှိအောင် ကြေညာပေးရန် လိုအပ်ချက်ရှိပုံ မရပါ။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အမျိုးသားဒီမိုကရေစီအစိုးရသစ်သည် အစိုးရအဖွဲ့ဝင်များ၏ပိုင်ဆိုင်မှုများကို အများပြည်သူသိရှိရန် ထုတ်ဖော်ကြေညာမည်မဟုတ်ကြောင်း ကြေညာခဲ့သည်။[59] ထို့ကြောင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ ပြဋ္ဌာန်းချက်များအား မည်သို့အကောင်အထည် ဖော်ထားသည်(သို့မဟုတ်) အကောင်အထည်ဖော်ထားပြီးဖြစ်သည်လော ဟူသည့်အချက်မှာ ရှင်းလင်းမှုမရှိပေ။ သို့သော် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၁၇-၂၀၂၀ နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအကောင်အထည်ဖော်ရေး အစီအစဉ်မူကြမ်းမှတ်စု အကြံပြုချက်များအရ အစိုးရ၏လုပ်ငန်းစဉ်တွင် ဤအချက်ကို အကောင်အထည်ဖော်ရေး ပါဝင်နေသေးသည်။ [60]

## ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ဖိဖိစီးစီး စတင်ဆောင်ရွက်လာခဲ့သည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ကူညီထောက်ပံ့ပေးသလို အဂတိလိုက်စားမှုဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံ (UNCAC)၏ သုံးသပ်တွေ့ရှိချက်များနှင့် ပတ်သက်၍ဖြစ်စေ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အရက်ဖက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍများစသည်တို့နှင့် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ရာတွင်ဖြစ်စေ ကူညီထောက်ပံ့ပေးသည်။ UNODC နှင့် UNDP တို့မှ ပူးတွဲဆောင်ရွက်သော မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၆ ကို ထောက်ပံ့ပေးမည့် ၂၀၁၇ ခုနှစ် "United Against Corruption"လှုပ်ရှားမှု[61] ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် နေပြည်တော်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား အသိအမှတ်ပြုသည့် အနေဖြင့် အခမ်းအနားတစ်ခု [62] ကျင်းပခဲ့သည်။ UNODC သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အရက်ဖက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာအတွက် "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ကျင်းပသော စာတမ်းဖတ်ပွဲ[63] ကို ထောက်ပံ့ပေးခဲ့သည်။ စာတမ်းဖတ်ပွဲတွင် တင်ပြခဲ့သော စာရွက်စာတမ်း အကြောင်းအရာများသည် ထုတ်ဝေထားပြီးဖြစ်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် UNODC နှင့် MCRB မှ ပူးပေါင်း၍ ပုဂ္ဂလိကကဏ္ဍအတွက် စီးပွားရေးဆိုင်ရာဖြောင့်မတ်တည်ကြည်မှု အလုပ်ရုံဆွေးနွေးပွဲ[64] ကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံရှိ ဒါရိုက်တာများအင်စတီကျုမှ Dr. Bandid မှ ပူးပေါင်းအရေးယူမှုအကြောင်း အဓိကထားဟောပြောခဲ့ပြီး ရွှေတောင်ကုမ္ပဏီ ၊ Coca-Cola နှင့် Telenor တို့မှ ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုလုပ်ငန်းစဉ်များကို တင်ပြခဲ့သည် (အသေးစိတ်ကို MCRB ၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်သည်)။ MCRB သည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဘန်ကောက်မြို့၌ UNODC မှ ကြီးမှူးကျင်းပသော " Fast-tracking Implementation of UNCAC for Economic and Social Development in Southeast Asia" ဆွေးနွေးညှိနှိုင်းပွဲကို တက်ရောက်ခဲ့သည်။ ထိုဆွေးနွေးညှိနှိုင်းပွဲတွင် အရက်ဖက်လူမှုအဖွဲ့အစည်းများက ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။[65] ဆွေးနွေးညှိနှိုင်းပွဲတွင် တင်ပြသော အကြံပြုချက်များကိုလည်း ဤပွင့်သစ်စအစီရင်ခံစာတွင် အကြံပြုချက်များအနေဖြင့် ထည့်သွင်း ဖော်ပြထား သည်။

59 NLD will not release list of cabinet members assets ၊Frontier magazine၊ ၂၀၁၆ခုနှစ်၊ ဇူလိုင်လ၊ ၂၉ရက်။

60 Government to implement mandatory assets disclosure for senior officers, မြန်မာတိုင်း(မ်)၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ၁၁ရက်။

61 http://www.anticorruptionday.org/actagainstcorruption/en/about-the-campaign/index.html

62 United against corruption in Myanmar 2017, UNODC ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၉ရက်။

63 မြန်မာဘာသာဖြင့် မီဒီယာအစီရင်ခံခြင်းများကို http://www.7daydaily.com/story/118545, http://news-eleven.com/news/33778 https://burmese.voanews.com/a/myanmar-anto-corruption-symposium-/4221808.html တို့တွင် ဖတ်ရှုလေ့လာနိုင်သည်။

64 Workshop on building business integrity, MCRB, ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ။



## အဂတိလိုက်စားမှုဆိုင်ရာ ညွှန်ကိန်းများ

### ကမ္ဘာ့ဘဏ်အင်တာပရိုက်စ် စစ်တမ်း

ကမ္ဘာ့ဘဏ် အင်တာပရိုက်စ်စစ်တမ်း[66] ကို ၂၀၁၄ တွင် ပထမအကြိမ်စတင်ဆောင်ရွက်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအစိုးရ အာဏာရရှိလာသော ၂၀၁၆/၂၀၁၇ တွင် ထပ်မံဆောင်ရွက်ခဲ့သော အခါ အဂတိလိုက်စားမှုညွှန်းကိန်းများတွင် ရမှတ်များမြင့်မားလာခဲ့သဖြင့် မြန်မာနိုင်ငံအနေဖြင့် ဒေသဆိုင်ရာပျမ်းမျှရမှတ်နှင့် မကွာဝေးလှတော့ပေ (ဇယားကွက် ၁)။ ၂၀၁၆/၂၀၁၇ ၏ ရလဒ်များသည် လုပ်ငန်းပေါင်း (၆၀၇) ခုမှ စီးပွားရေးလုပ်ငန်းရှင်များ/အုပ်ချုပ်ရေးအရာရှိများနှင့် အောက်တိုဘာလ ၂၀၁၆ ခုနှစ်နှင့် ဧပြီလ၂၀၁၇ ကာလကြား တွေ့ဆုံမေးမြန်းထားခြင်းများပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ (၂၀၁၄ခုနှစ် စံနမူနာအရွယ်အစားသည် ဤထက်နှစ်ဆခန့် ကြီးမားသည်။)

မည်သို့ပင်ဖြစ်စေ ၂၀၁၈ ခုနှစ်တွင် ယေဘူယျအမြင်မှာ အစိုးရသစ်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများသည် ကနဦးအကျိုးရလာဒ်များကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း မရှိသည့်အပြင် လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်း (အစိုးရဌာနပိုင်းဆိုင်ရာရှိ နိုင်ငံ့ဝန်ထမ်းများမှ လုပ်ငန်းတစ်ခုကိုပြီးစီးအောင် ဆောင်ရွက်မှုလျင်မြန်စေရန် မက်လုံးအနေဖြင့် ပေးသည့်ငွေ) သည် လိုအပ်ဆဲဖြစ်နေသည်ဟူ၍ ထင်မြင်ကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်းအကြောင်းနှင့်ပတ်သက်၍ အတိအလင်း ဖော်ပြထားခြင်း မရှိပါ။

65 Recommendations of the Regional Conference on Fast-Tracking Implementation of the UN Convention Against Corruption (UNCAC) in Southeast Asia, ဘန်ကောက်၊ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်မှ ဖေဖော်ဝါရီလ ၃ရက်။ Civil Society Statement

66 http://www.enterprisesurveys.org/data/exploreeconomies/2016/myanmar

ဇယားကွက် (၁)

ကမ္ဘာ့ဘဏ်အဖွဲ့အစည်းစစ်တမ်း (၂၀၁၆ ) အဂတိလိုက်စားမှု ညွှန်းကိန်းများ

| ၂၀၁၆ ကမ္ဘာ့ဘဏ်အဖွဲ့အစည်း စစ်တမ်း - အဂတိလိုက်စားမှုညွှန်းကိန်းများ | မြန်မာနိုင်ငံ ၂၀၁၆ ခုနှစ် (၂၀၁၄ ကိန်း ဂဏန်းများ ကို ကွင်းစကွင်းပိတ်ထဲ တွင် ဖော်ပြထားသည်[67]) | အရှေ့အာရှနှင့် ပစိဖိတ် | အားလုံး |
|---|---|---|---|
| လာဘ်ပေးလာဘ်ယူဖြစ်ပွားမှုနှုန်း(လာဘ်ပေးရန်အနည်းဆုံး တစ်ကြိမ် တောင်းဆိုခြင်းခံရသည့် ကုမ္ပဏီများ၏ရာခိုင်နှုန်း)[68] | ၂၉.၃ (၄၂.၉) | ၂၉.၄ | ၁၇.၅ |
| လာဘ်ပေးလာဘ်ယူမှုအတိမ်အနက် (လက်ဆောင်၊ သို့မဟုတ် တရား မဝင် ငွေပမာဏပေးဆောင်ပါဟု တောင်းဆိုခံရသည့် အကြိမ်ရာခိုင်နှုန်း)[69] | ၂၆.၇ (၃၅.၄) | ၂၃.၃ | ၁၃.၇ |
| အခွန်ရုံးအရာရှိများနှင့် တွေ့ဆုံရာတွင် လက်ဆောင်ပဏ္ဏာများ ပေးလို သော စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၂၀.၄ (၃၇.၁) | ၂၀.၃ | ၁၂.၉ |
| အစိုးရလုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်(ကန်ထရိုက်)ရယူရန် လက်ဆောင် ပမာဏပေးလိုသော ကုမ္ပဏီလုပ်ငန်းအရေအတွက် | ၉.၈ (၃၂.၅) | ၄၅.၆ | ၂၈.၉ |
| အစိုးရလုပ်ငန်းဆိုင်ရာလုပ်ပိုင်ခွင့် (ကန်ထရိုက်)ရယူရန် လက်ဆောင် ပေးရသည့် ပမာဏရာခိုင်နှုန်း (လုပ်ငန်းတန်ဖိုးပမာဏ၏ရာခိုင်နှုန်း) | ၀.၂ (၁.၀) | ၂.၄ | ၁.၇ |
| လုပ်ငန်းလိုင်စင်ရရန် လက်ဆောင်ပဏ္ဏာများပေးလိုသော စီးပွားရေး လုပ်ငန်းရာခိုင်နှုန်း | ၃၇.၁ (၃၈.၉) | ၂၁.၇ | ၁၄.၁ |
| တင်သွင်းခွင့်လိုင်စင်ရရန် လက်ဆောင်ပဏ္ဏာများပေးလိုသော စီးပွား ရေးလုပ်ငန်းရာခိုင်နှုန်း | ၂၆.၄ (၅၃.၅) | ၂၉.၉ | ၁၄.၁ |
| ဆောက်လုပ်ရေးလိုင်စင်ရရန် လက်ဆောင်ပဏ္ဏာများ ပေးလိုသော စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၄၇.၆ (၄၆.၅) | ၄၂.၄ | ၂၃.၁ |
| လျှပ်စစ်ဆက်သွယ်ရေးရရှိရန် လက်ဆောင်ပဏ္ဏာများ ပေးလိုသော စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၃၅.၆ (၅၅.၈) | ၂၁.၀ | ၁၅.၇ |
| ရေရရှိရန် လက်ဆောင်ပဏ္ဏာများပေးလိုသော စီးပွားရေးလုပ်ငန်း ရာခိုင်နှုန်း | ၂၉.၅ (၃၀.၁) | ၂၃.၇ | ၁၅.၈ |
| အလုပ်ပြီးအောင် ဆောင်ရွက်ပေးရန် ဝန်ထမ်းများအား ငွေပေးချေလို သော စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၁၆.၅ (၂၆.၈) | ၅၂.၁ | ၂၂.၂ |
| လာဘ်ပေးလာဘ်ယူခြင်းအား အဓိကအဟန့်အတားဟု သတ်မှတ်သည့် စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၆.၃ (၉.၃) | ၁၅.၉ | ၃၂.၅ |
| တရားဥပဒေစနစ်သည် အဓိကအဟန့်အတားဟု သတ်မှတ်သည့် စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း | ၅.၃ (၉.၂) | ၆.၃ | ၁၄.၅ |

67 http://www.enterprisesurveys.org/data/exploreeconomies/2014/myanmar

68 လာဘ်ပေးလာဘ်ယူမှုအကြိမ်နှုန်းသည် စက်ပစ္စည်းကိရိယာရယူသုံးစွဲမှု၊ ခွင့်ပြုချက်များ၊ လိုင်စင်များနှင့် အခွန်အခများဆိုင်ရာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်တိုင်း စုစုပေါင်း(၆) ကြိမ်တွင် အနည်းဆုံးတစ်ကြိမ်ခန့် လာဘ်ပေးရန် တောင်းဆိုခံရသော လုပ်ငန်းရာခိုင်နှုန်းကို ဆိုလိုသည်။

69 လာဘ်ပေးလာဘ်ယူမှု အတိုင်းအတာဆိုသည်မှာ (စက်ပစ္စည်းကိရိယာ ရယူသုံးစွဲမှု၊ ခွင့်ပြုချက်များ၊ လိုင်စင်များနှင့် အခွန်အခများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်တိုင်း စုစုပေါင်း (၆) ကြိမ်အနက်) လက်ဆောင်(သို့) တရားမဝင်သော ငွေပေးချေမှုပြုရန် တောင်းဆိုခံရမှု အကြိမ်အရေအတွက်ကို ဆိုလိုသည်။



### Transparency International ၏ အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်း

၂၀၁၇ခုနှစ်တွင် ထွက်ရှိလာသည့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအကဲဖြတ်အဖွဲ့၏ အကျင့်ပျက်ခြစားမှုညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ယခင်နှစ်များနှင့်ယှဉ်လျှင် အနည်းငယ် ရမှတ်အဆင့်မြင့်တက်လာပြီး အဆင့်ပေါင်း ၁၈၀ တွင် ၁၃၀ မြောက် အဆင့်ကိုရရှိခဲ့သည်။ ဤအဆင့်မှာ ယူကရိန်းနိုင်ငံနှင့်တူညီပြီး ဒေသတွင်းရှိ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ အထက်တွင်ရှိနေသည်။[70] နိုင်ငံတကာ ပွင့်လင်းမြင်သာမှု အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်လုပ်ကိုင်ခြင်း မရှိသေးပါ။[71] ဤသို့ ဒေသတွင်းရုံးခွဲမရှိခြင်းသည် အရက်ဖက်လူမှုအဖွဲ့အစည်းများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို လက်တွေ့ဆောင်ရွက်ရာတွင် မိမိတို့၏လုံခြုံမှုကို ခြိမ်းခြောက်မှုများရှိနိုင်သောကြောင့် တွေဝေနေရခြင်းဖြစ်သည် ဟူသောအချက်ကို ရောင်ပြန်ဟပ်နေသည်။

### စီးပွားရေးပတ်ဝန်းကျင် ညွှန်းကိန်း (Myanmar BEI)

ဓန(Dana Facility) သည် အာရှဖောင်ဒေးရှင်းနှင့်အတူ ပထမဦးဆုံးသော မြန်မာ့စီးပွားရေးပတ်ဝန်းကျင်ညွှန်းကိန်း (Myanmar BEI)ကို ဆောင်ရွက်နေသည်။[72] ဤညွှန်းကိန်းအတွက် မြန်မာနိုင်ငံ၏ တိုင်းဒေသ အများအပြားရှိ စီးပွားရေးလုပ်ငန်းများကို စစ်တမ်းများကောက်ယူသွားမည်ဖြစ်သည်။ ဤညွှန်းကိန်းသည် နိုင်ငံတွင်းဒေသအဆင့်တွင် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အလေ့အကျင့်များကို ပိုမိုလွယ်ကူချောမွေ့စေရေးကို တိုက်တွန်းရန်ရည်ရွယ်ပြီး မလိုအပ်သော ဗျူရိုကရက်အဟန့်အတားများနှင့် အများအတွက် အကျိုးမရှိသော (တစ်ဖက်သက် အကျိုးသာရှိသော) rent seeking  အခွင့်အရေးများအား ဖယ်ရှားရန်ဖြစ်သည်။ ထိုနည်းအားဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစီးပွားရေးပတ်ဝန်းကျင်၏အခြေအနေကို ချင့်တွက်နိုင်ရန် ကိရိယာတစ်ခုအဖြစ် ဤညွှန်းကိန်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

### ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့၏ အခြေအနေ တိုးတက်လာမှုများ

ယခင်အစီရင်ခံစာထုတ်ပြန်ခဲ့သည့် အချိန်မှစ၍ မြန်မာနိုင်ငံရှိကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပွင့်လင်းမြင်သာမှု ပိုမိုများပြားလာစေရန်အတွက် အချို့သောနည်းလမ်းများမှာ စတင်ပေါ်ထွက်လာပြီးဖြစ်သလို ဆွေးနွေးဆဲအဆင့်တွင်လည်း ရှိနေသည်။ ဤအပိုင်းတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့် နည်းဥပဒေများတွင် ပါဝင်သော ပုဂ္ဂလိကကုမ္ပဏီများလိုက်နာရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖော်ပြထားသည်။ ဤဥပဒေနှင့် နည်းဥပဒေများကို ၂၀၁၅ ခုနှစ်တွင် စတင်သတ်မှတ်အတည်ပြုခဲ့သော်လည်း ကုမ္ပဏီများ အထူးသဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းမဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ သိနားလည်မှုနည်းပါးပြီး လက်တွေ့အကောင်အထည်ဖော်ခြင်း ပို၍ပင်နည်းပါးနေသည်။

### ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ကို ၂၀၁၃ ခုနှစ် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ[73]အရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်

70 Transparency International Corruption Perception Index 2017 ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ။

71 https://www.transparency.org/country/MMR

72 Asia Foundation and Dana Facility launch new program to improve subnational business environment in Myanmar ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ ၁၁ ရက်။ အာရှဖောင်ဒေးရှင်းသည် ဗီယက်နမ်နိုင်ငံ ဒေသပိုင်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း ညွှန်းကိန်းအပါအဝင် အလားတူညွှန်းကိန်းများကို စတင်မိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ရှိသလို မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း အခြားလေ့လာမှုများ ပြုလုပ်ခဲ့သည်။

73 Securities Exchange Law ၂၀/၁၃၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ရက်။

ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ (O.T.C) ဈေးကွက်၊ စတော့အိတ်ချိန်းနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၊ စာရင်းစစ်များနှင့် ကိုယ်စားလှယ်များအားလုံးကို ကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်သည်။ ကြီးကြပ်ကွပ်ကဲရေးအပိုင်းတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အခန်း ၆ တွင် ဖော်ပြထားသည့်အတိုင်း ငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရရှိရန် ရက်ပေါင်း ၆၀ ကြာမြင့်မည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ အလားအလာညွှန်တမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကော်မရှင် (SECM)သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက်စာရင်းစစ်ခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အဆင့်အတန်းများအား ပြုစုရေးဆွဲရန်လည်း တာဝန်ရှိသည်။ လိုအပ်ချက်တစ်ခုရှိသည်မှာ မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်း ဆိုင်ရာကျင့်ဝတ်ကို ပြုစုရန်ဖြစ်ပြီး ဤလိုအပ်ချက်ကို OECD လုပ်ငန်းစဉ်အသစ်၏ ရလဒ်အဖြစ် ပါရှိကောင်းပါရှိနိုင်သည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ[74]၏ အခန်း(၄) (စဉ်ဆက်မပြတ် ထုတ်ဖော်ပြသခြင်း)တွင် ထုတ်ပြန်ချက်များဆိုင်ရာ လိုအပ်ချက်များကို ဖော်ပြထားသည်။ ထိုထုတ်ပြန်ချက်ဆိုင်ရာ လိုအပ်ချက်များ[75]သည် အောက်ပါကုမ္ပဏီများအတွက် အကျုံးဝင်သည်။

- စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများ။
- (O.T.C) ဈေးကွက်တွင် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီ။
- ငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ကော်မရှင်မှ အတည်ပြုထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။
- ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်ရင်းနှီးမြှုပ်နှံသူအရေအတွက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။

အထက်ပါ စာရင်းတွင်ပါဝင်သောကုမ္ပဏီများသည် အောက်ပါတို့ကို တင်ပြရန် လိုအပ်သည်။

- နှစ်ပတ်လည်အစီရင်ခံစာများ (နည်းဥပဒေ ၁၁၈ အရ) ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျစေခြင်းမရှိဘဲ ကုမ္ပဏီသို့တင်ပြရမည်။
- နှစ်ဝက်အစီရင်ခံများ (နည်းဥပဒေ ၁၂၁)ကို ဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျစေခြင်းမရှိဘဲ ကော်မရှင်သို့တင်ပြရမည်။
- ထူးခြားဖြစ်စဉ် အစီရင်ခံစာများ။

နှစ်ပတ်လည်အစီရင်ခံစာများတွင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ယင်း၏ ယခင်ဘဏ္ဍာရေးနှစ် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း၊ ဤစာရင်းများပါဝင်သည့် စာရင်းစစ်အစီရင်ခံစာနှင့် ကုမ္ပဏီ၏အရေးကြီးသော အချက်အလက်များကိုလည်း ပါဝင်ရမည်ဖြစ်သည်။ အရေးကြီးသော အချက်အလက်များ[76]ဆိုသည်မှာ-

74 ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ။ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၌ ထုတ်ပြန်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်။

75 အစီရင်ခံခြင်း ကင်းလွတ်ခွင့်ရသော ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်း ရပ်ဆိုင်းထားသည်ဖြစ်စေ၊ လုပ်ငန်းဖျက်သိမ်းရန် စီစဉ်ထားသည် ဖြစ်စေ(သို့) ကော်မရှင်မှထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၌ ပါရှိသည့် သက်သေခံလက်မှတ် ကိုင်ဆောင်သူ အရေအတွက်ထက် ကုမ္ပဏီရှိစုစုပေါင်းအရေအတွက်သည် နည်းပါးနေသည်ဖြစ်စေ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

76 ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများရှိ နည်းဥပဒေ ၁၀၉ ပါအတိုင်း။



- ကုမ္ပဏီ၏သမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်း၏ပင်မနှင့် လက်အောက်ခံကုမ္ပဏီများ၊ ယင်းနှင့်ဆက်စပ်သည့် ကုမ္ပဏီများ၊ ယင်း၏ဝန်ထမ်းများ စသည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အပါအဝင် ကုမ္ပဏီ၏အကြောင်းရာ အကျဉ်းချုပ်။
- ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အဓိကဈေးကွက်များ၊ ကုမ္ပဏီမှရင်ဆိုင်နေရသည့် အဓိကအန္တရာယ်နှင့် မရေရာမှုများ၊ အရေးကြီးသော စာချုပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုများ စသည်တို့ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်။
- ကုမ္ပဏီ၏ ပစ္စည်းကရိယာများတွင် ရင်းနှီးမြှုပ်နှံမှု၊ ပင်မစက်ရုံနှင့် ပစ္စည်းကိရိယာများ စသည့် သတင်းအချက်အလက်များ ပါဝင်သည့် ကုမ္ပဏီ၏ စက်ရုံနှင့် ပစ္စည်းကိရိယာများ ဖော်ပြချက်နှင့်
- အဓိကအစုရှယ်ယာပိုင်ရှင်များ၊ အမြတ်ဝေစုမူဝါဒ၊ အဖွဲ့အစည်းဖွဲ့စည်းမှုပုံသဏ္ဍာန်၊ စီမံခန့်ခွဲမှုစနစ်စသည့် သတင်းအချက်အလက်များပါဝင်သည့်ကုမ္ပဏီ၏ အကြောင်းအရာ ဖော်ပြချက်တို့ဖြစ်သည်။

နှစ်ဝက်အစီရင်ခံစာများတွင် စာရင်းစစ်ထားပြီးဖြစ်သော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများပါဝင်ရမည်ဖြစ်သည်။ သက်ဆိုင်သောကာလအတွင်း ပေါ်ပေါက်ခဲ့သည့် အဓိကဖြစ်ရပ်နှင့် ရောင်းဝယ်မှုများ၊ ယင်းတို့ကြောင့် ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေနှင့် ထိန်းချုပ်တာဝန်ယူမှုများအပေါ် ရိုက်ခတ်မှုများနှင့် သက်ဆိုင်သောကာလအတွင်း ကုမ္ပဏီ၏ ငွေရေးကြေးရေး အခြေအနေ၊ စွမ်းဆောင်မှုနှင့် ထိန်းချုပ်တာဝန်ယူမှုများကို ယေဘုယျဖော်ပြထားသည့် ဒါရိုက်တာများ၏ အစီရင်ခံစာ သို့မဟုတ် စီမံအုပ်ချုပ်သူများ၏ ကြားဖြတ်အစီရင်ခံစာလည်း ပါဝင်ရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသော အစီရင်ခံစာများအားလုံးသည် နည်းဥပဒေ ၁၂၄ အရ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ်မျိုးလုံးဖြင့် ပုံနှိပ်ထားပြီး အခမဲ့ရယူနိုင်ရမည်ဖြစ်သည်။ ထို့အပြင် ကုမ္ပဏီနှင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)၏ ဝက်(ဘ်)ဆိုဒ်တွင်လည်း ဖတ်ရှုနိုင်ရန် နှစ်ပတ်လည်အစီရင်ခံစာများအတွက် ၅ နှစ်တာ၊ နှစ်ဝက်အစီရင်ခံစာများအတွက် ၃ နှစ်တာနှင့် အထူးအစီရင်ခံစာများအတွက် ၁ နှစ်တာ အစရှိသည့် အချိန်အသီးသီးကြာမြင့်အောင် တင်ထားရမည်ဖြစ်သည်။ စတော့အိတ်ချိန်းတွင်စာရင်းဝင်ထားသော ကုမ္ပဏီများမှာလည်း ရန်ကုန်စတော့အိတ်ချိန်း ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ထိုအစီရင်ခံစာများကို ထုတ်ပြန်ထားရမည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အား ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ထောက်ပံ့ထား ခြင်းဖြစ်ပြီး ကြီးကြပ်ကွပ်ကဲရေးတာဝန်များကို ဆောင်ရွက်နိုင်ရန် အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် စာရင်းဝင်ထားသော များပြားလှသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ (ဇယားကွက် ၆)အပြင် (O.T.C) ဈေးကွက်တွင်ရှိသော ကုမ္ပဏီများကို ကြီးကြပ်ရန်အတွက် လိုအပ်သည့်အင်အားနှင့် ကျွမ်းကျင်မှုများ မလုံလောက်ပါ။ ထိုများစွာသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် ကြီးကြပ်ရေးကော်မရှင် စတင်ခဲ့သည့် အချိန်မတိုင်မီကပင် ဖွဲ့စည်းထားရှိခြင်းဖြစ်ပြီး ကော်မရှင်၏နည်းနာများကို လေးစားလိုက်နာစေရေးအတွက် လုပ်ဆောင်ရမည်ဖြစ်သည်။

## ရန်ကုန်စတော့အိတ်ချိန်း

ရန်ကုန်စတော့အိတ်ချိန်း (YSX) သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ များ (၂၀၁၅ ခုနှစ်) အခန်း ၈ အရဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ကြီးကြပ်ကွပ်ကဲသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် ဂျပန်ရင်းနှီးမြှုပ်နှံမှုဘဏ် Daiwa Securities Group နှင့် မြန်မာ့စီးပွားရေးဘဏ် (MEB) တို့ကြား စီးပွားဖက်အဖြစ် တည်ထောင်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ် (MEB) က အများစုပိုင်ဆိုင်သည်။

လက်ရှိ ရန်ကုန်စတော့အိတ်ချိန်း၏ အစီရင်ခံခြင်းဆိုင်ရာ စည်းကမ်းချက်များသည် အကန့်အသတ်ရှိနေသည်။ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ အရ အလားအလာညွှန်းတမ်းတွင် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုနှင့် အဓိကဈေးကွက်များ၊ ကုမ္ပဏီရင်ဆိုင်ရနိုင်ဖွယ်ရှိသည့်ဆုံးရှုံးနိုင်မှုအလားအလာများ၊ အရေးကြီးသောစာချုပ်များ၊ သုတေတနနှင့် ဖွံ့ဖြိုးမှုများ စသည်တို့ ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်ကို ထည့်သွင်းထားရမည်။[77] စဉ်ဆက်မပြတ် ထုတ်ဖော်ပြသခြင်းအပိုင်းတွင် ဘေးအန္တရာယ်(သို့မဟုတ်) တရားစွဲဆိုမှုများရှိလာသည့် အခါတွင်လည်း သက်ဆိုင်ရာအကြောင်းအရာများပါဝင်သည့် အထူးအစီရင်ခံစာတစ်စောင်ကို ကော်မရှင်သို့ တင်ပြရမည်။[78]

## ကုမ္ပဏီများဥပဒေအသစ်တွင် ပါဝင်သည့် ပွင့်လင်းမြင်သာမှုပိုင်းဆိုင်ရာ အကြောင်းအရာများ

၂၀၁၇ ခုနှစ်ကုမ္ပဏီများဥပဒေကို အတည်ပြု ကျင့်သုံးလိုက်သည့်နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)သည် လက်ရှိတွင် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အမိန့်ကြော်ငြာစာအသစ်များနှင့် ပုံစံသစ်များ၊ ပြည်သူများကိုပညာပေးမှုနှင့် လျှပ်စစ်ဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း စနစ်သစ်ကိုလည်း စတင်အကောင်အထည်ဖော်ရန် ပြင်ဆင်နေပြီဖြစ်သည်။ မှတ်ပုံတင်ခြင်းစနစ်အသစ်တွင် ကုမ္ပဏီများမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီမှ အချက်အလက်များ ဖြည့်စွက်မှုကို တင်သွင်းနိုင်ခြင်းနှင့် ကုမ္ပဏီမှတ်ပုံတင်ရုံးနှင့် ဆက်သွယ်လုပ်ဆောင်နိုင်ရန် အသုံးဝင်မည်ဖြစ်သည်။[79] ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် လုပ်ငန်းလည်ပတ်မှုမရှိတော့သော ကုမ္ပဏီများ၏ မှတ်ပုံတင်ထားရှိမှုများအား ပယ်ဖျက်နိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ ဝက်(ဘ်)ဆိုဒ်သစ်စတင်ချိန် ကနဦးကာလပိုင်း၌ ကုမ္ပဏီများကို အသေးစိတ်ရှာဖွေရာတွင် လွယ်ကူစေရန် သက်ဆိုင်ရာဒါရိုက်တာများ၏ နာမည်နှင့် ID နံပါတ်များ ထည့်သွင်းဖော်ပြထားခဲ့သော်လည်း လက်ရှိလတ်တလောကာလပိုင်းတွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းများ ပြုလုပ်သည့် သက်ဆိုင်ရာ ဒါရိုက်တာများ၏ အချက်အလက်များကို ဝက်(ဘ်)ဆိုဒ်တွင် ဖော်ပြထားခြင်းမရှိတော့ပုံရသည်။ [80]

ကုမ္ပဏီများဥပဒေပုဒ်မ ၂၆၁ အရ ကုမ္ပဏီများသည် ဘဏ္ဍာရေးရှင်းတမ်းများနှင့်တကွ ဒါရိုက်တာများ၏ အစီရင်ခံစာကိုပါ တင်ပြရမည်ဖြစ်သည်။ ထိုအစီရင်ခံစာသည် "ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများကိုရည်ညွှန်းပြီး ကုမ္ပဏီ၏ စီးပွားရေးအခြေအနေအား တရားမျှတစွာ ပြန်လည်သုံးသပ်ချက်၊ ကုမ္ပဏီ၏ မူလစီးပွားရေးဆိုင်ရာနှင့်ပတ်သက်၍ ဖော်ပြချက်၊ ကုမ္ပဏီ၏ တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို ဆန်းစစ်ခြင်း၊ ကုမ္ပဏီမှရင်ဆိုင်နေရသော ဆုံးရှုံးနိုင်မှုများ၊ မသေချာမှုများနှင့် အခြားဖော်ပြရန် လိုအပ်သောအကြောင်းအရာများ ပါဝင်ရမည်" ဖြစ်သည်။

77 ရန်ကုန် စတော့အိတ်ချိန်း၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ အင်္ဂလိပ် နှင့် မြန်မာ။

78 https://ysx-mm.com/wp-content/uploads/2016/03/n_en_022016_01.pdf

79 https://www.dica.gov.mm/sites/dica.gov.mm/files/document-files/registration_fee_-e.pdf

80 http://www.dica.gov.mm/en/company-search. ထို့အပြင် www.opencoperates.com သည် DICA မှ အချက်အလက်များကို အသုံးပြု၍ due diligence အတွက် အရေးပါသည့်ကုမ္ပဏီများနှင့် ဒါရိုက်တာများအကြား ချိတ်ဆက်မှုများရှိလာစေရန် လုပ်ဆောင်ပေးသည်။



ကော်ပိုရိတ်အချက်အလက်များသည် အများပြည်သူများကြည့်ရှုနိုင်ရန်အတွက် ဖော်ပြထားမည်ဖြစ်သည်။ ကုမ္ပဏီများ ဥပဒေပုဒ်မ ၄၂၁ (င) အရ "မည်သူမဆို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသည့် မှတ်ပုံတင် စာရင်းများနှင့်မှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်အခကြေးငွေကို ပေးသွင်းစေလျက် စစ်ဆေးကြည့်ရှုနိုင်သည်။ ဥပဒေပုဒ်မ ၄၂၁ (စ)တွင်လည်း မည်သူမဆို ကုမ္ပဏီတစ်ခု ဖွဲ့စည်းတည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရ မှတ်ပုံတင်အရာရှိသို့ တင်ပြရသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိမ်းသိမ်းထားရှိရမည့် အခြားစာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြားစာရွက်စာတမ်း၏ မည်သည့်အစိတ်အပိုင်းကိုမဆို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်အခကြေးငွေကိုပေးသွင်း၍ မှတ်ပုံတင်အရာရှိက မိတ္တူမှန်ကန်ကြောင်း အထောက်အထားပြုသည့် စာရွက်စာတမ်းမိတ္တူ သို့မဟုတ် ကောက်နုတ်ရယူလိုသည့် အချက်အလက်မိတ္တူကို ရယူနိုင်သည်" ဟု ဖော်ပြထားသည်။

ကုမ္ပဏီ၏ အချက်အလက်များဖြစ်သောနှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းများအား အွန်လိုင်းတွင် တင်ထားခြင်းမရှိပါက ရှာဖွေရန် မလွယ်ကူသည့်အပြင် အွန်လိုင်းတွင် တင်ထားလျှင်ပင် ပွင့်လင်းပြီး အများအလွယ်တကူ ယူသုံးနိုင်သော (open data) များ မဟုတ်ပါက အဆင်မပြေသဖြင့် နောင်တွင် အများပြည်သူလေ့လာနိုင်အောင် ပြုလုပ်ထားသင့်သည်။

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ

၂၀၁၆ ခုနှစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၇ ခုနှစ် နည်းဥပဒေများတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရရှိလိုသော လုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဌာန်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ နည်းဥပဒေ ၄၅ အရ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အဆိုပြုချက်ကို လက်ခံရရှိသည့် ၁၀ ရက်အတွင်း၊ အဆိုပြုချက်အား ကော်မရှင်မှ ထည့်သွင်းမစဉ်းစားမီ ၄င်းအဆိုပြုချက်၏ အကျဉ်းချုပ်ကို အများသိအောင် ထုတ်ပြန်ကြေညာရန် လိုအပ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက် ကိုင်ဆောင်ထားသူများသည် မည်သို့တာဝန်ယူမှုရှိစွာနှင့် ရေရှည်တည့်တံ့မှုရှိစွာ ရင်းနှီးမြှုပ်နှံထားသည်ကို အသေးစိတ်ဖော်ပြထားသော နှစ်စဉ်အစီရင်ခံစာတင်ပြရန် (နည်းဥပဒေ ၁၉၆/၁၉၉ အရ) လိုအပ်သည်။ ဤသို့သော ပြဌာန်းချက်များရှိသော်လည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့သည် အဆိုပါပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသေးပေ။

## ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၉ရက်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီး အများပြည်သူ၏ အချိန်မီ အကြံပေးဆွေးနွေးခြင်းများဆောင်ရွက်ရန်နှင့် အဆိုပါဆန်းစစ်ချက် (လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများလည်း ပါဝင်သည်) အစီရင်ခံစာကို တရားဝင်ထုတ်ပြန်ကြေညာရန် လိုအပ်သည်ဟု ထုတ်ပြန်ခဲ့သည်။ အဆိုပါလုပ်ထုံးလုပ်နည်းတွင် (သဘာဝပတ်ဝန်းကျင်အား ကနဦးစစ်ဆေးခြင်း လုပ်ငန်းအတွက် ဥပဒေပုဒ်မ ၃၈၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတွက် ဥပဒေပုဒ်မ ၆၅) စီမံကိန်းအဆိုပြုသူ (ကုမ္ပဏီဖြစ်စေ အများနှင့်သက်ဆိုင်သော ကိုယ်စားလှယ်များဖြစ်စေ) အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက်နောက် မကျစေဘဲ လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် ထုတ်ဖော်ကြေညာရမည်ဖြစ်သည်။ ထိုသို့ ထုတ်ဖော်ကြေညာရမည့်

နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖော်ပြထားရှိခြင်း။
- သတင်းစာကဲ့သို့သော နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ဆက်သွယ်အကြောင်းကြားခြင်း။
- စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင် ထုတ်ဖော် ကြေညာခြင်း။
- စီမံကိန်းအဆိုပြုသူ၏ ရုံးဌာနများတွင် ထုတ်ဖော်ကြေညာခြင်း။

အဆိုပါနေရာများအပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အစီရင်ခံစာကို လက်ခံရရှိပြီးသောအခါ အွန်လိုင်းပေါ်တွင် အများပြည်သူ ဝင်ရောက်လေ့လာနိုင်အောင် တင်ပြထားရှိရန် လိုအပ်သည်။ သို့သော် (နိုင်ငံတကာကုမ္ပဏီကြီးများကဦးဆောင်လွှမ်းမိုးသော)ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ[81] မှလွဲ၍ အလွန်နည်းပါးသော ကုမ္ပဏီများမှသာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကိုထုတ်ဝေထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှာမူ ထုတ်ဝေထားခြင်း မရှိပေ။ ထို့အပြင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏ ဖြောင့်မတ်တည်ကြည်မှုသည်လည်း ပျက်စီးယိုယွင်းလျက်ရှိသည်။ အကြောင်းရင်းမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုများသည် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အကျိုးသက်ဆိုင်သူများမှ မည်သည့် ရင်းနှီးမြှုပ်နှံမှုများသည် IEE/EIA အားဆောင်ရွက်နေသည် အစရှိသည်တို့ကို ကြည့်ရှုနိုင်ရန် အွန်လိုင်းအချက်အလက်မရှိခြင်း၊ ထုတ်ဖော်ကြေညာထားသော အစီရင်ခံစာများ၊ တိုးတက်မှု အတိုင်းအတာ အစရှိသည်တို့ပါဝင်သော စီမံအုပ်ချုပ်မှု ဆိုင်ရာကိုင်တွယ်မှုများသည် ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။[82]

စာရင်းစစ်များကဲ့သို့ပင် ဈေးသက်သာ၍ အရည်အသွေးနိမ့်ပါးသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း(EIA) သည် မြန်မာနိုင်ငံတွင် ပြဿနာတစ်ရပ်ဖြစ်နေသည်။ ဒေသတွင်းရှိ အချို့သော EIA အကြံပေးများ ကောက်ခံနေသော လုပ်ခနှုန်းထားများသည် အခြေခံ အချက်အလက်များ ကောက်ယူစုဆောင်း ရန်၊ စမ်းသပ်စစ်ဆေးမှုပြုရန်နှင့် ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများပြုရန် မလုံလောက်ပေ။ စီမံကိန်းအဆိုပြုသူများဖြစ်သည့် ရင်းနှီးမြှုပ်နှံသူများကလည်း ငွေကြေးတိုးမြှင့်ပေးရန် မလိုလားကြပေ။ သို့သော် ဤသို့လုပ်ငန်းအစပိုင်းတွင် ငွေကြေးချွေတာမှုရှိသဖြင့် လုပ်ငန်းလည်ပတ်နေစဉ် မထင်မှတ်ဘဲ ငွေကြေးပိုမိုကုန်ကျသွားနိုင်သည်။ ဥပမာအားဖြင့် ကုမ္ပဏီများမှ ဈေးသက်သာ၍ အရည်အသွေးနည်းသည့် EIA မျိုးကို လုပ်ဆောင်သောကြောင့် ဝန်ကြီးဌာနမှဖြစ်စေ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) မှဖြစ်စေ EIA ပြန်လည်လုပ်ဆောင်ရမည်ဟု တောင်းဆိုခြင်းခံရသည့် အခြေအနေမျိုးကို MCRB အနေဖြင့် အကြိမ်ပေါင်းများစွာ တွေ့မြင်ဖူးသည်။ ထို့အပြင် စီမံကိန်းအဆိုပြုသူများသည် ၄င်းတို့၏ EIA တွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ ပါဝင်သည့် တိကျသော အကဲဖြတ်မှုများကို ထည့်သွင်းလိုခြင်းမရှိခြင်းမှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု ၄၁%သော EIA အကြံပေးများက MCRB နှင့် Vermont ဥပဒေကျောင်းမှ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် သဘောတူပြောဆိုခဲ့သည်။

81 http://www.myanmar-responsiblebusiness.org/news/mixed-picture-disclosure-environmental-impact-assessments.html နှင့် http://www.myanmar-responsiblebusiness.org/news/eia-survey-update.html

82 http://www.myanmar-responsiblebusiness.org/news/consultants-biggest-challenge.html



**အခွန်အများဆုံး ပေးဆောင်ထားသည့် ကုမ္ပဏီများစာရင်း**

ပြည်တွင်းအခွန်များဦးစီးဌာနမှ နှစ်စဉ်ထုတ်ပြန်သည့် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အများဆုံး ပေးဆောင်ထားသော မြန်မာနှင့် နိုင်ငံခြားကုမ္ပဏီပေါင်း (၁၀၀၀)စာရင်းသည် ယခုနှစ်တွင် ငါးကြိမ်မြောက်စာရင်းပြုစုခြင်းဖြစ်ပြီး ပုံမှန်အဆင့် သတ်မှတ်ခြင်းမျိုးသာမက ပေးဆောင်ခဲ့သည့် ပျမ်းမျှ အခွန်ပမာဏပေါ်မူတည်၍ (အတိအကျပမာဏကို ဖော်ပြခြင်းမျိုး မဟုတ်သေးသော်လည်း) အုပ်စုခွဲဖော်ပြသောကြောင့် ကုမ္ပဏီတစ်ခုချင်းစီမှ အကြမ်းဖျင်း မည်မျှပေးဆောင်သည်ဟု သိသာရှင်းလင်းစွာ တွေ့မြင်နိုင်သည်။[83]

**တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)**

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးသည် သဘာဝသယံဇာတ အရင်းအမြစ်များအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုစနစ်အား အားပေးထောက်ခံသည့် နိုင်ငံတကာမှ ရှေ့ပြေးဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ [84] EITI သည်ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်းလုပ်ငန်းများဆိုင်ရာ စီမံအုပ်ချုပ်မှုကို ကိုင်တွယ်ဖြေရှင်းရန် အထူးသဖြင့် နိုင်ငံ၏သဘာဝသယံဇာတများအား မည်သို့ စီမံအုပ်ချုပ်သည်ဟူသောအချက်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိလာအောင် ဆောင်ရွက်ရန်ရည်ရွယ်သည်။ အဆိုပါအချက်ထဲတွင် သဘာဝသယံဇာတများ လုပ်ပိုင်ခွင့်များကို မည်သို့သတ်မှတ်ကြောင်း၊ သဘာဝသယံဇာတများအား မည်သို့တန်ဖိုးဖြတ်ကြောင်းနှင့် အဆိုပါစီးပွားရေး လုပ်ငန်းများသည် လူသားများနှင့်စီးပွားရေးအား မည်သို့အကျိုးသက်ရောက်နိုင်ကြောင်းတို့ကို စောင့်ကြည့်သည့် အချက်များလည်း ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI အလောင်းအလျာနိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပထမဦးဆုံး EITI အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။[85] ဤအစီရင်ခံစာတွင် ကုမ္ပဏီများမှ အစိုးရထံသို့ ပေးဆောင်ခဲ့သည့်ဘဏ္ဍာဝင်ငွေများ၊ တစ်နည်းအားဖြင့် ၄င်းတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ အချက်အလက်များပေါ်အခြေခံသည့် ဝင်ငွေစာရင်းများပါဝင်သည်။ အစိုးရအပြောင်းအလဲကြောင့် ဒုတိယအကြိမ်အစီရင်ခံစာသည် နှောင့်နှေးကြန့်ကြာမှုများရှိသောကြောင့် ၂၀၁၆ ခုနှစ် စံသတ်မှတ်ချက်[86] အရ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် EITI ၏ "စိစစ်အကဲဖြတ်ရန် လိုသေးသည်"ဟူသော အဆင့်သတ်မှတ်ချက်တွင် ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွက် အစီရင်ခံစာများကို ၂၀၁၈ ခုနှစ်၊ မတ်လတွင် တင်သွင်းပေးရန် ကတိကဝတ်ပြုထားသည်။ ဤအစီရင်ခံစာများကို ၂၀၁၆ ခုနှစ် စံသတ်မှတ်ချက်အရ ၂၀၁၈ ဂျူလိုင်လနောက်ပိုင်းတွင် အကဲဖြတ်မည်ဖြစ်သည်။ ဤသို့ အစီရင်ခံစာများကို တင်သွင်းသွားမည် ဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အောက်ပါစံနှုန်းများဖြစ်သော "ကျေနပ်လောက်သည့် တိုးတက်မှုအခြေအနေရှိသည်၊ အဓိပ္ပာယ်ရှိသော တိုးတက်မှုအခြေအနေ၊ မလုံလောက်သော တိုးတက်မှုအခြေအနေ၊ တိုးတက်မှုအခြေအနေမရှိ"ဟူ၍ သင့်တော်သလို သတ်မှတ်ခြင်းခံရမည် ဖြစ်သည်။

**နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အစီရင်ခံစာတွင် အသုံးပြုသည့်မူဘောင်များ**

အချို့သော ကုမ္ပဏီများသည် ထုတ်ပြန်ကြေညာသည့် အချက်အလက်များတွင် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အစီရင်ခံခြင်းဆိုင်ရာမူဘောင်များကို အသုံးပြုခြင်း(သို့မဟုတ်)ရည်ညွှန်းခြင်းများရှိလာသည်။ အဆိုပါ မူဘောင်များထဲမှ အချို့အား အောက်တွင်ဖော်ပြထားပါသည်။

83 http://www.irdmyanmar.gov.mm/Download.aspx

84 Extractive Industries Transparency Initiative

85 MEITI, Myanmar First EITI Report, ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ။

86 2016 EITI Standard

### ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူချက် (UN Global Compact)

UNGC အဖွဲ့ဝင်များသည် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုဆိုင်ရာ မူဝါဒ(၁၀)ချက်နှင့်ဆက်စပ်နေသည့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များပါဝင်သည့် တိုးတက်မှုအခြေနေနှင့် ပတ်သက်သည့် သတင်းဆက်သွယ်ပေးပို့ချက်ဖြစ်သည့် Communication on Progress (COP) အစီရင်ခံစာအား နှစ်စဉ်ထုတ်ဝေရန် ကတိကဝတ်ပြုထားသည်။ အဆိုပါအစီရင်ခံစာများအား UNGC ဝက်(ဘ်)ဆိုက်[87] တွင် တွေ့ရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းမဟုတ်သော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများဖြစ်သည့် UNGC အဖွဲ့ဝင်များသည် ပါဝင်ပတ်သက် ဆက်နွယ်မှုဆိုင်ရာ သတင်းပေးပို့ချက်ဖြစ်သည့် Communication on Engagement (COE) အစီရင်ခံစာအား နှစ်နှစ်လျှင် တစ်ကြိမ် ထုတ်ပြန်ပေးရသည်။ [88]

၂၀၁၈ ခုနှစ်၊ မတ်လတွင် UNGC တွင် အဖွဲ့ဝင်ထားသည့် မြန်မာလုပ်ငန်းပေါင်း (၁၈၆)ခု (အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအဖြစ် (၁၂၄)ခု သည် စာရင်းသွင်းထားခဲ့သည်) ရှိပြီး အဆိုပါထဲမှ အဖွဲ့ဝင် (၄၅)ခု အား နှစ်စဉ်ထုတ်ပြန်ရမည့် COP အားထုတ်ပြန်ခြင်း မရှိသောကြောင့် ဆက်သွယ်ပြောဆိုခြင်းမရှိ (non-communicating) အဖြစ်သတ်မှတ်ထားသည်(၂ နှစ်ပြီးသည့်အချိန်တွင် COP ထုတ်ပြန်ကြေညာခြင်းမရှိလျှင် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခံရမည်ဖြစ်သည်)။ UNGC အဖွဲ့ဝင်အဖြစ်ဝင်ထားသည့် မြန်မာနိုင်ငံလုပ်ငန်းများ၏ အရေအတွက်သည် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ပွင့်သစ်စအစီရင်ခံစာ ထုတ်ပြန်ခဲ့သည့်အချိန်တွင် လုပ်ငန်းပေါင်း ၃၅၄ ခုရှိခဲ့သောကြောင့် ယခုနှစ် အဖွဲ့ဝင်အရေအတွက်သည် သိသာစွာနည်းပါးနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။[89] ၂၀၁၈ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် UNGC အဖွဲ့ဝင်ကုမ္ပဏီ (၁၇)ခု ပါဝင်သည်။ FMI၊ ရွှေတောင် ဂရု(ပ်)၊ စီးတီးမတ်ဟိုး(လ်)ဒင်းနှင့် UPG တို့၏ COP အစီရင်ခံစာများတွင် ထုတ်ဖော်ပြသထားသည့် အချက်များဖြစ်သည့် လုံခြုံမှုဆိုင်ရာ စာရင်းအင်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်သစ်စအစီရင်ခံစာအတွက် အမှတ်ပေးရာတွင် ထည့်သွင်းစဉ်းစားခဲ့သည်။

ကုမ္ပဏီများသည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအား COP အစီရင်ခံစာအဖြစ် အသုံးပြုနိုင်သဖြင့် မြန်မာကုမ္ပဏီများအနေဖြင့် အနာဂတ်တွင် UNGC အစီရင်ခံစာအား သီးသန့်ထုတ်ပြန်ခြင်းမျိုးထက် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာအား ဦးစားပေးလုပ်ကိုင်ရန် ထည့်သွင်းစဉ်းစားနိုင်သည်။

### နိုင်ငံတကာ စံသတ်မှတ်ချက် အဖွဲ့အစည်း (ISO)

ဤအစီရင်ခံစာတွင် အကဲဖြတ်ထားသည့် အချို့သောကုမ္ပဏီများသည် ISO သို့ အစီရင်ခံထားသည် (သို့မဟုတ်) အချို့မှာ ISO မှ အောက်ပါအသိအမှတ်ပြုလက်မှတ်များ ရရှိထားသည်ဟု ဆိုကြသည်။

- ISO 9001 (အရည်အသွေးစီမံခန့်ခွဲမှု)[90] – ကုမ္ပဏီ (၁၀)ခု
- ISO 14001 (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု)[91] – ကုမ္ပဏီ (၅)ခု
- ISO 26000 (လူမှုရေးအရတာဝန်ယူမှု)[92] – ကုမ္ပဏီ (၃)ခု

ISO 26000 သည် လမ်းညွှန်ချက်သာဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်ရရှိနိုင်သော စံသတ်မှတ်ချက်တစ်ခုမဟုတ်ကြောင်း သတိပြုသင့်သည်။

87 www.unglobalcompact.org/participation/report

88 MCRB၏ ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ထွက်ရှိသည့် Communication on Engagement (COE)အစီရင်ခံစာအား ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

89 www.unglobalcompact.org/what-is-gc/participants နှင့် www.facebook.com/ungcmyanmar/

90 www.iso.org/iso-9001-quality-management.html

91 www.iso.org/iso-14001-environmental-management.html

92 www.iso.org/iso-26000-social-responsibility.html



### ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI)

ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) သည် လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ နယ်ပယ်စုံရှိ အကျိုးသက်ဆိုင်သူများ ပါဝင်သည့် လုပ်ငန်းစဉ်အောက်တွင် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံခြင်းဆိုင်ရာစံနှုန်းများကို ရေးသားထုတ်ဝေခဲ့ပြီး အဆိုပါစံနှုန်းများကို နိုင်ငံတကာကုမ္ပဏီများမှ အစီရင်ခံခြင်းမူဘောင်အဖြစ် ကျယ်ပြန့်စွာသုံးစွဲလျက်ရှိသည်။[93] ပွင့်သစ်စ ၂၀၁၈ အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီနှစ်ခုဖြစ်သော ရွှေတောင်နှင့် စီးတီးမတ်ဟိုး(လ်)ဒင်းသည် GRI အား ကိုးကား၍ ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

### ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ

ကုမ္ပဏီ(၅)ခုက ၎င်းတို့၏လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရန် မည်သို့ပံ့ပိုးပေးကြောင်း အတိအလင်းဖော်ပြထားသည်။ UN Global Compact နှင့် GRI တို့သည် စီးပွားရေးလုပ်ငန်းများ၏ လက်ရှိအစီရင်ခံခြင်းလမ်းစဉ်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကိုပါ ပေါင်းစည်းထည့်သွင်းရန် အားပေးတိုက်တွန်းထားကြသည်။[94] ထိုသို့ပြုလုပ်ခြင်းဖြင့် မြန်မာ့ကုမ္ပဏီများသည် ယင်းကိစ္စရပ်များကို အစိုးရနှင့်လက်တွဲလုပ်ဆောင်ရန် အထောက်အကူပေးရာလည်း ရောက်သည်။

### အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် မီဒီယာများ၏ ဆောင်ရွက်မှုများ

*"ဂျာနယ်လစ်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို စီးပွားရေးအသိုက်အဝန်းနှင့် ပြည်သူလူထုအား ဖြန့်ဝေပေးနိုင်သည့် ထူးခြားသော စွမ်းဆောင်နိုင်မှုရှိသူများဖြစ်သည်။ ထို့အပြင် ဖတ်ရှုလေ့လာသူများအား ကုမ္ပဏီလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သိနားလည်အောင် လုပ်ဆောင်ပေးနိုင်သဖြင့် ဂျာနယ်လစ်များသည် ရှယ်ယာပိုင်ရှင်များသာမက လူမှုပတ်ဝန်းကျင်ပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ ၎င်းတို့၏ရှာဖွေတွေ့ရှိမှုများနှင့် အတွေးအမြင်များဖြင့် ဂျာနယ်လစ်များသည် ကုမ္ပဏီများ၏စီမံအုပ်ချုပ်မှု မကောင်းပါက မည်သို့ဖြစ်နိုင်သည်ကို ပြသနိုင်သည်။ ဂျာနယ်လစ်များအနေဖြင့် ကုမ္ပဏီများသည် အကောင်းဆုံး အလေ့အကျင့်များဖြင့် လုပ်ငန်းဆောင်ရွက်ပါက လက်တွေ့တွင် စီးပွားရေးလုပ်ဆောင်မှုကောင်းမွန်ခြင်းသာမက စီးပွားရေး အကြပ်အတည်းများကြားတွင် ပိုမိုတောင့်ခံနိုင်ကြောင်းလည်း သရုပ်ဖော်ပြသနိုင်သည်။"* [95]

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများနှင့် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ မီဒီယာအစီရင်ခံခြင်းများသည် ယခုထိ အကန့်အသတ်များ ရှိနေသေးသည်။ အကြောင်းရင်းမှာ မီဒီယာများအနေဖြင့် တရားစွဲဆိုခံရမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)သည် အစိုးရနှင့် စီးပွားရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်များမှ ပြုလုပ်သည့်အမှားများကို မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ တိုင်ကြားပြောဆိုခြင်းများ မရှိစေရန် လုပ်ဆောင်ထားသည်။[96] အဆိုပါဥပဒေပုဒ်မအောက်တွင် တရားစွဲဆိုခံရသည့်အမှုများကို ဆက်သွယ်ရေးဥပဒေဆိုင်ရာ သုတေသနအဖွဲ့မှ စာရင်းပြုစုလျက်ရှိသည်။ [97] အစိုးရအဖွဲ့အစည်းရှိ ပုဂ္ဂိုလ်များမှ ယခုကဲ့သို့သော ဥပဒေများကို မတရားသဖြင့် အသုံးပြုခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

93 https://www.globalreporting.org/standards နှင့် http://database.globalreporting.org/

94 www.unglobalcompact.org/take-action/action-platforms/sdg-reporting

95 'Who's really running the company: a guide to reporting on corporate governance'၊IFC ၂၀၁၂။ နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖိုရမ်၏ ခေါင်းဆောင်ဖြစ်သော Philip Armstrong မှ ၎င်းလမ်းညွှန်စာတမ်းတွင် ဤသို့ဖော်ပြရေးသားခဲ့သည်။

96 '66(d): No real change', Freedom of Expression Myanmar၊ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ။

97 Research Team for the Telecommunications Law, ဖေ့(စ်)ဘွတ် စာမျက်နှာ။

ကိုဆောင်ရွက်ပါမည်ဟူသော ကတိကဝတ်များကို ထိခိုက်ပျက်ယွင်းစေသည်။ မြန်မာနိုင်ငံဆိုင်ရာ လွှပ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အဖွဲ့သည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဥပဒေပုဒ်မ ၆၆ (ဃ) ကို အသုံးပြုခြင်းနှင့်ပတ်သက်၍ တင်ပြခဲ့သည်။ အဆိုပါဥပဒေအောက်တွင် နိုဝင်ဘာ ၂၀၁၅နှင့် နိုဝင်ဘာ၂၀၁၇ အတွင်း တိုင်ကြားမှုပြုသူများအနက် ၁၀%သည် စီးပွားရေးဆိုင်ရာ အကြောင်းအရာများဖြစ်ပြီး ၂% သော စွပ်စွဲခံရသူများသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသူ ဖြစ်သည်။[98]

စီးပွားရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အစီရင်ခံမှုမရှိခြင်းသည် သမိုင်းတစ်လျှောက်လုံးဖြစ်ပြီး၊ အထူးသဖြင့် ကုမ္ပဏီတစ်ခုချင်းစီ၏ စီးပွားရေးအစီရင်ခံခြင်းမျိုးကို မြန်မာနိုင်ငံတွင် လုပ်ရိုးထုံးစံမရှိပါ။ အစုရှယ်ယာ အများအပြားပါဝင်သည့် စာရင်းဝင်အများပိုင်ကုမ္ပဏီများ မရှိခြင်းသည် လူထု၏စိတ်ဝင်စားမှုကို လျော့နည်းစေသည်။ စာနယ်ဇင်းသမားများအနေဖြင့် ညံ့ဖျင်းသော စီမံအုပ်ချုပ်မှု၊ အကျင့်ပျက်ခြစားမှုများနှင့်ပတ်သက်၍ အတိအကျမှတ်တမ်းများ ရေးသားရန်လည်း အထောက်အပံ့များလိုအပ်သည်။ ကုမ္ပဏီများ အစီရင်ခံရာတွင် များသောအားဖြင့် ၎င်းတို့၏ ပရဟိတအလှူများကိုသာ အဓိကထားဖော်ပြကြသည်။ ၎င်းသည် အကျင့်ပျက်ခြစားခြင်း၏ အဓိကရင်းမြစ်ဖြစ်သည်။ ကုမ္ပဏီတစ်ခု၏ စာနယ်ဇင်းဝန်ထမ်းတစ်ဦးသည် “ကျွန်တော့်အလုပ်က Chairman အလှူလုပ်တဲ့အခါ ဓာတ်ပုံရိုက်ပေးပြီး သတင်းစာထဲမှာ ထည့်ရတာပါပဲ။ အဲ့လို ထည့်ရဖို့အတွက် ဂျာနယ်လစ်ကိုတော့ ပိုက်ဆံပေးရတယ်။” ဟု MCRB ကိုပြောကြားခဲ့သည်။[99]

မြန်မာနိုင်ငံတွင် အကျင့်ပျက်ခြစားမှုနှင့်ပတ်သတ်ပြီး လုပ်ဆောင်သော အရပ်ဖက်လူ့အဖွဲ့အစည်းများ အများအပြားမရှိပါ။ ထို့အပြင် အထူးသဖြင့် ကိစ္စတစ်ခုခြင်းစီအတွက် အကျင့်ပျက်ခြစားမှုကို ကိုင်တွယ်ရန် အခက်အခဲရှိနေသေးသည်။ အဓိက အရပ်ဖက်အဖွဲ့အစည်းများမှာ Myanmar Alliance for Transparency and Accountability (MATA), သဘာဝသယံဇာတများအား အဓိကရည်ရွယ်သော EITI[100] ၊ Spectrum [101] နှင့် USAID မှထောက်ပံ့ပေးထားသော Acces to Justice Initiative (A2JI)[102] တို့ဖြစ်သည်။ ပန်မြန်မာအပါအဝင် အခြားအရပ်ဖက် လူ့အဖွဲ့အစည်းများသည် သတင်းအချက်အလက်ရယူနိုင်မှုဆိုင်ရာဥပဒေကို ပြဌာန်းနိုင်ရန် လှုပ်ရှားလျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ အဆိုပြုလွှာများတင်သွင်းထားသည်။ ဤအကြောင်းအရာများကို ၂၀၁၈ ဇန်နဝါရီလတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာဒီဂျီတယ် အခွင့်အရေးများဆိုင်ရာဖိုရမ်တွင် ဆွေးနွေးခဲ့သည်။ ဒေသဆိုင်ရာလွှတ်တော်အချို့၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းရသည့် ကိစ္စများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရေးရန် စတင်လုပ်ဆောင်နေပြီ ဖြစ်သည်။

## ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST)

ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST)သည် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ရသည့်လုပ်ငန်းများတွင် ပွင့်လင်းမြင်သာခြင်းရှိမှုနှင့် ဆက်စပ်သည့် အထက်ဖော်ပြပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် စီမံပြုလုပ်ထားခြင်းဖြစ်သည်။ CoST သည် အများပြည်သူပိုင် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် တင်ဒါစတင်သည့်အချိန်မှစပြီး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အသုံးပြုနိုင်ရန် စံသတ်မှတ်ချက်ရမှတ်များ (၄၀)ခုကို ထုတ်ဝေထားကာ အစိုးရ၊ လုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သည့် တစ်ကမ္ဘာလုံးအဆင့်ရှိ ရှေ့ပြေးလုပ်ဆောင်မှုတစ်ရပ်ဖြစ်သည်။[103] ဤသို့ ထုတ်ဝေထားခြင်းကြောင့် နိုင်ငံရှိ ပြည်သူများအား အသိပညာပေးနိုင်သလို ပြည်သူများအနေဖြင့် ဆုံးဖြတ်ချက်များချသည့် အခွင့်အာဏာရှိသူများ၏ လုပ်ရပ်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေအောင် ထိန်းကွပ်ပေးနိုင်သည်။ သက်ဆိုင်ရာအကြောင်းအရာ အချက်အလက်များကို သိရှိထားပြီးဖြစ်သော နိုင်ငံသားများနှင့် စိတ်ဝင်စားတက်ကြွမှုရှိသော လူထုအဖွဲ့အစည်းများသည် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း မဖြစ်စေရန်၊ ထိရောက်မှု မနည်းပါးစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်နှင့် လူထုရင်းနှီးမြှုပ်နှံမှုများ၏ ငွေကြေးတန်ဖိုးများ မြင့်မားလာစေရန် အစရှိသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အားပေးကူညီသည်။

CoST ၏ အုပ်ချုပ်ရေးဒါရိုက်တာသည် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်၊ ၂၀၁၈ ဖေဖော်ဝါရီလတွင် တစ်ကြိမ် လာရောက်လည်ပတ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အခြားသော အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများအားတွေ့ဆုံခဲ့သည်။ လက်ရှိမြန်မာနိုင်ငံရှိ အခြေခံအဆောက်အဦဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပေါ်တွင် မည်သို့အကျိုးပြု တန်ဖိုးတက်စေနိုင်ကြောင်း ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် ကနဦးလေ့လာချက်တစ်ခုကို ၂၀၁၈ ခုနှစ်တွင် အစိုးရထံသို့ အဆိုပြုတင်သွင်းရန် CoST သည် ၎င်း၏ အဓိကငွေကြေးထောက်ပံ့သူဖြစ်သည့် DFID နှင့်အတူ ပူးပေါင်းလုပ်ဆောင်နေသည်။ အဆိုပါ ကနဦးလေ့လာမှုတွင် CoST အား မြန်မာနိုင်ငံသို့ မိတ်ဆက်ခြင်းအားဖြင့် မည်သည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များရှိမည်နည်း ဟူသည့်အချက်နှင့် အများပြည်သူပိုင် အခြေခံ အဆောက်အဦများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပွင့်လင်းမြင်သာမှုရှိလာရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာစေရန် မည်သို့ကူညီပေးနိုင်မည်ဖြစ်ကြောင်း လေ့လာသွားမည်ဖြစ်သည်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့်သက်ဆိုင်သည့် အချို့သော အကြောင်းအရာများသည် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင် အရေးကြီးလာပြီဖြစ်သည်။ အဆိုပါအချက်များမှာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘုတ်အဖွဲ့နှင့် အထက်ပိုင်းအရာရှိများတွင် ကျား၊မ မတူကွဲပြားမှုအပါအဝင် အခြားသော မတူကွဲပြားခြားနားမှုရှိရေး၊ လူ့အခွင့်အရေး၊ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုနှင့် ဤအကြောင်းအရာများနှင့် သက်ဆိုင်သည့် စီးပွားရေးမဟုတ်သော အစီရင်ခံခြင်း (သို့မဟုတ်) ပူးတွဲအစီရင်ခံခြင်း(integrated reporting)[104] များ အစရှိသည်တို့ ဖြစ်သည်။

98 ဥပမာများအနေဖြင့် ‘Facebook user sued over road-sweeper claims’, ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၈ ရက်နှင့် ‘Defendant released on bail’, 7-Day သတင်း၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက်တို့ဖြစ်သည်။ ဒုတိယသတင်းသည် ရခိုင်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ မြူနီစီပယ်ဈေးရုံ ပြန်လည်ပြုပြင်ခြင်းအတွက် တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှုမရှိကြောင်း facebook တွင် ထင်မြင်ချက်ပေးခဲ့ရာ အဆိုပါလုပ်ငန်းရှင်အား အစိုးရအရာရှိတစ်ဦးက ၆၆(ဃ) အရ အမှုဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။

99 မြန်မာကုမ္ပဏီတစ်ခုမှ မီဒီယာပြန်ကြားရေးအရာရှိနှင့် MCRB တို့၏ ဆွေးနွေးမှုအရ၊ ၂၀၁၇ခုနှစ်။

100 http://www.mata-nrg.org/

101 https://www.spectrumsdkn.org/en/home/economic-justice/integrity-building-anti-corruption

102 http://www.a2ji.org/wp-content/uploads/2018/01/Anti-corruption-day-report.pdf



103 http://www.constructiontransparency.org/home

104 နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီမှ ရေးသားထုတ်ဝေထားသည့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင်တွင် ပူးတွဲအစီရင်ခံခြင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဆက်လက်ဖတ်ရှုနိုင်သည်။

## အခန်း (၃)။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြောင်းအရာများ တစ်ကမ္ဘာလုံးအဆင့်နှင့် မြန်မာနိုင်ငံတွင် စတင်ပေါ်ပေါက်လာခြင်း

လက်ရှိအခြေအနေတွင်ပေါ်ပေါက်လာသည့် များပြားလှသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြောင်းအရာများကို အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ် မှတ်တမ်းအတွင်းသို့ ထည့်သွင်းထားခြင်းမရှိသော်လည်း ဤပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီများ၏ထုတ်ဖော်ကြေညာမှုကို အကဲဖြတ်ရာတွင် အခြားသက်ဆိုင်သည့် စံသတ်မှတ်ချက်များကိုလည်း ဖြည့်စွက်ထားသည်။

အထက်ပါအကြောင်းအရာများသည် မြန်မာနိုင်ငံရှိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆွေးနွေးအငြင်းပွားမှုများတွင် ပါဝင်သင့်သည်၊ အချို့သော အခြေအနေများတွင် ပါဝင်ထားပြီး ဖြစ်နေသည်။ ပါဝင်သင့်သည့် အကြောင်းရင်းမှာ အကျိုးသက်ဆိုင်သူများ၊ မြန်မာနိုင်ငံကဲ့သို့သော ဆုံးရှုံးနိုင်ခြေများပြားသည့် ပတ်ဝန်းကျင်မျိုးတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသည့်ကိစ္စများသည် အသုံးဝင် သက်ဆိုင်နေသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီများသည် အဆိုပါကိစ္စရပ်များကို အစီရင်ခံလျက်ရှိပြီး ဘဏ္ဍာရေးမဟုတ်သော အကြောင်းအရာများကို အစီရင်ခံရာတွင် ကမ္ဘာ့အဆင့် အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက်(GRI) ကဲ့သို့သော နိုင်ငံတကာရှိ အစီရင်ခံခြင်းစံနှုန်းများကို လက်ခံကျင့်သုံးနိုင်သည်။

### ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း

ဘဏ္ဍာရေးမဟုတ်သော အချက်အလက်များဖြစ်သည့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ခြင်း၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို စီမံဆောင်ရွက်ခြင်းနည်းလမ်းများနှင့် ပတ်သက်၍ နိုင်ငံတကာ ခေတ်ပေါ် လုပ်ထုံးလုပ်နည်းများအတိုင်း ကုမ္ပဏီများက ပိုမိုထုတ်ဖော်ကြေညာရန် လိုအပ်လာပြီဖြစ်သည်။ အချို့အခြေအနေများတွင် ဤသို့ ထုတ်ဖော်ကြေညာရန်အတွက် ဈေးကွက်အနေအထားအရ ရင်းနှီးမြှုပ်နှံသူများနှင့် စားသုံးသူများထံမှ တိုက်တွန်းပေးခြင်းမျိုး ဖြစ်နိုင်သည် (ဥပမာအားဖြင့် FTSE4Good index[105] နှင့် Dow Jones Sustainability Index[106])။ ဤညွှန်းကိန်းများသည် ရင်းနှီးမြှုပ်နှံသူများ၊ စားသုံးသူများ၊ မူဝါဒချမှတ်သူများနှင့် အခြားသော အကျိုးသက်ဆိုင်သူများမှ ကုမ္ပဏီကြီးများ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆောင်ရွက်မှု အရည်အသွေးကို အကဲဖြတ်နိုင်ရန် အထောက်အကူပြုသလို ၎င်းကုမ္ပဏီကြီးများ တာဝန်ယူမှုရှိသောနည်းဖြင့် စီးပွားရေးလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် တွန်းအားပေးနိုင်သည်။

အချို့အခြေအနေများတွင် ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းသည် စည်းမျဉ်းနည်းဥပဒေများအရ မဖြစ်မနေရထုတ်ပြန်ကြရခြင်း (သို့မဟုတ်) "comply or explain" စနစ်မျိုး (စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်)ကြောင့် ထုတ်ပြန်ရခြင်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် ဥရောပသမဂ္ဂဥပဒေ[107] အရ ကုမ္ပဏီကြီးများ (အချို့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသည်) သည် တိကျသည့် ဘဏ္ဍာရေးမဟုတ်သော အချက်အလက်များကို ၂၀၁၈ ခုနှစ်မှစတင်ပြီး နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်းထုတ်ပြန်ရမည်ဖြစ်သည်။ ထည့်သွင်းထုတ်ပြန်ရမည့် အကြောင်းအရာများမှာ အောက်ပါ အတိုင်းဖြစ်သည်။

- စီးပွားရေးလုပ်ငန်း၏ မူပုံစံကို အကျဉ်းချုပ်ဖော်ပြခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးနှင့်ဝန်ထမ်းရေးရာ၊ လူ့အခွင့်အရေးဆိုင်ရာ လေးစားလိုက်နာခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်း၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်စေခြင်း၊ ဒါရိုက်တာအဖွဲ့တွင် ကျား၊ မ အချိုးညီစွာပါဝင်ခြင်း အစရှိသည်တို့နှင့် ပတ်သက်သည့် မူဝါဒများ၊ ဆုံးရှုံးနိုင်ခြေများ၊ ရလဒ်များအား ဖော်ပြခြင်း။
- အထက်ဖော်ပြပါ မူဝါဒများ၏ ရလဒ်များ။
- စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်မှုရှိသည့် ဘဏ္ဍာရေးမဟုတ်သော အဓိကစွမ်းဆောင်မှု ညွှန်ကိန်းများ (KPIs)။

ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း စည်းမျဉ်းများသည် ဝန်ထမ်းအရေအတွက် ၅၀၀ ထက်ရှိသော ပြည်သူများက စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီများအတွက်သာ အကျုံးဝင်ပြီး အဆိုပါ အချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီများသည် ဥရောပသမဂ္ဂတစ်ဝှမ်းတွင် စုစုပေါင်း (၆၀၀၀) ခန့်သာရှိသည်။ ကုမ္ပဏီများအနေဖြင့် ထုတ်ဖော်ကြေညာမည့် အကြောင်းအရာများအနက် မည်သည့်အကြောင်းအရာသည် အရေးကြီးဆုံးဖြစ်ကြောင်း ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိပြီး နိုင်ငံတကာညွှန်ကြားချက် (သို့မဟုတ်) ဥရောပသမဂ္ဂ၏ ညွှန်ကြားချက်[108] (သို့မဟုတ်) နိုင်ငံတွင်း အသုံးပြုနိုင်သည့် ညွှန်ကြားချက်များအရ ထုတ်ပြန်ချက်များကို ရေးသားနိုင်သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သော စီမံကိန်းများအတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ နှစ်ပတ်လည်အစီရင်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အသစ်များသည် အထက်တွင်ဖော်ပြထားသော ဥရောပသမဂ္ဂရှိ အစီရင်ခံခြင်းဆိုင်ရာ အချက်များနှင့် အချို့သော အခြေအနေများတွင် လားရာတူနေသော်လည်း DICA အနေဖြင့် ၎င်းပြဋ္ဌာန်းချက်များကို ပိုမိုရှင်းလင်းအောင် လုပ်ဆောင်ရန်လိုအပ်ပါသည်။ နောက်အဆင့်အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းသည် စာရင်းဝင်ထားသောကုမ္ပဏီများအတွက် ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်းများ ရှိလာစေရန် စည်းမျဉ်းပြဋ္ဌာန်းရန် လိုအပ်ပါသည်။ အာဆီယံရှိစတော့ အိတ်ချိန်းအချို့ဖြစ်သော မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်[109]တို့သည် စတော့အိတ်ချိန်းဆိုင်ရာ အစီရင်ခံခြင်းအတွက် ညွှန်ကြားချက်များ[110] ကိုထုတ်ဝေခဲ့သော "ရေရှည်တည်တံ့ခိုင်မြဲသော စတော့အိတ်ချိန်း ဖော်ဆောင်ရေးအဖွဲ့"၏ အဖွဲ့ဝင်များဖြစ်ကြသည်။ စင်္ကာပူစတော့အိတ်ချိန်းသည် ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွက် သက်ရောက်မှုရှိသော ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်းကို ၂၀၁၆ ခုနှစ် ဇွန်လတွင် စတင်မိတ်ဆက်ခဲ့သည်။ စင်္ကာပူ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများသည် လူမှုပတ်ဝန်းကျင်နှင့်စီမံအုပ်ချုပ်မှုဆိုင်ရာ(ESG) အကြောင်းအရာများ၊ ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ ရည်ရွယ်ချက်ပန်းတိုင်များ၊ သက်ဆိုင်ရာမူဝါဒများ အစရှိသည်တို့ကို ထည့်သွင်းဖော်ပြထားသော နှစ်ပတ်လည် ရေရှည်တည်တံ့ခိုင်မြဲရေးအစီရင်ခံစာများ ထုတ်ပြန်ရန်လိုအပ်ပါသည်။[111] အဆိုပါအစီရင်ခံစာသည် "comply or explain" စနစ်ကို အခြေခံ၍ ရေးသားထုတ်ပြန်ထားပြီး ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ဘုတ်အဖွဲ့က ရှင်းပြထားချက်၊ စီးပွားရေးမဟာဗျူဟာကို အကျိုးသက်ရောက်နိုင်သော လူမှုပတ်ဝန်းကျင်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ(ESG) အချက်များကို စိစစ်ထားရှိမှု၊ ၎င်းတို့ လိုက်နာကျင့်သုံးသည့် နည်းစနစ်များ၊ လုပ်ဆောင်ချက်များကို ရှင်းပြထားချက်၊ သတ်မှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များ အစရှိသည့် အကြောင်းအရာများကို ထည့်သွင်းထားရမည်ဖြစ်သည်။ ဤသို့သောကျင့်သုံးမှုစနစ်သည် ၂၀၁၁ ခုနှစ်ကတည်းက သတ်မှတ်ခဲ့ပြီးသော ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်းနည်းစနစ်၏ နောက်တစ်ဆင့် ဖြစ်သည်။[112]

105 http://www.ftse.com/products/indices/FTSE4Good

106 http://www.sustainability-indices.com/

107 Accounting Directive 2013/34/EU ကို ပြုပြင်ဖြည့်စွက်ထားသည့် Non-Financial Disclosure Directive 2014/95/EU

108 European Commission Guidelines on non-financial reporting၊ ၂၀၁၇ခုနှစ်၊ ဇွန်လ။

109 http://www.sseinitiative.org/sse-partner-exchanges/list-of-partner-exchanges/

110 Model Guidance on Reporting ESG Information to Investors: a Voluntary Tool for Stock Exchanges to Guide Issuers ၂၀၁၅ခုနှစ်။

111 SGX-ST Listing Rules Practice Note 7.6 Sustainability Reporting Guide

112 A sharper UK Corporate Governance Code to achieve long term success and trust in business, UK Financial Reporting Council, ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ရက်။ Proposed Revisions to the UK Corporate Governance Code၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ။

## အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း

နိုင်ငံတကာအဆင့်တွင် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် အစုရှယ်ယာဝင်များနှင့်သာမက အကျိုးသက်ဆိုင်သူများနှင့်ပါ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် အလေးပေးလာပြီဖြစ်သည်။ ဤအချက်ကို ဩစတြေးလျ၊ တောင်အာဖရိကနှင့် မလေးရှားနိုင်ငံတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်ဝတ်စာတမ်းများတွင် အသိအမှတ်ပြု၍ ထည့်သွင်းထားသည်။ ဗြိတိန်၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကျင့်ဝတ်စာတမ်း၏ အဆိုပြုထားသောပြုပြင်ပြောင်းလဲမှုများတွင် အကျိုးသက်ဆိုင်သူများ (အထူးသဖြင့် ဝန်ထမ်းများ)နှင့် စေ့စပ်ဆွေးနွေးမှုကို အဓိကထားလုပ်ဆောင်ရန် တိုက်တွန်းထားသည်။[113] စင်္ကာပူ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာကျင့်ဝတ်စာတမ်း[114]တွင် ပြင်ဆင်ရန် အဆိုပြုထားသော အကြောင်းအရာများနှင့် ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ပြောဆိုထားသည်။

*"ကုမ္ပဏီ၏ရေရှည်အောင်မြင် မှုသည် အစုရှယ်ရာဝင်များနှင့်သာမက အခြားအကျိုးသက်ဆိုင်သူများဖြစ်သော ဝန်ထမ်းများ၊ ဝယ်ယူအားပေးစားသုံးသူများ၊ ဖြန့်ဝေသူများ၊ မြို့ရှင်များ၊ မူဝါဒချမှတ်သူများ၊ အခြားလူ့အဖွဲ့အစည်းများကြားတွင် ထိရောက်သော ဆက်ဆံရေးများ ခိုင်မာသန်စွမ်းစွာတည်ရှိရေးနှင့် အဆိုပါဆက်ဆံရေးများကို ရေရှည်ထိန်းသိမ်းနိုင်ရေးပေါ်တွင် မူတည်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် G20/OECD အခြေခံသဘောတရားများ (၂၀၁၅)တွင် ကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှု မူဘောင်များသည် အကျိုးသက်ဆိုင်သူများ၏ အကျိုးကိုမျှော်တွေး လုပ်ဆောင်သင့်သည်ဟု ရှင်းလင်းစွာဖော်ပြထားသည်"*။

စင်္ကာပူကော်ပိုရိတ်စီမံအုပ်ချုပ်မှုကောင်စီသည် ကုမ္ပဏီများအနေဖြင့် အဓိကအကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ညီမျှစွာ ထည့်သွင်းစဉ်းစားနိုင်ရန် အခြေခံသဘောတရားသစ်တစ်ခုကို ထုတ်ပြန်ရန်အကြံပြုခဲ့ပြီး နောက်ဆက်တွဲအဖြစ် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို အောက်ပါ အချက်များနှင့်အညီ ထုတ်ပြန်ရန် တိုက်တွန်းထားသည်။

- အဓိကအကျိုးသက်ဆိုင်သူအဖွဲ့များနှင့် ဆက်ဆံမှုကောင်းမွန်ရေး စီမံဆောင်ရွက်ရန် စီစဉ်ထားရှိခြင်း။
- အကျိုးသက်ဆိုင်သူများနှင့် ဆက်ဆံမှုကောင်းမွန်ရေး စီမံဆောင်ရွက်မှုအတွက် အဓိကထား ဆောင်ရွက်ရမည့် အပိုင်းများကို ထုတ်ဖော်ခြင်း။
- အသစ်ထပ်တိုးပြောင်းလဲနေသော အချက်များကို အကျိုးသက်ဆိုင်သူများထံ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရန် ကော်ပိုရိတ်ဝက်ဘ်ဆိုက်ကို ထိန်းသိမ်းထားရှိခြင်း။

စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်ဆိုသည့် "comply or explain" စနစ်၏ ရည်မှန်းချက်များအဖြစ် အဆိုပြုထားသည့်အတွက် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် ပွင့်သစ်စ အစီရင်ခံစာတွင် အသုံးပြုခဲ့သော စံနှုန်းများနှင့် သုတေသနနည်းစနစ်များနှင့် ကိုက်ညီမှုရှိသည်။ ထို့အပြင် ပွင့်သစ်စလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်းအပိုင်းကို ကြည့်ခြင်းအားဖြင့် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းများဆောင်ရွက်ရန် မြန်မာ့ထိပ်တန်း ကုမ္ပဏီကြီးများက စိတ်ဝင်စားမှုရှိကြောင်း တွေ့မြင်နိုင်သည်။

MCRB ဖြစ်ပေါ်တည်ရှိရသည့် အကြောင်းအရင်း၏ တစ်စိတ်တစ်ပိုင်းမှာ ကုမ္ပဏီများက အကျိုးသက်ဆိုင်သူများကို စိစစ်သတ်မှတ်ခြင်းအပြင် ၄င်းတို့နှင့်အတူ စေ့စပ်ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန်ဖြစ်သလို အပြန်အလှန်ဆွေးနွေးခြင်းများကိုလည်း တိုက်တွန်းအားပေးရန် ဖြစ်သည်။ မြန်မာကုမ္ပဏီများအတွက် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ အခြားအခွင့်အလမ်းများသည်လည်း သိသိသာသာ များပြားလာသည်။ ဥပမာအားဖြင့် ရေအားလျှပ်စစ်ဆိုင်ရာ IFC ၏ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်းနှင့်ပတ်သက်၍ နယ်ပယ်စုံမှ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးခြင်း (သို့မဟုတ်) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့(EITI)၏ နယ်ပယ်စုံရှိ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးခြင်းများသည် ထိုသို့သော အခွင့်အရေးများ ဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (CoST)ကို စတင်မိတ်ဆက်လိုက်ပါကလည်း နယ်ပယ်စုံရှိ အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးခြင်းများ ပါဝင်လာဦးမည် ဖြစ်သည်။

အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းကို အားပေးသည့် အခြားသောမြန်မာနိုင်ငံရှိ ပြုပြင်ပြောင်းလဲမှုများမှာ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း (EIA) တွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်နိုင်ရေး (အကြံပေးခြင်း၊ ထုတ်ပြန်ခြင်း)ကို မဖြစ်မနေ လုပ်ဆောင်ရန်ပြဋ္ဌာန်းထားရှိရေးဖြစ်ပြီး ဤအချက်ကိုလမ်းညွှန်ချက်များမူကြမ်းတွင်ထည့်သွင်းထားသည်။[115]

သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီ[116] မှ ထုတ်ပြန်ထားသော ၂၀၁၅ ညွှန်ကြားချက်တွင် "သီလဝါ စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စီးပွားရေးဆောင်ရွက်မည့် လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ဥပဒေများကို အပြည့်အဝလိုက်နာမည်ဟု မျှော်မှန်းထားသည့်အပြင် အောက်ပါအတိုင်း လုပ်ဆောင်မည်ဟု မျှော်လင့်သည်....

၂။ အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်း - ကုမ္ပဏီများသည် ၄င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းလည်ပတ်မှုများ၏ အကျိုးသက်ရောက်မှုများကို ခံစားရသူအားလုံး (ဝန်ထမ်းများ၊ ဝယ်ယူ အား ပေးသူများ၊ ဒေသခံလူထုများအပြင် အခြားသော အကျိုးသက်ဆိုင်သူများ)နှင့် စေ့စပ်ဆွေးနွေးသင့် သည်။ သို့မှသာ ကုမ္ပဏီများသည် ၄င်းတို့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တိကျမှန်ကန်ပြီး အသုံးဝင်သော အချက်အလက်များ ရရှိလာနိုင်ကာ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည် ဖြစ်သည်...."

ကုမ္ပဏီအနည်းစုသည် ပြင်ပအကျိုးသက်ဆိုင်သူများဖြစ်သော မီဒီယာများ၊ ဒေသခံလူထုများ၊ အစိုးရအဖွဲ့များနှင့် စေ့စပ်ဆွေးနွေးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် သီးသန့်အဖွဲ့များ ဖွဲ့စည်းထားသည်။ ဤသို့လုပ်ဆောင်မှုမျိုးကို လက်ခံကြိုဆိုရမည်ဖြစ်ပြီး အကြောင်းရင်းမှာ အရက်ဖက်လူ့အဖွဲ့အစည်းများမှ MCRB သို့ ပြောကြားချက်များအရ ကုမ္ပဏီများ (အထူးသဖြင့် အစိုးရနှင့်တွဲဖက်လုပ်ကိုင်သည့် လုပ်ငန်းများတွင်)သည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးအတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုအများအပြားရှိသည့်အနက် တစ်ခုသည် နစ်နာမှုကုစားရေးကို လက်ခံပြီး ကိုင်တွယ်ဖြေရှင်းရန်နှင့် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းတို့ကို လိုလိုလားလားဖြင့်လုပ်ဆောင်ရန် ဆန္ဒရှိသည့် ကုမ္ပဏီဝန်ထမ်းများကို ရှာဖွေတွေ့ရှိနိုင်ရေး ဖြစ်သည်။

ဤအစီရင်ခံစာအတွက် အကဲဖြတ်ထားသည့် ကုမ္ပဏီများထဲမှ ကုမ္ပဏီ (၆)ခုသည် အကျိုးသက်ဆိုင်သူများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်နှင့် ၄င်းအကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးရေးပြုခြင်း ကတိကဝတ်များကို လုပ်ကိုင်သည်။ စီးတီးမတ်ဟိုး(လ်)ဒင်း၊ SPA၊ FMI နှင့်

113 A sharper UK Corporate Governance Code to achieve long term success and trust in business, UK Financial Reporting Council, ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ရက်။ Proposed Revisions to the UK Corporate Governance Code, ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ။

114 Consultation Paper on Recommendations of the Corporate Governance Council, Monetary Authority of Singapore, Jan 2018.

115 Draft Guideline On Public Participation In Myanmar's EIA Processes, ၂၀၁၇ ခုနှစ်၊ မေလ၊ ၃၁ ရက်။

116 Notice to Ensure the Responsible Investment in the Thilawa SEZ, သီလဝါအထူးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၅။

မက်(စ်)မြန်မာစသည့် ကုမ္ပဏီ (၄)ခုသည် အကျိုး သက်ဆိုင်သူများဆိုင်ရာ လေ့လာဆန်းစစ်မှုများ (materiality analysis) စတင်ပြုလုပ်ထားပြီးဖြစ်သည် ။

### ကော်ပိုရိတ်လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုအား ပြန်လည်အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း

CSR ဟူသော စကားအသုံးအနှုန်း၏ အဓိပ္ပာယ်မှာ မသေချာ၊မရေရာဖြစ်နေသည့်အပြင် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်တစ်ဝှမ်းတွင် အဆိုပါစကားလုံးကို အလှူအတန်းများနှင့် ပရဟိတလုပ်ငန်းများနှင့် ဆက်စပ်၍ သုံးစွဲမှုအလေ့အကျင့်များ ကျယ်ပြန့်နေသောကြောင့် ကုမ္ပဏီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် CSR ဟူသော အတိုကောက် အခေါ်အဝေါ်ကို အသုံးပြုရာတွင် ပို၍သတိထားလာကြပြီး အချို့သည် အခြားသော အသုံးအနှုန်းများဖြစ်သည့် 'တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်'၊ 'အကျိုးစီးပွားမျှဝေခြင်း'၊ 'လုပ်ငန်း လည်ပတ်ရန်အတွက် လူမှုအသိုင်းအဝိုင်းများမှ ခွင့်ပြုချက်' အစရှိသည့် စကားလုံးအခေါ်အဝေါ်များကို ပြောင်းလဲသုံးစွဲလာကြသည်။ အဆိုပါခံယူချက်များနှင့် လုပ်ဆောင်မှုများသည် စီးပွားရေးမဟာဗျူဟာနှင့် ပိုမိုဆက်နွယ်လျက်ရှိပြီး ပရဟိတလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်နေသည့် စီးပွားရေးအခြေအနေ အလှည့်အပြောင်းဖြစ်သော အခါမျိုးတွင် ပိုမိုလုပ်ကိုင်နိုင်ဖွယ်ရှိသည်။ အချို့သော နိုင်ငံခြားကုန်သည်ကြီးများ အသင်းသည် ဤ CSR ကိစ္စနှင့် ပတ်သက်၍ အဖွဲ့ဝင်ကုမ္ပဏီများသည် မည်သို့လုပ်ဆောင်နေကြောင်း အကြောင်းကြားရန် ရှင်းလင်းပွဲများပြုလုပ်ခြင်း (သို့မဟုတ်) စာတမ်းများထုတ်ဝေခြင်းတို့ကို ပြုလုပ်သည့်အပြင် မြန်မာအစိုးရနှင့် သက်ဆိုင်ရာနယ်ပယ်များထံသို့ပါ ဤစာတမ်းနှင့် ရှင်းလင်းပွဲပါ အကြောင်းအရာများကို မျှဝေပေးခဲ့သည်။[117]

ဤပွင့်သစ်စအကဲဖြတ်မှုတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အစီရင်ခံခြင်း ရမှတ်မှတ်တမ်းရှိ စံနှုန်းအတိုင်းအတာများအပြင် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အစီရင်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်ဆက်နွယ်သည့် စံနှုန်းများကိုပါ ဖြည့်စွက်ထည့်သွင်းထားသည်။

ကော်ပိုရိတ်ပရဟိတ လုပ်ငန်းများနှင့် တိုက်ရိုက်ဆက်သွယ်နေသည့် မေးခွန်းထုတ်စရာ ဖြစ်နေသည့် အခြေအနေမှာ မိသားစုပိုင်လုပ်ငန်းများ၊ ကုမ္ပဏီဖောင်ဒေးရှင်းများ၏ စီမံအုပ်ချုပ်မှုပိုင်းဖြစ်သည်။ များပြားလှသော မြန်မာကုမ္ပဏီများသည် အဆိုပါဖောင်ဒေးရှင်းများကို တည်ထောင်ထားပုံရသော်လည်း ၎င်းတို့၏ဥပဒေအရ ရပ်တည်ချက်ဖြစ်စေ ကုသိုလ်ဖြစ်လုပ်ငန်းအဖြစ် ရပ်တည်ချက်ဖြစ်စေ မသေချာမရေရာ ဖြစ်နေသည်။ ထို့အပြင် ၎င်းဖောင်ဒေးရှင်းများ၏ စီမံအုပ်ချုပ်မှုအပိုင်းတွင်ပါ ရှင်းလင်းသေချာမှုမရှိ ဖြစ်နေသည်။[118] ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီစီမံအုပ်ချုပ်မှုတွင်သာမက ဖောင်ဒေးရှင်းများတွင်ပါ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ထားရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး အဆိုပါဖောင်ဒေးရှင်းများတွင် ရှင်းလင်းသော ပရဟိတရည်ရွယ်ချက်များလည်း ရှိသင့်သည်။[119] သို့မဟုတ်လျှင် ဖောင်ဒေးရှင်းများ၏ လုပ်ဆောင်ချက်များသည် (ဥပမာအားဖြင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများအား လှူဒါန်းခြင်းရှိပါက)ပင်မကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဝါဒများကို ထိခိုက်ပျက်ပြားစေသည့် အနေအထားမျိုးဖြစ်နေနိုင်သည်။

ဥပမာအားဖြင့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ကုမ္ပဏီများမှ ရခိုင်အရေးကိစ္စများနှင့်ပတ်သက်၍ စစ်တပ်သို့လှူဒါန်းမှုများကို တွေ့ရှိနိုင်သည်။ အများစုသည် ၎င်းတို့၏ဖောင်ဒေးရှင်းမှ လှူဒါန်းခြင်းဟုအမည်တပ်၍ နယ်စပ်တံတိုင်းဆောက်လုပ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တပ်အဖွဲ့များအား ထောက်ပံ့ခြင်းအစရှိသည့် လုပ်ငန်းများတွင် အသုံးပြုရန် အလှူအတန်းများ ပြုခဲ့သည်။[120] ဆက်လက်၍ ကုမ္ပဏီများသည် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ထံသို့လည်း လှူဒါန်းမှုများပြုလုပ်ခဲ့သည်။ UEHRD သည် အရပ်ဖက်အစိုးရမှ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး ထိပ်တန်းတွင် ပါဝင်သူများသည် နိုင်ငံရေးအရ သြဇာအာဏာရှိသူများအဖြစ် သတ်မှတ်နိုင်သည်။[121]

### စီးပွားရေးဦးဆောင်မှုတွင် ကျား/မ တန်းတူညီမျှစွာ ပါဝင်စေခြင်း

ဘုတ်အဖွဲ့ဝင်များ၏ မတူကွဲပြားမှုဆိုင်ရာနှင့် ပတ်သက်၍ အစီရင်ခံခြင်းသည် အခြားနိုင်ငံများတွင် လိုအပ်ချက်တစ်ခု ဖြစ်လာသည်။ အထူးသဖြင့် ကျား/မ မတူကွဲပြားမှုဆိုင်ရာ အစီရင်ခံခြင်းသည် ကျား/မ တန်းတူညီမျှရှိရေးအတွက် အသိပညာမျှဝေခြင်းအနေဖြင့် အထူးလိုအပ်လာသည်။ (ဥပမာအားဖြင့် အထက်တွင်ဖော်ပြခဲ့သည့် ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းအတွက် လိုအပ်ချက်များတွင် တွေ့နိုင်သည်။) ပြင်သစ်နှင့် နော်ဝေးကဲ့သို့သော အချို့သော နိုင်ငံများတွင် ဘုတ်အဖွဲ့တွင် ကျား/မ စုံလင်ပြီး တန်းတူ ညီမျှမှုရှိရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရသည်။[122]

များပြားလှသော စီးပွားရေးလုပ်ငန်းများမှ ဦးစီးလုပ်ကိုင်သည့် ရှေ့ပြေးဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင် အမျိုးသမီးခေါင်းဆောင်များကို ထောက်ပံ့ပေးရန် ယခင်နှစ်မှစ၍ လုပ်ကိုင်လျက်ရှိသည်။ ဤလုပ်ဆောင်မှုများတွင် FMI၊ စီးတီးမတ် ဟိုး(လ်)ဒင်း၊ KBZ Group, ပါရမီ၊ ရောဝတီဘဏ်နှင့် ရွှေတောင်ဂရု(ပ်)တို့မှပါဝင် ဖွဲ့စည်းထားသော ကျား/မ တန်းတူညီမျှရှိရေးဆိုင်ရာ စီးပွားရေးညွန့်ပေါင်းအဖွဲ့[123] တည်ထောင်ခြင်းမျိုးပါဝင်ပြီး နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် Women Corporate Directors [124] သည် မြန်မာနိုင်ငံတွင် အခန်းကဏ္ဍတစ်ခု ဖွင့်လှစ်ခဲ့သည်။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာအမျိုးသမီးများနေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၌ 'ကျား/မ တန်းတူညီမျှရေးအတွက် နှိုးဆော်ခေါင်းလောင်းတီးခြင်း' ပွဲကိုလည်း ကျင်းပခဲ့သည်။ အဆိုပါ စီးပွားရေးညွန့်ပေါင်း အဖွဲ့ဝင်ကုမ္ပဏီကြီးများသည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့်ပူးပေါင်း၍ ၎င်းတို့၏ကုမ္ပဏီများအတွက် ကျား/မတန်း တူညီမျှရှိမှုဆိုင်ရာ (EDGE Gender Equality) အကဲဖြတ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။[125]

အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရမှတ်မှတ်တမ်းသည် ကုမ္ပဏီများရှိ ထိပ်တန်းအရာရှိများတွင် ကျား/မ တန်းတူညီမျှရှိမှုနှင့်ပတ်သက်ပြီး ဆွေးနွေးအကဲဖြတ်ထားခြင်း မရှိသော်လည်း ဤပွင့်သစ်စစစ်တမ်းတွင် Yever သည် ကုမ္ပဏီစစ်တမ်းများပြုစုရာတွင် အမျိုးသမီး ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့်ပတ်သက်သည့် အချက်အလက်များရှိလျှင် အဆိုပါအချက်များကို ကောက်ယူခဲ့သည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကို တရားဝင်ထုတ်ပြန်ထားသော ကုမ္ပဏီ (၃၆) ခုရှိသည့်အနက် (၃၃)ခုတွင် တစ်ယောက်(သို့မဟုတ်)တစ်ယောက်ထက်ပိုသော အမျိုးသမီးဘုတ်အဖွဲ့ဝင်များကိုတွေ့ရပြီး၊ ယေဘုယျအားဖြင့် ဘုတ်အဖွဲ့တစ်ဖွဲ့တွင် အမျိုးသမီး ၂ ဦးနှုန်း ပါဝင်သည်။

117 'Position Paper on Incentivising Shared Value', ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ။ Responsible Investment Working Group of the Australian-Myanmar Chamber of Commerce (co-chaired by MCRB); and EuroCham White Book 2017, Trade & Investment Policy Recommendations (Chapter 7).

118 မြန်မာနိုင်ငံတွင် ပရဟိတလုပ်ငန်းများနှင့် ဖောင်ဒေးရှင်းများနှင့် ပတ်သက်သည့် တရားဝင်မူဘောင်သည် ရှင်းလင်းမှု မရှိသဲဖြစ်နေသည်။ ဖောင်ဒေးရှင်းများသည် အဖွဲ့အစည်းများဆိုင်ရာ ဥပဒေအောက်တွင် ကုမ္ပဏီ၏ အဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ပုံတင်ထားသင့်သလော (သို့မဟုတ်) အလှူအတန်းများသည် အခွန်ကင်းလွတ်ခွင့်ရှိသလော ဟူသည့်အချက်မှာ မသေချာပေ။

119 ဥပမာအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်မှုကို Council on Foundations တွင် လေ့လာနိုင်သည်။

120 Cash donations will be used in the areas where help is really in need in accordance with the wish of the donors, Facebook page of Commander in Chief, ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ၊ ၂၁ ရက်။

121 Rakhine rebirth needs Unity – State Counsellor, New Light of Myanmar, ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ၂၁ ရက်။

122 ဥပမာ France တွင် အနည်းဆုံး ဝန်ထမ်း ၅၀၀ရှိ၍ အမြတ် ယူရို ၅၀ မီလီယံရှိသော ကုမ္ပဏီများ၏ ဘုတ်အဖွဲ့တွင် အမျိုးသမီး ၄၀ ရာခိုင်နှုန်း မဖြစ်မနေ ပါဝင်ရမည်ဖြစ်သည်။

123 Business Coalition for Gender Equality

124 https://www.womencorporatedirectors.org/

125 http://edge-cert.org/

မတူကွဲပြားမှုနှင့်ပတ်သက်သည့် ကတိကဝတ်များတွင် ကုမ္ပဏီ ၁၅ ခုသည် မတူကွဲပြားမှု (သို့မဟုတ်) ခွဲခြားဆက်ဆံမှုမရှိရေး မူဝါဒများရှိခြင်း၊ သို့မဟုတ်အဆိုပါမူဝါဒများကို သီးခြားစာတမ်းတစ်ခုတွင် ထည့်သွင်းထုတ်ပြန်ထားသည်။ ၄င်းကုမ္ပဏီများမှာ ဧရာဝတီဘဏ်၊ စီးတီးမတ်ဟိုး(လ်)ဒင်း၊ ဒဂုံဂရု(ပ်)၊ FMI၊ Grand Guardian၊ Irrawaddy Green Tower ၊KBZ Group၊ မက်(စ်)မြန်မာ၊ MPRL၊ MSP၊ မြန်မာဩဘာ၊ ပါရမီ၊ရွှေတောင်၊Smart Technical Service နှင့် SPA တို့ ဖြစ်ကြသည်။ သို့သော်လည်း ကုမ္ပဏီအနည်းငယ်ကသာ ဘုတ်အဖွဲ့နှင့် အကြီးတန်းစီမံခန့်ခွဲမှုတို့တွင် မတူကွဲပြားမှုနှင့်ပတ်သက်သည့် အဓိကစွမ်းဆောင်မှု ညွှန်းကိန်းများ (KPIs) ထားရှိသည်။

## အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) လိုအပ်ချက်များ (၂.၅) အရ ဇန်နဝါရီလ ၁ ရက်၊ ၂၀၂၀ မတိုင်မီ EITI ကို လက်တွေ့အကောင်အထည်ဖော်သော နိုင်ငံများရှိ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုပစ္စည်းများ တူးဖော်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ လိုင်စင်ခွင့်ပြုချက်များရရှိထားသည့် ကုမ္ပဏီများသည် ၄င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အမည်နာမများ၊ ပိုင်ဆိုင်မှုအနေအထားနှင့် အခွင့်အာဏာမည်မျှရှိသည်ဟူသည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းသေချာစွာ ထုတ်ဖော် ကြေညာရမည်ဖြစ်သည်။ ထို့အပြင် အကျိုးအမြတ်ရရှိပိုင်ဆိုင် သူသည် နိုင်ငံရေးအရ ဩဇာအာဏာရှိသူ ဟုတ်၊ မဟုတ် စိစစ်ရမည်ဖြစ်သည်။ ယင်းအချက်အလက်များကို ပြည်သူလူထုအလွယ်တကူ သိရှိနိုင်အောင် အချိန်နှင့်တပြေးညီ ထုတ်ပြန်ကြေညာရမည် (EITI အစီရင်ခံစာတွင် တရားဝင်ဖော်ပြခြင်းအပြင် အများနှင့်သက်ဆိုင်သော စာရင်းများတွင် ထည့်သွင်းခြင်း)။ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများကို ထုတ်ဖော်ကြေညာခြင်းသည် EITI အစီရင်ခံစာတွင် လက်ရှိပါဝင်ထားခြင်းမရှိသည့် ကုမ္ပဏီများအပါအဝင် ဤလုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများအားလုံးမှ လုပ်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ EITI (MEITI) အဖွဲ့သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လမ်းညွှန်ချက်ကို ထုတ်ဝေခဲ့ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ၂၀၂၀ ဇန်နဝါရီမတိုင်မီ ထုတ်ဖော်ကြေညာမှုများပြုလုပ်ရန် အဆင့်ဆင့်ညွှန်ကြားချက်များ ပါဝင်သည်။ [126] အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ကြေညာနိုင်ရေးအတွက် လမ်းပြမြေပုံပြုစုနိုင်ရန်နှင့် အင်တာနက်အခြေခံ မှတ်ပုံတင်ခြင်း cadaster စနစ်ကို တည်ထောင်ပေးရန် ကမ္ဘာ့ဘဏ်မှတဆင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များသည် MEITI ကို နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးလျက်ရှိသည်။

126 Myanmar Beneficial Ownership Roadmap, ၂၀၁၇ခုနှစ် မတ်လ။



တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) စံသတ်မှတ်ချက်များ (၂.၅ စ) တွင် ကုမ္ပဏီနှင့်ပတ်သက်နေသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူသည် ကော်ပိုရိတ်လုပ်ငန်းစဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဦးစီးချုပ်ကိုင်သူ (သို့မဟုတ်) ပိုင်ဆိုင်သူဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း EITI က နိုင်ငံတွင်းရှိ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) သည် နိုင်ငံတကာစံနှုန်းများနှင့် အမျိုးသားဥပဒေများနှင့်အညီ [127] အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အနက်အဓိပ္ပာယ်ကို ကိုယ်တိုင်ဖွင့်ဆိုသတ်မှတ်နိုင်ရန် အခွင့်အရေးပေးထားသည်။ ထိုသို့အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုင်ဆိုင်မှုအစဦး (threshold) များလည်း ပါဝင်သင့်ပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)[128]သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အဓိပ္ပာယ်ရှင်းလင်းချက်(ဇယား ၃)နှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ၏ အဓိပ္ပာယ်ရှင်းလင်းချက် (PEP) (ဇယား ၄)များကို ဇယားပါအတိုင်း သတ်မှတ်ကျင့်သုံးလျက်ရှိသည်။[129]

127 ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၏ အပိုင်း ၃ (ည) အရ ပိုင်ဆိုင်မှု အကျိုးခံစားခွင့်ဆိုသည်မှာ အလုပ်အပ်နှံသူများအား အခြေခံသဘောတရားအရ ပိုင်ဆိုင်သူ (သို့မဟုတ်) ထိန်းချုပ်သူ (သို့မဟုတ်) ၄င်းပုဂ္ဂိုလ်အစား အခြားသူအား လုပ်ငန်းများ လွှဲပြောင်းလုပ်ကိုင်စေနိုင်သူဖြစ်သည်။ ထိုဖော်ပြချက်တွင် မည်သည့်ကုမ္ပဏီအပေါ်တွင်ဖြစ်စေ၊ အစီအစဉ်အပေါ်တွင်ဖြစ်စေ ထိရောက်သော ထိန်းချုပ်ကိုင်တွယ်မှု ပြုသူကိုဆိုလိုသည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မခွဲ ၁ (၂၂) အရ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်သည် ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် အောက်တွင်ဖော်ပြထားသည့် အချက်များအပါအဝင် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဆိုသည်။

က) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း

ခ) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်

ဂ) ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသူအဖြစ် သဘောတူညီချက်ရှိခြင်း။

128 EITI အစီရင်ခံစာမူကြမ်း ၂၀၁၅/၂၀၁၆၊ စာမျက်နှာ ၁၁၁။

129 ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ နိုင်ငံရေးအရ ဩဇာအာဏာရှိသူများအား ဤသို့ဖော်ပြထားသည်။ ပြည်တွင်းနှင့် ပြင်ပနိုင်ငံရေးအရ ဩဇာအာဏာရှိသူဆိုသည်မှာ ထင်ရှားကျော်ကြားသူ၊ နိုင်ငံတွင်း (သို့မဟုတ်) ပြည်ပနိုင်ငံမှ အများပြည်သူဆိုင်ရာလုပ်ငန်းများအား ယုံကြည်စွာ အပ်နှင်းခြင်းခံရသူနှင့် ၄င်း၏ မိသားစုဝင်များ၊ နီးစပ်သူများကို ဆိုလိုသည်။ နိုင်ငံတကာ နိုင်ငံရေးအရ ဩဇာအာဏာရှိသူဆိုသည်မှာ ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ ထိပ်တန်းအဖွဲ့ဝင်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများအား ယုံကြည်စွာ တာဝန်အပ်နှင်းခြင်းခံရသောသူ (သို့မဟုတ်) အလားတူ ရာထူးတာဝန်ရှိသူများနှင့် ၄င်း၏မိသားစုဝင်များ (သို့မဟုတ်) နီးစပ်သူများကို ဆိုလိုသည်။

## ဇယား (၃)

## တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

မြန်မာနိုင်ငံ၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က အကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည် ကော်ပိုရိတ်လုပ်ငန်းစဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သူ (သို့မဟုတ်) ဦးစီးချုပ်ကိုင်သူဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်စေ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်စေ၊ ကော်ပိုရိတ်ကုမ္ပဏီဖြစ်စေ အဆိုပါကုမ္ပဏီ၏ ၅% (သို့မဟုတ်) ၅%နှင့်အထက် ပိုင်ဆိုင်ထားလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် အလိုအလျောက် သတ်မှတ်ထားပြီးသားဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အောက်ပါအကြောင်းအရာများနှင့် ကိုက်ညီလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် သတ်မှတ်နိုင်သည်။

- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ အစီရင်ခံသည့်ကာလအတွင်း အစုရှယ်ယာများ၏ ၅% (သို့မဟုတ်) ၅% အထက် ပိုင်ဆိုင်ထားလျှင်။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ မဲပေးပိုင်ခွင့် ၅% (သို့မဟုတ်) ၅% အထက်ရှိသူဖြစ်နေလျှင်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ(သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ ကိုယ်တိုင်မဲပေးပိုင်ခွင့်နှင့် မသက်ဆိုင်ပါ။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင် ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ မဲပေးပိုင်ခွင့်ရှိသူဖြစ်နေလျှင်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ(သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ ကိုယ်တိုင်မဲပေးပိုင်ခွင့်နှင့် မသက်ဆိုင်ပါ။
- တစ်စုံတစ်ဦးသည် တစ်ဦးတည်းတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ အဓိကဘုတ်အဖွဲ့ဝင် ဒါရိုက်တာများကို ရွေးချယ်သတ်မှတ်နိုင်၊ ဖြုတ်ချနိုင်သည့် အခွင့်အရေးရှိသူဖြစ်နေလျှင်။
- တစ်စုံတစ်ဦးသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ(သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီပေါ်တွင် သိသာသည့်လွှမ်းမိုးမှု (သို့မဟုတ်) အာဏာသက်ရောက်မှုရှိသူ (သို့မဟုတ်) ထိုသို့အာဏာလွှမ်းမိုး သက်ရောက်ရန် အခွင့်အရေးရှိသူ ဖြစ်နေလျှင်။

ပိုင်ဆိုင်သူ (သို့မဟုတ်) ဦးစီးချုပ်ကိုင်သူဟူသော စကားအသုံးအနှုန်းသည် လက်ဆင့်ခံပိုင်ဆိုင်ခြင်း သို့မဟုတ် တိုက်ရိုက်မဟုတ်သောနည်းလမ်းများဖြင့် ဦးစီးချုပ်ကိုင်ခြင်းတည်းဟူသော အခြေအနေမျိုးကို ဆိုလိုသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် တစ်သက်တာ (သို့မဟုတ်) အခြားသောရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုများအတွက်လည်း အကျိုးသက်ရောက်သည်။

ပွင့်သစ်စစစ်တမ်း၏ မေးခွန်းနံပါတ် ၄ တွင် "ရှယ်ယာရှင်များ၏ အကြောင်းအရာများ ထုတ်ပြန်ကြေညာထားရာတွင် ရှယ်ယာ ၅% (သို့မဟုတ်) ၅%နှင့်အထက်ပိုင်ဆိုင်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ပုဂ္ဂိုလ်ရေးရာ အမည်နာမများကို ထုတ်ပြန်ထားပါသလား"ဟုမေးထားသည်။

ကုမ္ပဏီများအား စိစစ်အကဲဖြတ်ရာတွင် ကုမ္ပဏီ (၂၇)ခုသည် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများနှင့်သက်ဆိုင်သည့် အချက်အလက်များကို ထုတ်ဖော်ကြေညာထားပြီး၊ ကုမ္ပဏီ (၁၅)ခုသည် အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်ပြသထားသည်။



## ဇယား (၄)

## တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ ဩဇာအာဏာရှိသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

**နိုင်ငံရေးအရ ဩဇာအာဏာရှိသူများကို အောက်ဖော်ပြပါကဏ္ဍများအလိုက် အဓိပ္ပာယ်သတ်မှတ်ထားသည်။**

- **ပြည်တွင်းရှိ နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ။** ။ ပြည်တွင်းရှိထင်ရှားသော လူထုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ယုံကြည်ခံထားရသူများ။ ဥပမာအားဖြင့် ပြည်ထောင်စုအဆင့်၊ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများရှိ အကြီးတန်းအရာရှိများ (ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စာရင်းစစ်ချုပ်၊ ဗဟိုဘဏ် အစရှိသည်များ) တရားစီရင်ရေးနှင့် စစ်ဘက်ဆိုင်ရာအရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏ စီမံအုပ်ချုပ်သူများ၊ ပါတီဗဟို အလုပ်အမှုဆောင်များနှင့် ဩဇာရှိလွှမ်းမိုးသူများ။
- **နိုင်ငံခြားသား နိုင်ငံရေးအရဩဇာအာဏာရှိသူများ။** ။ လူထုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ယုံကြည်ခံထားရသူများ။ ဥပမာအားဖြင့် အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ တရားစီရင်ရေးနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏ စီမံအုပ်ချုပ်သူများ၊ ပါတီဗဟိုအလုပ်မှုဆောင်များနှင့် သံအမတ်များ။
- **နိုင်ငံတကာ အဖွဲ့အစည်းများရှိ နိုင်ငံရေးအရဩဇာအာဏာရှိသူများ။** ။ နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ယုံကြည်ခံထားရသူများ။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသော စီမံခန့်ခွဲရေးပိုင်း ဆိုင်ရာအကြီးတန်းအရာရှိများ။ ဥပမာအားဖြင့် ဒါရိုက်တာများ၊ လက်ထောက်ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ သို့မဟုတ် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၊ အကြီးတန်းဝန်ထမ်းများ။

နိုင်ငံရေးအရ ဩဇာအာဏာရှိသူ၏ အဓိပ္ပာယ်ကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်အောင်လည်း သတ်မှတ်ဖွင့်ဆိုရမည်ဖြစ်သည်။

- အထက်ပါ နိုင်ငံရေးအရ ဩဇာအာဏာရှိသူ အမျိုးအစားတစ်ခုခုရှိပုဂ္ဂိုလ်နှင့် မွေးချင်းဖြစ်စေ၊ လက်ထပ်ထား၍ဖြစ်စေ ပတ်သက်မှုရှိသည့် မိသားစုဝင်များ။
- အထက်ပါနိုင်ငံရေးအရ ဩဇာအာဏာရှိသူ အမျိုးအစားတစ်ခုခုနှင့် လူမှုရေးအရသော်လည်းကောင်း၊ အလုပ်အကိုင်အရသော်လည်းကောင်း ရင်းနှီးမှုရှိသူများ။

**လူ့အခွင့်အရေးနှင့် ခေတ်သစ်ကျေးကျွန်ပြုမှု**

ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများတွင်[130] လူအခွင့်အရေးများကိုလေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်းများတွင်တာဝန်ရှိကြောင်း ထုတ်ပြန်ထားသည်။ ဤအခြေခံမူများအရ ကုမ္ပဏီများသည် လူ့အခွင့်အရေးများဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအားကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရန် လုပ်ငန်းစဉ်တစ်ခုရှိရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုကြောင့် လူ့အခွင့်အရေးများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်နှင့် ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည်။ ဤသို့အခြေခံမူများ ထုတ်ဝေပြီးသည့်နောက် နိုင်ငံတကာကုမ္ပဏီအများအပြားသည် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များတွင် အထက်ပါအချက်များကို လက်ခံထည့်သွင်းလာကြသည်။[131]

130 ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများ၊ ၂၀၁၁။ English နှင့် Burmese

131 ဥပမာအနေဖြင့် Corporate Human Rights Benchmark ၂၀၁၇ ခုနှစ်၊ မတ်လကို လေ့လာဖတ်ရှုပါ။ MCRB ကိုထူထောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Institute for Human Rights and Business (IHRB) သည် လူ့အခွင့်အရေးညွှန်းကိန်း စုစုပေါင်း (၁၀၀) ဖြင့် ၂၀၁၆-၂၀၁၇ တွင် အများနှင့်သက်ဆိုင်သော ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ (၉၈)ခုအား အကဲဖြတ်ဆန်းစစ်ခဲ့သည်။

အချို့နိုင်ငံများတွင် ကုမ္ပဏီများဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများတွင် ကုမ္ပဏီများနှင့် ၎င်းတို့၏ စီးပွားဖက်များမှ ဦးစီးလုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းလည်ပတ်မှုများ၏ အကျိုးဆက်အနေဖြင့် လူ့အခွင့်အရေးအပေါ် မည်သို့သက်ရောက်မှုများရှိကြောင်း ထုတ်ဖော်ကြေညာရန် ဥပဒေအရ လိုအပ်လာအောင်ဆောင်ရွက်ရန် ခေတ်စားလျက်ရှိသည်။ ဥပမာအားဖြင့် ပြင်သစ်နိုင်ငံ၏ ၂၀၁၇ ခုနှစ်က ထုတ်ပြန်ခဲ့သော "ပင်မကုမ္ပဏီများနှင့် လက်အောက်ခံကုမ္ပဏီများ၏တာဝန်ဝတ္တရားများ" ဥပဒေအရ ပြင်သစ်တွင် စာရင်းသွင်းမှတ်ပုံတင်ထားသော အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသော ကုမ္ပဏီများသည် လူ့အခွင့်အရေးများဆိုင်ရာ အလေးဂရုပြုအားထုတ်ကြိုးပမ်းမှု လုပ်ငန်းစဉ်ရှိရမည်ဖြစ်ပြီး နှစ်ပတ်လည်နိုးကြားမှုအစီအစဉ်များ (vigilance plans) စတင်ဆောင်ရွက်ပြီး လက်တွေ့အကောင်အထည် ဖော်ရမည်ဖြစ်သည်။

(က) ဝန်ထမ်းအရေအတွက် ၅၀၀၀ နှင့်အထက် လုပ်ကိုင်လျက်ရှိသော ပြင်သစ်ကုမ္ပဏီများနှင့် (ပြင်သစ်ကုမ္ပဏီဥပဒေအောက်တွင် စာရင်းသွင်းထားသည့် တိုက်ရိုက် (သို့မဟုတ်) တိုက်ရိုက်မဟုတ်သော) လက်အောက်ခံကုမ္ပဏီများ။

(ခ) ဝန်ထမ်း ၁၀၀၀၀ နှင့်အထက်ရှိသော ကုမ္ပဏီများနှင့် ၎င်းတို့၏ နိုင်ငံတကာရှိ တိုက်ရိုက် (သို့မဟုတ်) တိုက်ရိုက်မဟုတ်သော လက်အောက်ခံကုမ္ပဏီများ ပါဝင်သည်။

အထက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ၊ ပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာလုံခြုံရေး အစရှိသည့် အခွင့်အရေးများသည် ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ ကုန်သွင်းသူများနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာများ၏ လုပ်ငန်းလုပ်ဆောင်မှုများကြောင့် ထိခိုက်နစ်နာစေခြင်းများ ရှိ၊ မရှိ စစ်ဆေးရန်နှင့် ထိခိုက်မှုများ မရှိစေရန် ကာကွယ်ရန် မည်သို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆင့်ဆင့် ဖော်ပြထားသည့် နှစ်ပတ်လည် နိုးကြားမှုအစီအစဉ်များကို ပြုစုရေးသားပြီး လက်တွေ့လိုက်နာကျင့်သုံးရန်လည်း လိုအပ်သည်။[132]

ဗြိတိန်၏ ခေတ်သစ်ကျေးကျွန်ပြုမှု အက်ဥပဒေ ၂၀၁၅ အရ ကုမ္ပဏီများသည် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံခြင်းများပြုလုပ်ရန် လိုအပ်ပြီး အစီရင်ခံစာတွင် မိမိကုမ္ပဏီနှင့် ကုန်စည်စီးဆင်းမှု ကွင်းဆက်တစ်လျောက်လုံး (supply chains) တွင် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများမရှိစေရန် ကုမ္ပဏီက မည်သို့ဆောင်ရွက်လျက်ရှိကြောင်း အဆင့်ဆင့် လုပ်ဆောင်ချက်များ ဖော်ပြရမည်ဖြစ်သည်။[133] ဥပမာအားဖြင့် အကြွေးကြောင့် ကျေးကျွန်ပြုခံရခြင်း၊ အလုပ်သမားများ၏ မှတ်ပုံတင် အထောက်အထားများကို အလုပ်ရှင်မှ သိမ်းယူထားခြင်းများကို ဖြစ်ပေါ်စေနိုင်သည့် အလုပ်သမားပွဲစားခများ ပေးဆောင်ရခြင်း ရှိ၊ မရှိဟူသော အချက်မျိုးလည်း ပါဝင်နိုင်သည်။

အထက်ဖော်ပြပါဥပဒေကို အတည်ပြုထားသော နိုင်ငံများရှိ နိုင်ငံခြားသားစီးပွားဖက်များကို ဆွဲဆောင်ရာတွင် မြန်မာကုမ္ပဏီများအနေဖြင့် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများ မရှိစေရန် လိုက်နာဆောင်ရွက်နေကြောင်း ပြသနိုင်ပါက တပန်းသာမည် ဖြစ်သည်။

ပွင့်သစ်စ ၂၀၁၈ အစီရင်ခံစာအတွက် မြန်မာကုမ္ပဏီများကို စိစစ်အကဲဖြတ်ရာတွင် ကုမ္ပဏီ (၁၇) ခုသည် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများရှိသည် (သို့မဟုတ်) မူဝါဒများတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီ (၁၅) ခုမှာမူ ၎င်းတို့၏ကုမ္ပဏီမှ လိုက်နာရမည့်ကျင့်ဝတ်စာတမ်း (သို့မဟုတ်) တိကျသော မူဝါဒများတွင် ထုတ်ဖော်တိုင်ကြားခြင်းနည်းများ ထည့်သွင်းထားသည်။

132 French Duty of Vigilance Law takes trend towards mandated corporate disclosure regimes to a new level, Freshfields, ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်။

133 United Kingdom Modern Slavery Act 2015.



## အခန်း ၄။ ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာ

### စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း

အထက်တွင် ဖော်ပြထားသည့်အတိုင်း MCRB နှင့် Yever တို့သည် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ဇယားကွက် ၂) နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၁၈ အစီရင်ခံစာ၏ အမှတ်ပေးစနစ်ကို ပြန်လည်ရေးဆွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ ရေးဆွဲထားခြင်းကြောင့် မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို အာဆီယံကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်ရန် အပြင် မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းရှိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရှေ့ပြေးဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် အခွင့်အရေးဖြစ်သည်။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)သည် DICA/IFC/YSX အစရှိသည့် အဖွဲ့အစည်းများနှင့် အတူပူးပေါင်း၍ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းနှင့် ပတ်သက်၍ လူအများသိနားလည်မှု များပြားလာစေရန် ဆောင်ရွက်လျက်ရှိပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက်ပါ အကျုံးဝင်စေရန် ပွင့်သစ်စထက် ပိုမိုကျယ်ပြန့်သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းစံနှုန်းများအား အသုံးပြုလျက်ရှိသည်။

## ဇယား (၅)
## အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို ၂၀၁၁ တွင် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ ရှေ့ပြေးဆောင်ရွက်မှုတစ်ခု အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဤရှေ့ပြေးဆောင်ရွက်မှုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသင်းဝင်ထားသော အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် ASEAN Capital Markets Forum(ACMF)[134] ၏ ဒေသတွင်း ရှေ့ပြေးဆောင်ရွက်မှုတစ်ခုဖြစ် သည်။ ၎င်းကို အွန်လိုင်းတွင် ဖတ်ရှုနိုင်သည်။ [135]

အဆိုပါရမှတ်မှတ်တမ်းကို အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းများပေါ်တွင် အခြေခံထားသည်။ နိုင်ငံတကာမှ လက်ခံထားသည့် အလေ့အကျင့် ကောင်းများကိုစံနှုန်းထား၍ ရမှတ်မှတ်တမ်းကို ရေးဆွဲထားပြီး အကြောင်းရင်းမှာ ကုမ္ပဏီများအနေဖြင့် ဥပဒေအရ လိုက်နာဆောင်ရွက် ခြင်းမျိုးသာမက ပိုမို၍သာလွန်ကောင်းမွန်သော အလေ့ အကျင့်များအရ လုပ်ငန်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားခြင်းကြောင့် ဖြစ်သည်။ ပွင့်သစ်စကဲ့သို့ပင် အများပြည်သူဝင်ရောက် ဖတ်ရှုနိုင်သော သတင်းအချက်အလက်များကို တိုင်းတာထားသည်။ အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့တွင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ကုမ္ပဏီများ (အဓိကအားဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ)ကို ခြေရာခံရန်နှင့် အဆင့်သတ်မှတ်ရန် အသုံးပြုလျက်ရှိသည်။

ရမှတ်မှတ်တမ်းသည် အောက်ပါ OECD အခြေခံမှု (၅)ခုနှင့် အကျုံးဝင်သည်။

| | | |
|---|---|---|
| အပိုင်း (က) | : | ရှယ်ယာပိုင်ရှင်တို့၏ ရပိုင်ခွင့်များ |
| အပိုင်း (ခ) | : | ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှဆက်ဆံမှု |
| အပိုင်း (ဂ) | : | ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ |
| အပိုင်း (ဃ) | : | ထုတ်ဖော်ကြေငြာမှုနှင့် ပွင့်လင်းမြင်သာမှု |
| အပိုင်း (င) | : | ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ |

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် အမှတ်ပေးစနစ်ကို အဆင့် ၂ ဆင့် ထား၍ လုပ်ဆောင်ထားသည်။

အဆင့် (၁) : ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများနှင့်သက်ဆိုင်သော အကြောင်းအရာများ (စုစုပေါင်း ၁၄၅ ခု)။

အဆင့်(၂): ကောင်းမွန်သော အလေ့အကျင့်များအတွက် အပိုရမှတ်များနှင့် အားနည်းသော စီမံအုပ်ချုပ်မှုအတွက် အမှတ်လျှော့ ပြစ်ဒဏ် (အပိုရမှတ် ၁၃ ခုနှင့် ပြစ်ဒဏ် ၂၅ ခု)

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်နှင့်ပူးပေါင်း၍ "အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ် မှတ်တမ်း၊ နိုင်ငံအလိုက် အစီရင်ခံစာများနှင့် အကဲဖြတ်မှုများ ၂၀၁၅"ဟူသည့် စတုတ္ထအကြိမ်မြောက် ခြုံငုံသုံးသပ်ချက်ကို အောက် တိုဘာ ၂၀၁၇ တွင် ထုတ်ဝေခဲ့သည်။[136] ၎င်းစာစောင်တွင် အာဆီယံဒေသတွင်းရှိ နိုင်ငံပေါင်း (၆) နိုင်ငံရှိ စတော့အိတ်ချိန်းစာရင်းဝင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီပေါင်း (၅၀၀)ကျော်အား အကဲဖြတ်ဆန်းစစ်ထားရှိပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း ရှယ် ယာ ပိုင်ရှင်တို့၏ရပိုင်ခွင့်များ၊ ရှယ်ယာပိုင်ရှင်များကိုတန်းတူညီမျှဆက်ဆံမှု၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ ၏ အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေငြာမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများဆိုင်ရာ အချက်များပေါ်မူတည်၍ နိုင်ငံ အလိုက် စိစစ်လေ့လာချက်တစ်ခုကို တင်ပြထားသည်။

134 www.theacmf.org

135 လေ့လာရန်ဖတ်ရှုနိုင်ရန်။ http://www.theacmf.org/ACMF/upload/asean_cg_scorecard_12_may_2017.pdf

136 'ASEAN Corporate Governance Scorecard Country Reports and Assessments 2015', အာရှဖွံ့ဖြိုးရေးဘဏ် ၂၀၁၇ ခုနှစ်။



**နှိုင်းယှဉ်လေ့လာသောစံသတ်မှတ် ချက်များကို ရွေးချယ်ခြင်း**

အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို အသုံးပြုခြင်း၏ အကျိုးဆက်အနေဖြင့် ပွင့်သစ်စတွင် စစ်ဆေးသော စံသတ်မှတ်ချက်အရေအတွက်သည် ယခင် (၃၅)ခုမှ (၇၄)ခုအထိ များပြားလာခဲ့ပြီး အမျိုးအစားအရလည်း (၃)ခုမှ (၅)ခုအထိ တိုးပွားလာခဲ့သည်။ (ဇယားကွက် ၂ ကို ကြည့်ပါ။) အများစုဖြစ်သောမေးခွန်းများ (မေးခွန်းအခု ၅၀ (သို့မဟုတ်) ၆၈ ရာခိုင်နှုန်း) ကော် ပိုရိတ်စီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်ပြီး ၂၀၁၆ အစီရင်ခံစာနှင့် နှိုင်းယှဉ်လျှင်၂၀၁၈ ပွင့်သစ်စတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအပိုင်းကို အသားပေးထားသည်။

## ဇယားကွက် (၂)
## ၂၀၁၈ ပွင့်သစ်စ အမှတ်ပေးစနစ်တွင် အကျုံးဝင်သောအရာများ

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (၆၈%)(စံသတ်မှတ်ချက်အချက် ၅၀)**

- ဒါရိုက်တာဘုတ်အဖွဲ့
- စာရင်းစစ် ကော်မတီ
- တင်မြှောက်ရွေးချယ်ခြင်းကော်မတီ
- လျော်ကြေးပေးအပ်သည့်ကော်မတီ
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု
- စွမ်းဆောင်ရည်အကဲဖြတ်မှုနှင့် ဘုတ်အဖွဲ့ရွေးချယ်ခြင်း
- ကော်ပိုရိတ် အခြေခံမူများ
- စီးပွားရေးကျင့်ဝတ်
- မကျေနပ်ချက်များကို ထုတ်ဖော်ပြောခြင်း

**ကော်ပိုရိတ် အလေ့အထ (၉%) (စံသတ်မှတ် ချက် ၇ ချက်)**

- ကုမ္ပဏီအကြောင်းအရာ

**ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု (၇%) (စံသတ်မှတ် ချက် ၅ ချက်)**

- စီမံခန့်ခွဲမှု
- မဟာနည်းဗျူဟာ
- အစီရင်ခံစာတင်ခြင်း

**အစီရင်ခံခြင်း (၉%) (စံသတ်မှတ်ချက် ၇ ချက်)**

- ဘဏ္ဍာရေးမဟုတ်သော

**သတင်းအချက်အလက်များ ပေးပို့ဆက်သွယ် ပြောကြားခြင်း (၇%) (စံသတ်မှတ်ချက် ၅ ချက်)**

- ကော်ပိုရိတ် ဆက်ဆံရေး

အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကို အပြည့်အဝအသုံးမပြုရခြင်း အကြောင်း ရင်းမှာ ရမှတ်မှတ်တမ်း၏ အမျိုးအစား(က)နှင့် (ခ)တို့တွင် မြန်မာကုမ္ပဏီများနှင့် ကိုက်ညီမှု မရှိ သေးသည့် အကြောင်းအရာများဖြစ်သည့် ရှယ်ယာပိုင်ရှင်တို့၏ ရပိုင်ခွင့်များနှင့် ရှယ်ယာပိုင်ရှင် များကို တန်းတူညီမျှ ဆက်ဆံမှုပေါ်တွင် များစွာအသားပေးထားသောကြောင့် ဖြစ်သည်။ ထိုင်း နိုင်ငံ၌ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းအား ရေးဆွဲအကောင်အထည် ဖော်ခြင်းတွင် အနီးကပ်ပါဝင်ခဲ့သော ထိုင်းနိုင်ငံ ဒါရိုက်တာများအင်စတီကျူမှ ဒေါက်တာ Bandid Nijathaworn နှင့်ဆွေးနွေးခဲ့သည့်အတိုင်း ပွင့်သစ်စအစီရင်ခံစာတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း၏ အမျိုးအစား (ဂ ၊ ဃ၊ င)တို့တွင် ပါဝင်သော ကော်ပိုရိတ် စီမံ အုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင် သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ အစရှိသည့် အကြောင်းအရာများအား ဦးစားပေး ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။

ပွင့်သစ်စတွင် အသုံးပြုထားသော စံသတ်မှတ်ချက် (၇၄) ချက်အနက် (၅၉) ချက်သည် ကော် ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ် မှတ်တမ်းပါ အမျိုးအစား (ဂ၊ ဃ၊ င) တို့၏ စံသတ်မှတ်ချက် ၁၄၅ ချက်နှင့် တိုက်ရိုက်ကိုက်ညီသည်။ ကျန်ရှိနေသော စံသတ်မှတ်ချက် ၁၅ ချက်ကိုမူ အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းတွင် မပါဝင်သော်လည်း ရေရှည်တည်တံ့ခြင်းနှင့် ဘဏ္ဍာရေးမဟုတ်သော အကြောင်းအရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်

နေသော တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဝေဖန်ဆွေးနွေးမှုများ (အပိုင်း ၃)နှင့် သက်ဆိုင်၍ MCRB နှင့် Yever တို့အနေဖြင့် အရေးကြီးသည်ဟုယူဆသော ကိစ္စရပ်များကို ထည့်သွင်းထားခြင်းဖြစ်သည်။

ဤပွင့်သစ်စ လေ့လာမှုတွင် အကဲဖြတ်ဆန်းစစ်သော မေးခွန်းများကို နောက်ဆက်တွဲ (၂)တွင် ဖော်ပြထားပြီး အများပြည်သူသိရှိနိုင်ရန် MCRB နှင့် Yever ဝက်ဘ်ဆိုက်များတွင် ၂၀၁၇ နိုဝင်ဘာလမှစပြီး မျှဝေထားသည်။ ဤလေ့လာမှုတွင်ပါဝင်သော ကုမ္ပဏီအများစု (စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှလွဲ၍)အား လေ့လာမှုပါ သက်ဆိုင်ရာသတင်းအချက်အလက်များကိုဝက်ဘ်ဆိုက်ပေါ်တွင်ဖော်ပြရန် လက်ရှိမြန်မာ့ဥပဒေအောက်တွင် တရားဝင်ပြဋ္ဌာန်းထားခြင်းမျိုး မရှိပါ။ သို့သော် တရားဝင်အချက်အလက်များ ထုတ်ပြန်ခြင်းအားဖြင့် အလားအလာရှိသော စီးပွားဖက်များနှင့် (ရင်းနှီးမြှုပ်နှံသူများ) ရရှိနိုင်ခြေတွင် ပြိုင်ဘက်များထက် သာလွန်စေနိုင်သည်။ အကြောင်းရင်းမှာ ကုမ္ပဏီတစ်ခုအကြောင်း လေ့လာမည်ဆိုပါက ကုမ္ပဏီဝက်ဘ်ဆိုက်ကို အကဲဖြတ်လေ့လာခြင်းသည် ဖြစ်နိုင်ခြေအများဆုံး နည်းလမ်းတစ်ခု ဖြစ်သည်။

ပွင့်သစ်စ အစီရင်ခံစာအတွက် အကဲဖြတ်ဆန်းစစ်ရာတွင် အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သောအင်တာနက်ပေါ်ရှိ(တရားဝင်ဖော်ပြထားသည့်)ကုမ္ပဏီဆိုင်ရာသတင်းအချက်အလက်များအားလုံးကို အောက်ပါစာရင်းပါအတိုင်း ဆန်းစစ်ခဲ့သည်။

- ကုမ္ပဏီဝက်ဘ်ဆိုက်။
- ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသော ကုမ္ပဏီ၏ ကော်ပိုရိတ်မူဝါဒများ။
- နှစ်ပတ်လည်အစီရင်ခံစာ၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာနှင့် အခြားသင့်တော်သည့် အစီရင်ခံစာများ။ (ဤအစီရင်ခံစာများသည် ဝက်ဘ်ဆိုက်ပေါ်တွင် ကြည့်ရှုနိုင်လျှင် (သို့မဟုတ်) ဒေါင်းလုဒ်လုပ်နိုင်လျှင်)
- UNGC Communications on Progress (COP) အစီရင်ခံစာများ။
- ကုမ္ပဏီ၏ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင်ဖော်ပြထားသောသတင်းအချက်အလက်များ။

သုတေသနစာတမ်းကို အများပြည်သူအား မိတ်ဆက်ခြင်းပြုလုပ်ပြီးနောက် ၂၀၁၇ နိုဝင်ဘာလတွင် အွန်လိုင်းပေါ်မှတစ်ဆင့် သုတေသနပြုလုပ်ခြင်းကို Yever မှ ဦးဆောင်ဆောင်ရွက်ခဲ့သည်။ ခြုံငုံ၍ကြည့်လျှင် Yever သည် သုတေသနအတွက် ပြင်ဆင်မှုနှင့် သတင်းအချက်အလက် စိစစ်မှုအပိုင်းဆောင်ရွက်ရန် အလုပ်လုပ်ရက်ပေါင်း ၁၅၀ ကျော်(ငွေကြေးကောက်ခံခြင်းမပြုဘဲ အခမဲ့) လုပ်ကိုင်ခဲ့သည်။ ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်းအပိုင်းကိုမူ MCRB နှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။

## စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း

ပွင့်သစ်စ ၂၀၁၈ အစီရင်ခံစာအတွက် MCRB နှင့် Yever တို့သည် ကုမ္ပဏီပေါင်း(၁၈၂)ခုကို ရွေးချယ်ခဲ့ပြီး ကုမ္ပဏီအခုပေါင်း(၁၀၀) ပါဝင်သော ယခင် ပွင့်သစ်စအစီရင်ခံစာ ထက်ပို၍ ကုမ္ပဏီအရေအတွက် များပြားသည်။ အဆိုပါ ကုမ္ပဏီပေါင်း(၁၈၂)ခုတွင် အောက်ပါကုမ္ပဏီအမျိုးအစားများ ပါဝင်သည်။

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ (၅)ခု။
- DICA မှ အသိအမှတ်ပြုထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၅၄)ခု (အသေးစိတ်ကို ဇယား ၆ တွင် ကြည့်ပါ)။
- ပြည်တွင်းအခွန်များဦးစီးဌာနမှထုတ်ပြန်သော ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆နှင့် ၂၀၁၆-၂၀၁၇ အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်သော မြန်မာလုပ်ငန်းရှင်များ (၁၀၀၀) စာရင်းတွင် ပါဝင်သည့် ကုမ္ပဏီများ(သို့) အရှိန်အဝါကြီးမားသော ကုမ္ပဏီများ (၁၂၃) ခု။

ယခင် နောက်ဆုံးပွင့်သစ်စ အစီရင်ခံစာဖြစ်သော ၂၀၁၆ တွင် စိစစ်ခဲ့သောစစ်တမ်းရှိ ကုမ္ပဏီများအခု (၁၀၀) အနက် (၇၈) ခုသော ကုမ္ပဏီများမှာ ယခုလက်ရှိ ၂၀၁၈ အစီရင်ခံစာတွင် ပြန်လည်ပါဝင်ခဲ့သည်။ ထို့အပြင် ကုမ္ပဏီများ၏ ကမ်းလှမ်းတောင်းဆိုချက်အရ ၂၀၁၇ ခုနှစ်တွင် MCRB က စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါကုမ္ပဏီများကို အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်သော မီနီပွင့်သစ်စအစီအစဉ်တွင်ပါဝင်သည့် ကုမ္ပဏီများကိုလည်း ယခုအစီရင်ခံစာတွင် ထည့်သွင်းထားသည်။ ထိုကဲ့သို့ အကဲဖြတ်ဆန်းစစ်ပေးရန် ကိုယ်တိုင် တောင်းဆိုလိုသော ကုမ္ပဏီများအနေဖြင့် နောက်တစ်ကြိမ် အစီရင်ခံစာမထုတ်မီ အချိန်ကာလအတွင်း ဆက်သွယ်ကမ်းလှမ်းနိုင်ပါသည်။

### ဇယား (၆)

### မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဆိုသည်မှာ အဘယ်နည်း။

၂၀၁၇ မြန်မာကုမ္ပဏီများဥပဒေအရ ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုသည် အများပြည်သူအား ရှယ်ယာထုတ်ရောင်းခွင့် မရှိသည့်အပြင် အဖွဲ့ဝင် (သို့မဟုတ်) ရှယ်ယာပိုင်ရှင်ပေါင်း စုစုပေါင်း ၅၀ ဦးအထိသာရှိရမည်ဟု ကန့်သတ်ထားသည်။ သို့သော်လည်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အများပြည်သူအား ရှယ်ယာထုတ်ရောင်းနိုင်သည်။ ၎င်းအများနှင့် သက်ဆိုင်သောကုမ္ပဏီတွင် အဖွဲ့ဝင်/ရှယ်ယာပိုင်ရှင် အနည်းဆုံး (၇)ဦး (အများဆုံး အရေအတွက် ကန့်သတ်ချက်မရှိ)၊ အနည်းဆုံး ဒါရိုက်တာ(၃)ဦး ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် နေထိုင်သော မြန်မာနိုင်ငံသားဒါရိုက်တာ အနည်းဆုံး တစ်ဦးပါဝင်ရမည်ဖြစ်သည် (မြန်မာကုမ္ပဏီများ ဥပဒေပုဒ်မခွဲ ၄ (က) အရ)။ စီးပွားရေးလုပ်ငန်းစတင်ရန် အတည်ပြုချက်လက်မှတ်တစ်ခုကို လုပ်ငန်းစတင် မလည်ပတ်မီ လျှောက်ထားရမည် ဖြစ်သည်။[137] ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ မဟုတ်ကြပေ။ သို့သော်၂၀၁၇ ကုမ္ပဏီများဥပဒေအရ နိုင်ငံခြားသားပိုင် ရှယ်ယာပမာဏသည် ၃၅% အထိရှိနိုင်သည် ဟူသောပြဋ္ဌာန်းချက်သည် လက်ရှိအနေအထားနှင့်ယှဉ်လျှင် အပြောင်းအလဲများ ဖြစ်ပေါ်လာစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် ၂၀၁၆ စက်တင်ဘာအထိ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်စာရင်းသွင်းထားသော ကုမ္ပဏီပေါင်း (၂၃၁)ခု ရှိပြီး ၎င်းတို့အနက် ကုမ္ပဏီပေါင်း(၆၀)ကို အများနှင့်သက်ဆိုင်သော ကုမ္ပဏီများဆိုင်ရာလိုအပ်ချက်များကို လိုက်နာခြင်းမရှိဟု သတ်မှတ်ခဲ့သည်။ DICA ၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးသည် ဤအနေအထားများဖြစ်ပေါ်ရခြင်းမှာ အများနှင့်သက်ဆိုင်သောကုမ္ပဏီအနေဖြင့် စာရင်းသွင်းထားလျှင် ဦးသိန်းစိန်အစိုးရ လက်ထက်တွင် တင်ဒါများခေါ်ယူရွေးချယ်ရာတွင် ဦးစားပေးခံရမည်ဟု ယူဆထားသောကြောင့် ဖြစ်နိုင်သည်ဟု ပြောဆိုခဲ့သည်။[138] ဤအချက်ကို ဟန့်တားနိုင်ရန် အများနှင့် သက်ဆိုင်သောကုမ္ပဏီများအဖြစ် စာရင်းသွင်းလျှောက်ထားကြေးတန်ဖိုးကို ၂၀၁၆ ခုနှစ်၊ မေလတွင် ငွေကျပ်တစ်သန်းမှ (၂.၅)သန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။[139]

137 https://dica.gov.mm/en/step-by-step/registration-myanmar-public-companies

138 ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား ပြန်လည်သင်တန်းပေးသွားမည်။ Myanmar Business Today၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်။

139 ပြင်ဆင်သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊၂၀၁၆ ခုနှစ် မေလ။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် ရှယ်ယာရှင်များနှင့်ဆွေးနွေးရန် အစည်းအဝေးများ (statutory meetings) ကို အနည်းဆုံး ၆ လတစ်ကြိမ် (တစ်လတစ်ကြိမ်ထက် မပိုစေဘဲ) ကျင်းပပေးရန်နှင့် အစည်းအဝေးကျင်းပပြီး ၂၁ ရက်အတွင်း DICA သို့ ရှယ်ယာအကြောင်း အရာများပါဝင်သည့် အဆိုပါအစည်းအဝေးဆိုင်ရာ အစီရင်ခံစာကို တင်သွင်းရန် ကတိကဝတ်ရှိကြောင်း နှိုးဆော်သတိပေးခဲ့သည်။ အဆိုပါ သတိပေးထုတ်ပြန်ကြေညာချက်တွင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် အသိအမှတ်ပြုခံရပြီးနောက် (၁၈)လ ကာလအတွင်း ကျင်းပရမည်ဖြစ်ပြီး နောက်ထပ်ကျင်းပမည့် နှစ်စဉ်အထွေထွေအစည်းအဝေးကို ယခင်အစည်းအဝေးနှင့် ၁၅ လထက်ပို၍ နောက်မကျစေဘဲကျင်းပရန် သတိပေးထားသည်။ ကုမ္ပဏီများသည် အစည်းအဝေး ရလဒ်များနှင့် အရှုံးအမြတ်များပါဝင်သော နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းများကို DICA သို့ တင်ပြရမည်ဖြစ်သည်။ ကုမ္ပဏီများသည် အများပြည်သူထံသို့ စတင်ကမ်းလှမ်းရောင်းချခြင်းမပြုခင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ အတည်ပြုချက် ရှေးဦးစွာရယူရမည်ဟု သတိပေးနှိုးဆော်ထားသည်။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ နည်းဥပဒေများတွင် ကော်မရှင်အား ကနဦးကမ်းလှမ်းရောင်းချမှုနှင့်ပတ်သက်၍ သတင်းပို့ရန် ပျက်ကွက်သော ကုမ္ပဏီများသည် ထောင်ဒဏ် ၁၀ နှစ်၊ ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံးနှင့် ရင်ဆိုင်ရနိုင်သည်ဟု ဖော်ပြထားသည်။ [140]

အဆိုပါအချက်များအပြင် တရားမဝင်ရှယ်ယာရောင်းချမှုများနှင့် Ponzi ကြံစည်မှုများ အစရှိသည့် လိမ်လည်လှည့်ဖြားမှုများ များပြားလာသည့် အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့တွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ (၅၅) ခု (ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ အချို့အပါအဝင်) သည် OTC ဈေးကွက်တွင် ၎င်းတို့၏ရှယ်ယာများကို ရောင်းချရန် DICA မှ ခွင့်ပြုချက်ပေးခဲ့သည်။ သို့သော် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ထိုသို့ ရှယ်ယာများကို OTC ဈေးကွက်တွင် ရောင်းချရန် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေနှင့်အညီ ကော်မရှင်၏ခွင့်ပြုချက်ကိုလည်း ရယူရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားထားခဲ့သည်။ ယခု လက်ရှိအနေတွင် Yangon Bus Public Companyနှင့် Myanmar Agro Exchange Public အစရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ(၂)ခုမှသာ ပြည်တွင်း OTC ဈေးကွက်တွင် ရှယ်ယာရောင်းချရန်ကော်မရှင်မှ ခွင့်ပြုထားရှိသည်။ ဤ ပွင့်သစ်စအစီရင်ခံစာတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီစုစုပေါင်း (၅၅) ခုထဲမှ (၅၄)ခု ပါဝင်သည်။

### ကုမ္ပဏီများနှင့် လုပ်ငန်းစုများအား ရွေးထုတ်ရာတွင် တွေ့ကြုံရသော အခက်အခဲများ

ယခင်ပွင့်သစ်စ အစီရင်ခံစာတွင် တွေ့မြင်ခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် Group-လုပ်ငန်းစု ဟူသောစကားလုံးကို တစ်သမတ်တည်းမရှိဘဲ အဓိပ္ပာယ်အမျိုးမျိုးဖြင့် အသုံးပြုနေကြသည်။ အချို့သည် တရားဝင်ဥပဒေအရ လုပ်ငန်းစုအဖြစ် လျှောက်ထားပြီး လုပ်ငန်းလုပ်ကိုင်နေသလို အချို့မှာမူ လုပ်ငန်းစုအဖြစ် တရားဝင်မှတ်ပုံတင်ထားခြင်းမျိုး မဟုတ်သော်လည်း နာမည် အခေါ် အဝေါ်တွင် လုပ်ငန်းစုဟု ကိုယ်တိုင်သတ်မှတ်ပြီး လုပ်ငန်းအများအပြားကို အကြမ်းဖျင်း ပူးပေါင်း ဖွဲ့စည်းကာ လုပ်ဆောင်နေခြင်းမျိုးဖြစ်သည်။ လုပ်ငန်းစု သဘောသဘာဝရှိသည့် ကုမ္ပဏီများကို ၎င်းတို့အဖွဲ့အစည်း၏ ပုံသဏ္ဍာန်နှင့် မည်သို့အကဲဖြတ်ခံလိုကြောင်း (ဥပမာအားဖြင့် လုပ်ငန်းစု အနေဖြင့်ဖြစ်စေ လုပ်ငန်းတစ်ခုချင်းအနေဖြင့်ဖြစ်စေ) မေးမြန်းခဲ့သည်။ အချို့သော ကုမ္ပဏီများ သည် အကဲဖြတ်ချက်အတွက် ကုမ္ပဏီတစ်ခုကိုသာ ကိုယ်တိုင်ရွေးချယ်ခဲ့ပြီး အဆိုပါကုမ္ပဏီအား စစ်တမ်းတွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသော်လည်း ပင်မကုမ္ပဏီအဖြစ် သတ်မှတ်ထားရှိ ခဲ့သည်။

### ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း

ပွင့်သစ်စအစီရင်ခံစာအတွက် ရွေးချယ်ခံရသော ကုမ္ပဏီများအမည်နှင့် အကဲဖြတ်ဆန်းစစ်သော စံသတ်မှတ်ချက်များကို အောက်တိုဘာလ (၃၁) ရက်နေ့တွင် ကျင်းပခဲ့သော မီဒီယာမိတ်ဆက်ပွဲ အပြီး၌ MCRB နှင့် Yever ဝက်ဘ်ဆိုက်များတွင် ထုတ်ပြန်ခဲ့သည်။[141] အစီရင်ခံစာအတွက် စစ်တမ်းကောက်ယူခြင်းနှင့် ၂၀၁၈ စာတမ်း သုတေသနနည်းစနစ်များကို အသေးစိတ်ရှင်းပြရန်

140 အများနှင့်သက်ဆိုင်သောကုမ္ပဏီများ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာချက်။

141 http://www.myanmar-responsiblebusiness.org/pwint-thit-sa/2018.html



အတွက် ဒီဇင်ဘာလတွင် ကုမ္ပဏီများထံသို့ အီးမေးလ်နှင့် စာများပေးပို့ခဲ့သည်။

အကြမ်းဖျင်းရမှတ်များကို ကုမ္ပဏီများသို့ ဇန်နဝါရီလတွင် ပေးပို့ခဲ့သလို အကြမ်းဖျင်းရမှတ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် ကမ်းလှမ်းချက်များလည်း ပြုလုပ်ခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် ကုမ္ပဏီပေါင်း (၁၈) ခုမှ အကြံပေးချက်ရလိုကြောင်း MCRB/Yever ထံသို့ ဆက်သွယ်ခဲ့သည်။ နောက်ဆုံးတွင် ကုမ္ပဏီ (၁၇) ခုအား လူချင်း တိုက်ရိုက်တွေ့၍သော်လည်းကောင်း၊ အီးမေးလ် ပို့၍သော်လည်းကောင်း အဆက်အသွယ်များပြုလုပ်ခဲ့သည်။ ၎င်းကုမ္ပဏီများသည် ဧရာဝတီ ဘဏ်၊ စီးတီးမတ်ဟိုး(လ်)ဒင်း၊ ဒဂုံဂရု(ပ်)၊Dawei Development Public Company၊ ပထမ ပုဂ္ဂလိကဘဏ်၊ FMI၊ Grand Guardian Insurance၊ Great Hor Kham၊ Irrawaddy Green Tower၊ မက်စ်မြန်မာ၊ မြန်မာဩဘာ၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ မြဝတီ ဘဏ်၊ ပါရမီစွမ်းအင်၊ ရွှေတောင်ဂရု(ပ်)နှင့် Supreme Group အစရှိသည့် ကုမ္ပဏီတို့ဖြစ်ကြသည်။

ထိုကဲ့သို့ အပြန်အလှန်ဆွေးနွေးခြင်း၏ ရလဒ်အဖြစ် ကုမ္ပဏီအများစု၏ သတင်းအချက်အလက် များ ထုတ်ဖော်ကြေညာမှုသည် သိသာထင်ရှားစွာ တိုးတက်လာပြီး အကြမ်းဖျင်းရမှတ်များနှင့် နောက်ဆုံးရမှတ်များကြား ယေဘုယျအားဖြင့် ၁၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထိုသို့ ရမှတ်များတိုးတက်လာခြင်းသည် ပွင့်သစ်စအစီရင်ခံစာ၏ လမ်းညွှန်မှုသည် အရေးပါသက်ရောက် မှုရှိကြောင်း ပြသနေခြင်းဖြစ်သည်။ ထို့ကြောင့် ထုတ်ဖော်ကြေညာမှုနှင့်ပတ်သက်၍ ကြီးကြပ် ကွပ်ကဲသူများမှ ကုမ္ပဏီများအပေါ် အလားတူလမ်းညွှန်မှုများ ပြုလုပ်ပေးရန် လိုအပ်နေကြောင်း နှင့် ကုမ္ပဏီများမှ အဆိုပါလမ်းညွှန်မှုများကို ကြိုဆိုကြောင်း မှတ်ယူနိုင်ဖွယ်ရှိသည်။

ကုမ္ပဏီများသည် သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုကို အပြီးသတ်ပြုလုပ်နိုင်ရန် အတွက် ဖေဖော်ဝါရီလကုန်အထိ အချိန်ပေးထားခဲ့သည်။ သို့သော် ဝက်ဘ်ဆိုက်များကို မွမ်းမံ ပြင်ဆင်ရာတွင် အချို့သောကိစ္စများကြောင့် အချိန်ပိုတောင်းဆိုသော ကုမ္ပဏီများအား ရက်သတ္တ ပတ်တစ်ပတ်အထိ ခြွင်းချက်အနေဖြင့် ခွင့်ပြုခဲ့သည်။ မတ်လဆန်းတွင် ရမှတ်များကို အပြီးသတ် ထွက်ရှိအောင် ဆောင်ရွက်ခဲ့ပြီး ထိပ်တန်းကုမ္ပဏီများ၏ ရမှတ်များကို MCRB မှ ထပ်မံအတည်ပြု စစ်ဆေးခဲ့သည်။

နိုဝင်ဘာလတွင် ကုမ္ပဏီများကို ပထမအကြိမ် မီဒီယာမိတ်ဆက်ပွဲမှတစ်ဆင့် အသိပေးခဲ့ပြီး ကုမ္ပဏီများစွာမှ MCRB ထံသို့ တိုက်ရိုက်ဆက်သွယ်ခြင်းများ ပြုခဲ့သော်လည်း MCRB/Yever အနေဖြင့် ဝက်ဘ်ဆိုက်များကိုမွမ်းမံပြင်ဆင်ရန် အချိန်သည် ကန့်သတ်ချက်ရှိကြောင်းနှင့် ကုမ္ပဏီ များအနေဖြင့် အချိန်ပိုမိုရရှိလျှင် ထုတ်ဖော်ကြေညာမှုများကို ယခုထက်ပို၍ သေချာပေါက်လုပ် ဆောင်နိုင်ကြောင်း အသိအမှတ်ပြုလိုပါသည်။

### အမှတ်ပေးခြင်း

စံသတ်မှတ်ချက်တစ်ခုစီကို “YES” ဆိုလျှင် (၁) မှတ် “NO” ဆိုလျှင် သုညမှတ်ဟု ညီမျှစွာ သတ်မှတ်ထားသည် (ချွင်းချက်များရှိသည် ဥပမာအနေဖြင့် လွတ်လပ်သော ဒါရိုက်တာအရေအတွက် ကဲ့သို့သော အခြေအနေမျိုး)။ အမှတ်တစ်မှတ်ရရန် ကုမ္ပဏီ၏ ထုတ်ဖော်ကြေညာမှုတစ်ခုသည် ရှင်းလင်း၍ ပြီးပြည့်စုံရမည်၊ ကုမ္ပဏီမှ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ရမည့်အပြင် အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်ရန်လည်း လွယ်ကူအဆင်ပြေရမည်ဖြစ်သည်။ ကုမ္ပဏီ၏ လက်ရှိအခြေအနေ နှင့်ကိုက်ညီအောင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြရမည်ဖြစ်ပြီး နှစ်ပတ်လည် အစီရင်ခံစာများအတွက်မူ သက်တမ်း ၂ နှစ်ထက် မကျော်ရန်လည်း လိုအပ်ပေသည်။ စံသတ်မှတ်ချက်(၇၄) ချက်အနက် တစ်ချက်စီအတွက် ရမှတ်များကိုပေါင်း၍ ကုမ္ပဏီ၏ ရမှတ်စုစုပေါင်းကို တွက်ချက်ထားသည်။

ပထမအကြိမ်အကဲဖြတ်ဆန်းစစ်ခြင်းကို Yever အဖွဲ့ဝင်တစ်ယောက်မှ အကဲဖြတ်ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပြီး ကုမ္ပဏီတွင်းရှိ အရည်အသွေးထိန်းသိမ်းနိုင်မှု စံနှုန်းများနှင့်ကိုက်ညီအောင် ပြုလုပ်ခဲ့

သည်။ ဒုတိယအကြိမ် အကဲဖြတ်ဆန်းစစ်ခြင်းတွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီကြီးများအားလုံးနှင့် ထိပ်တန်းကုမ္ပဏီများ(၃၀)ပါဝင်ခဲ့ပြီး ဤအဆင့်တွင် လုပ်ငန်းစုဖွဲ့စည်းပုံများနှင့်ပတ်သက်၍ မရှင်းလင်းသော အကြောင်းအရာများကို သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆွေးနွေးရန်လိုအပ်သည်ဟု သတ်မှတ်ခဲ့သည်။ အကဲဖြတ်စစ်ဆေးခြင်း ၂ ခုစလုံးမှ အကြမ်းဖျင်းရမှတ်များကို ကုမ္ပဏီများအား ပုံနှိပ်ဖြင့်သော်လည်းကောင်း အီးမေးလ်ဖြင့်သော်လည်းကောင်း မျှဝေပေးပို့ခဲ့သည့်အပြင် ကုမ္ပဏီများအား ဝေဖန်အကြံပြုရန် တောင်းဆိုခဲ့ပြီး သတင်းအချက်အလက်များ ပိုမိုထုတ်ဖော်ကြေညာမှုပြုရန် အားပေးခဲ့သည်။ မတ်လအစောပိုင်းတွင် အပြီးသတ်ပြန်လည်ဆန်းစစ်ခြင်းကို Yever မှ ဆောင်ရွက်ခဲ့ပြီး ထိပ်တန်းကုမ္ပဏီကြီးများ၏ ရမှတ်များကို MCRB မှ ထပ်မံစိစစ်ခဲ့သည်။

**သုတေသနဆောင်ရွက်ပုံနည်းနာ၏ ကန့်သတ်ချက်များ**

အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်း၏ သဘောသဘာဝကြောင့် မေးခွန်းများနှင့် မြန်မာကုမ္ပဏီများအား အမှတ်ပေးအဆင့် သတ်မှတ်ရာတွင် ကန့်သတ်ချက်များ ရှိခဲ့သည်။ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် အင်တာနက်မှတစ်ဆင့် အများပြည်သူ ဝင်ရောက်လေ့လာနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသောကြောင့် ပုံနှိပ်အနေဖြင့်သာ ရရှိနိုင်သော မူဝါဒများ (သို့မဟုတ်) အစီရင်ခံစာများသည် အကဲဖြတ်ဆန်းစစ်ခြင်းတွင် မပါဝင်ပါ။ ထို့အပြင် ဤသုတေသနစာတမ်းဆောင်ရွက်ပုံသည် အင်တာနက်မှသတင်းအချက်အလက်များ ရရှိနိုင်မှုကိုသာ ရိုးရှင်းစွာ အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်သောကြောင့် လက်တွေ့အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်အရည်အသွေးကို တိုင်းတာခြင်း မဟုတ်သလို ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုအား တိုင်းတာခြင်းလည်း မဟုတ်ပါ။

**ရလာဒ်များ**

အကဲဖြတ်ဆန်းစစ်သော ကုမ္ပဏီ (၁၈၂)ခု အနက် ကုမ္ပဏီပေါင်း (၁၁၆) ခု (၆၄%) တွင် ဝက်ဘ်ဆိုက်ရှိသည်။

| ဇယားကွက် (၃)<br>ကုမ္ပဏီအမျိုးအစားအရ ပျမ်းမျှရမှတ် | |
|---|---|
| စိစစ်အကဲဖြတ်မှုပြုလုပ်ခဲ့သည့် ကုမ္ပဏီများအားလုံး (၁၈၇)ခု | ၇% |
| စတော့အိတ်ချိန်းတွင်စာရင်းဝင်ထားသော ကုမ္ပဏီများ (၅)ခု | ၃၈% |
| IFC မှရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများ | ၅၄% |
| မိသားစုပိုင်/ပုဂ္ဂလိကပိုင် ကုမ္ပဏီများ (၁၂၃)ခု | ၆% |
| အများနှင့်သက်ဆိုင်သောကုမ္ပဏီများ (၅၄)ခု | ၄% |
| ဘဏ်များ(၁၆)ခု | ၁၀% |
| ရမှတ်အများဆုံးကုမ္ပဏီ (၁၀)ခု | ၆၀% |

ဤစစ်တမ်းတွင် ရမှတ်အများဆုံးရရှိသူများနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ (ဥပမာအားဖြင့် IFC) ရှိသည့် ကုမ္ပဏီများကြားတွင် သိသာထင်ရှားသော အပြန်အလှန်ဆက်စပ်မှုများ ရှိနေကြောင်း ဇယားကွက် (၃)တွင် တွေ့နိုင်သည်။ ဤအချက်သည် အကြောင်းအကျိုး သက်ဆိုင်နေမှုကို ပြသနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သတင်းအချက်အလက် ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း အစရှိသည့် အလေ့အကျင့်ကောင်းများကို အားစိုက်လုပ်ဆောင်ထားသော ကုမ္ပဏီများသည် IFC (အခြားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ)ကို စီးပွားဖက်အဖြစ်



ပိုမိုဆွဲဆောင်နိုင်ခြေရှိသည်ကို တွေ့ရသည်။ အကျိုးဆက်အနေဖြင့် ထိုနိုင်ငံခြား စီးပွားဖက်များသည် ဒေသတွင်းကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တိုက်တွန်းပေးသည်။

စင်စစ်အားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းအပိုင်းတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူ၏ သက်ရောက်မှုအခန်းကဏ္ဍသည် ရန်ကုန်စတော့အိတ်ချိန်း၏ လွှမ်းမိုးမှုထက်ပို၍ ခိုင်မာအားကောင်းသည်။ အကြောင်းရင်းမှာ IFC နှင့် ပူးပေါင်းလုပ်ကိုင်သည့် စီးပွားဖက်များသည် ပျမ်းမျှရမှတ်အများဆုံး (၅၄%)ရရှိကြပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများ ရရှိသည့် ပျမ်းမျှရမှတ်(၃၈%) ထက် ရမှတ်များပြားသောကြောင့် ဖြစ်သည်။ တိုင်းတာစစ်ဆေးထားသည့် ကုမ္ပဏီစုစုပေါင်း၏(၃၀)%ဖြစ်သော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် အခြားကုမ္ပဏီအမျိုးအစားများ အားလုံးနှင့်နှိုင်းယှဉ်သော် ရမှတ် အနည်းဆုံးဖြစ်သဖြင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဿနာတစ်ခုခုရှိနေကြောင်း ညွှန်ပြနေသည်ဟု ထင်မြင်ရသည် (အဘယ့်ကြောင့် ထို့သို့ဖြစ်နိုင်ကြောင်း လေ့လာချက်ကို ဇယား (၆) တွင်လေ့လာနိုင်သည်။)

စုစုပေါင်းရမှတ်အတိုင်းအတာသည် ၀%မှ ၉၁% (FMI) အထိဖြစ်ပြီး FMI သည် အဓိကအားဖြင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအပိုင်းတွင် ရမှတ်အများဆုံး (၉၀%) ရရှိထားခြင်းဖြစ်သည်။ ထိုသို့ ရမှတ်အများဆုံး ရရှိနိုင်ခဲ့ခြင်းသည် ဆီလျော်အောင်ပြုပြင်ထားသော အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်း ရမှတ်မှတ်တမ်းပုံစံသည် မြန်မာနိုင်ငံဈေးကွက်အတွက် သင့်တော်မှုရှိကြောင်း ညွှန်ပြနေသည်။ သို့သော်လည်း ပျမ်းမျှရမှတ်ဖြစ်သော ၇%ထက် ပို၍ ရရှိသော ကုမ္ပဏီများ၏ရာခိုင်နှုန်းမှာ စစ်တမ်းတွင်ပါဝင်သည့် ကုမ္ပဏီစုစုပေါင်း၏ ၂၀% သာရှိသည်။

ကုမ္ပဏီအများစု၏ စွမ်းဆောင်ရည်တိုးတက်စေရန် လိုအပ်နေသည့်အပိုင်းတစ်ခုမှာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာစီမံခန့်ခွဲမှု ဖြစ်သည်။ အများစုသည် စီပွားရေးလုပ်ငန်းလည်ပတ်မှုများနှင့် အနီးကပ်သက်ဆိုင်နေသည့် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မဟာဗျူဟာတစ်ခုကို လက်တွေ့ကျင့်သုံး၍ ထုတ်ပြန်ကြေညာခြင်းမျိုးကို ဆောင်ရွက်ခြင်းထက် အလှူအတန်းများနှင့် ပရဟိတလုပ်ငန်းများဆိုင်ရာ လုပ်ဆောင်ချက်များအား ထုတ်ပြန်ကြေညာခြင်းအပိုင်းကို အထူးအလေးထား လုပ်ကိုင်လျက်ရှိသည် (ပရဟိတအလှူအတန်းများကို လုပ်ငန်းဖောင်ဒေးရှင်းများရှိလျှင် အဆိုပါဖောင်ဒေးရှင်းမှ ကြီးကြပ်လုပ်ကိုင်ခြင်းက ပိုသင့်လျော်သည်)။ CMHL သည် ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှုပိုင်းတွင် လုပ်ဆောင်မှုစွမ်းအား အကောင်းဆုံးဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အဓိက စွမ်းဆောင်မှုညွှန်ကိန်းများ (KPI)နှင့် စီးပွားရေးလုပ်ငန်းအစီအစဉ်တို့ကြားတွင် သက်ဆိုင်မှုအားကောင်းသည်။ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာ၊ စီးပွားရေးမဟာဗျူဟာနှင့် အကျိုးသက်ဆိုင်သူများ၏ မျှော်မှန်းချက်များကို တစ်သားတည်းကျအောင် ညှိထားသည့် materiality analysis ကို ထုတ်ဖော်ကြေညာသော တစ်ခုတည်းသောကုမ္ပဏီဖြစ်သည်။ ရောဝတီဘဏ်သည် အစီရင်ခံခြင်း၊ နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံမှုစနစ် (IFRS)ကို လိုက်နာကျင့်သုံးခြင်းနှင့် ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်သွယ်အကြောင်းကြားမှုအပိုင်းတို့တွင် ရမှတ်ကောင်းစွာ ရရှိခဲ့သည်။

သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှု အကောင်းဆုံးလုပ်ဆောင်သည့် ထိပ်တန်းကုမ္ပဏီ (၃၁)ခုစာရင်းကို ဇယားကွက် (၄) တွင် ဖော်ပြထားသည်။ အကဲဖြတ်ဆန်းစစ်ထားသော စုစုပေါင်းကုမ္ပဏီ (၁၈၂) ခုနှင့် ရမှတ်များစာရင်း အပြည့်အစုံကို နောက်ဆက်တွဲ (၁)တွင် ဖော်ပြထားသည်။

ဇယားကွက် (၄)နှင့် နောက်ဆက်တွဲ (၁)တွင် ပါဝင်သည့် ကုမ္ပဏီအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။

P : အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။
PL : စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီ။
PR : ပုဂ္ဂလိကပိုင် ကုမ္ပဏီ။
NW : ဝက်(ဘ်)ဆိုက်မရှိပါ။

ဇယားကွက် (၄) ပွင့်သစ်စ အစီရင်ခံစာ ၂၀၁၈ တွင် အကဲဖြတ်ဆန်းစစ်ထားသော သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှုအကောင်းဆုံးကုမ္ပဏီများ၊ ထိပ်တန်းကုမ္ပဏီ (၃၁)ခု

| RANK 2018 | RANK 2016 | COMPANY NAME | TYPE | WEBSITE | CORPORATE CULTURE | CORPORATE GOVERNANCE | SUSTAINABILITY MANAGEMENT | COMMUNICATION | REPORTING | TOTAL |
|---|---|---|---|---|---|---|---|---|---|---|
| 1 | 1 | First Myanmar Investment (FMI) | PL | www.fmi.com.mm | 100% | 90% | 80% | 100% | 86% | 91% |
| 2 | 8 | City Mart Holding Co Ltd (CMHL) | PR | www.cmhl.com.mm | 71% | 70% | 100% | 60% | 86% | 73% |
| 3 | 2 | Serge Pun & Associates (SPA) | PR | www.spa-myanmar.com | 100% | 62% | 80% | 60% | 86% | 69% |
| 4 | 6 | AYA Bank | PR | www.ayabank.com | 100% | 62% | 20% | 100% | 57% | 65% |
| 5 | 3 | Max Myanmar Group | PR | www.maxmyanmargroup.com | 100% | 58% | 60% | 100% | 14% | 61% |
| 6 | 11 | Shwe Taung Group | PR | www.shwetaunggroup.com | 100% | 46% | 60% | 40% | 57% | 53% |
| 7 | 10 | Dagon Group | PR | www.dagon-group.com | 86% | 54% | 0% | 40% | 29% | 50% |
| 7 | - | Grand Guardian Insurance | P | www.ggipinsurance.com | 71% | 44% | 20% | 100% | 57% | 50% |
| 9 | 18 | Myanmar Thilawa SEZ Holdings | PL | www.mtshmyanmar.com | 86% | 46% | 0% | 100% | 14% | 47% |
| 10 | 7 | KBZ Group | PR | www.kbzgroup.com.mm | 100% | 34% | 40% | 40% | 43% | 42% |
| 11 | 34 | Myanmar Awba | PR | www.awba-group.com | 43% | 38% | 40% | 20% | 14% | 35% |
| 12 | - | Irrawaddy Green Towers | PR | www.igt.com.mm | 57% | 30% | 0% | 80% | 14% | 32% |
| 12 | 13 | Great Hor Kham | P | www.greathorkham.com | 29% | 28% | 40% | 60% | 43% | 32% |
| 14 | 9 | Parami Energy Group | PR | www.parami.com | 71% | 28% | 20% | 20% | 14% | 30% |
| 15 | 4 | Smart Technical Services | PR | www.smart-technical.com | 86% | 24% | 0% | 40% | 14% | 28% |
| 16 | 5 | MPRL E&P Group | PR | www.mprlexp.com | 29% | 22% | 20% | 40% | 57% | 27% |
| 16 | 17 | Myanmar Agribusiness Public Corporation (MAPCO) | P | www.mapco.com.mm | 43% | 24% | 0% | 80% | 14% | 27% |
| 18 | 27 | Myanmar Citizens Bank | PL | www.mcb.com.mm | 57% | 16% | 0% | 20% | 0% | 18% |
| 18 | - | TMH Telecom Public Company | PL | www.tmhtelecom.com | 57% | 16% | 0% | 20% | 0% | 18% |
| 18 | - | CB Bank | PR | www.cbbank.com.mm | 29% | 20% | 0% | 20% | 0% | 18% |
| 21 | 50 | First Private Bank | PL | www.firstprivatebank.com.mm | 57% | 12% | 0% | 20% | 0% | 15% |
| 22 | 12 | Asia World | PR | www.asiaworldcompany.com | 29% | 12% | 0% | 20% | 14% | 14% |
| 22 | - | Construction and Housing Development Bank | PR | www.chdb.com.mm | 29% | 12% | 0% | 20% | 14% | 14% |
| 22 | 27 | Myan Shwe Pyi Tractors (MSP) | PR | www.mspcat.com.mm | 29% | 6% | 0% | 80% | 14% | 14% |
| 25 | - | Myanmar Agro Exchange (MAEX) | P | www.maex.com.mm | 71% | 6% | 0% | 20% | 0% | 12% |
| 26 | 15 | Zawgyi Premier | PR | www.zawgyipremier.com | 29% | 10% | 0% | 20% | 0% | 11% |
| 27 | - | Dawei Development | P | www.ddpcmyanmar.com | 29% | 4% | 0% | 40% | 14% | 9% |
| 27 | 16 | United Paint Group (UPG) | PR | www.upgpaint.com | 29% | 0% | 0% | 20% | 57% | 9% |
| 29 | 22 | A1 Group | PR | www.a1companies.biz | 29% | 4% | 0% | 20% | 14% | 8% |
| 29 | - | Elite Telecom | P | www.elitetelecom-public.com | 29% | 4% | 0% | 20% | 14% | 8% |
| 29 | 22 | Supreme Group | PR | www.supremegroupcompanies.com | 29% | 4% | 0% | 20% | 14% | 8% |

## မြန်မာကုမ္ပဏီများအတွက် အကြံပြုချက်များ

### ပွင့်လင်းမြင်သာမှုနှင့် အစီရင်ခံခြင်း

- ဝန်ထမ်းများ၊ အကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်ပြောကြားနိုင်မည့် နည်းလမ်းတစ်ခု အနေဖြင့် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်သည့် ဝက်ဘ်ဆိုက်ကို မြန်မာနှင့်အင်္ဂလိပ် ဘာသာနှစ်မျိုးလုံးဖြင့် တည်ဆောက်ခြင်း (သို့မဟုတ်) ရှိပြီးသား ဝက်ဘ်ဆိုက်များကို ဘာသာစကားနှစ်မျိုးဖြင့် ဖော်ပြခြင်းဖြင့် ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ရန်။ ထို့နောက် တုန့်ပြန်မှုများကို ရယူရန်။
- ဝက်ဘ်ဆိုက်များကို ပုံမှန် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်။ ထိုဝက်ဘ်ဆိုက်များ ပေါ်တွင် တင်ပေးထားသည့် သတင်းအချက်အလက်များသည်လည်း အချိန်နှင့်တပြေးညီ မှန်ကန်သော အချက်အလက်အသစ်များကို ဖြည့်စွက်ထားကြောင်းကို သေချာစွာလုပ်ဆောင်ရန်။ ထိုအချက်အလက်များသည်လည်း တသမတ်တည်းဖြစ်ပြီး စည်းမျဉ်းစည်းကမ်းပိုင်း ဆိုင်ရာ လိုအပ်ချက်များကိုလည်း အပြည့်အဝကိုက်ညီအောင် လုပ်ဆောင်ရန်။ ။
- သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရာ၌ အောက်ပါတို့အပေါ်တွင် အထူးအလေး ပေးသင့်ပါသည်။
    - o လက်အောက်ခံလုပ်ငန်းခွဲများ၊ ဖက်စပ်များနှင့် အခြားသောဆက်စပ်နေသည့် လုပ်ငန်း များအားလုံးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကဲ့သို့ ကုမ္ပဏီ (သို့မ ဟုတ်) အုပ်စု၏အဖွဲ့အစည်းပိုင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ပို၍ ပွင့် လင်းမြင်သာအောင် လုပ်ဆောင်ရန်။
    - o ကော်ပိုရိတ် စီမံခန့်ခွဲမှု အလေ့အထများနှင့်ပတ်သက်၍ အချက်အလက်များကို ပို၍ ထုတ်ပြန်ပေးရန်နှင့် ဘဏ္ဍာရေးအရ မည်မျှသတ်မှတ်ထားသည်၊ လူသားအရင်းအမြစ် အားဖြင့် မည်မျှလုပ်ကိုင်နေသည်တို့ အပါအဝင်ကုမ္ပဏီသည် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာတို့ကို မည်သို့ ကိုင်တွယ်နေသည်ဆိုသော အချက် အလက်များ ပို၍ ထုတ်ပြန်ပေးရန်။
    - o နှစ်ပတ်လည်အစီရင်ခံစာများကို ထုတ်ပြန်ကြေညာရန်။ အထူးသဖြင့် အများပိုင်ကုမ္ပဏီ များအတွက် နှစ်ပတ်လည်အစီရင်ခံစာများကို ထုတ်ပြန်ကြေညာရန်။
    - o မြန်မာအစိုးရသို့တင်သွင်းရသည့် စာရင်းစစ်ပြီးသား ဘဏ္ဍာရေးစာရင်းများကို ထုတ်ပြန် ကြေညာရန်။ (ဤစာရင်းများသည် ကုမ္ပဏီများမှတ်ပုံတင်ရသည့် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြထားပါက အများပြည်သူများ အလွယ်တကူ သိရှိနိုင်သည့် အပိုင်းအတွင်း (public domain)သို့ ရောက်နေပြီးသား ဖြစ်ပါသည်။ သို့သော်လည်း ကုမ္ပဏီများအနေဖြင့် ထိုသတင်းအချက်အလက်များကို တောင်းဆိုမှတင်ပေးသည်ထက် ကြိုတင်စဉ်းစားပြီး ထုတ်ပြန်ကြေညာပေးသင့်ပါ သည်။)
    - o ဘဏ္ဍာရေးမဟုတ်သော ကိန်းဂဏ္ဍာန်း အချက်အလက်များအပါအဝင် စာရွက်စာတမ်း များနှင့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးခြင်းအားဖြင့် အကျိုး သက်ဆိုင်သူများအား ကုမ္ပဏီ၏စွမ်းဆောင်ရည်နှင့်ပတ်သက်၍ သတင်းအချက်အလက် များကို ပိုမိုပံ့ပိုးပေးရန်။ ဤသည်တို့တွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက် ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ကုမ္ပဏီနှင့် ပတ် သက်သော နစ်နာမှုကုစားရေးယန္တရားများကို မည်သို့ကိုင်တွယ်နေကြောင်း ပါဝင်နိုင်ပါ သည်။
- ကမ္ဘာ့အဆင့် အစီရင်ခံခြင်းဆိုင်ရာ ကနဦးဆောင်ရွက်ချက် (Global Reporting Initiative) (သို့မဟုတ်) ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြုသည့် အစီရင်ခံစာမူဘောင်တစ်ခုကို ရွေးချယ်အသုံး ပြုရန်။ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာတစ်စောင်အတွက် ဤမူဘောင်ကို အသုံးပြုရန်။ ကမ္ဘာ့သဘောတူညီချက် (UNGC) အဖွဲ့ဝင်ဖြစ်လျှင် အခြေခံမူအမှတ် (၁၀) အတွက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်တို့အပေါ်တွင် အစီရင်ခံသည့် အချက်များကို လည်း ထည့်သွင်းပေးနိုင်ပါသည်။ UNGC တိုးတက်မှုအခြေအနေနှင့် ပတ်သက်သည့် သတင်းဆက်သွယ်ပေးပို့ချက်( Communication on Progress- CoP) တွင်လည်း ဤ အစီရင်ခံစာအား အသုံးပြုနိုင်ပါသည်။
- မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ နှစ်စဉ်ဒါရိုက်တာများ၏ အစီရင်ခံစာကို စီစဉ်ရေးဆွဲသည့် အခါတွင် ကုမ္ပဏီအတွင်းနှင့် ပြင်ပမှ ဆက်နွယ်ပတ်သက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင် ရွက်ခြင်းအားဖြင့် ကုမ္ပဏီကို အန္တရာယ်ပြုနေသည့် ဆုံးရှုံးနိုင်ခြေရှိနေသည့် အရာများကို ဖော်ထုတ်ရန် ‘materiality assessment’ ကို ဆောင်ရွက်ရန်နှင့် တစ်ချိန်တည်းမှာပင် အကောင်းဆုံးအဖြစ် AA1000 စံနှုန်းများနှင့်လည်း ကိုက်ညီအောင် လိုက်နာရန်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် ထိခိုက်မှု ဆန်းစစ်ချက်များသည် ဆက်စပ်လိုအပ်မှု ရှိပါက ထုတ်ပြန်ကြေညာပေးရန်။ EIA များကို လုပ်ဆောင်သည့်အခါတွင်လည်း အရည် အသွေးပြည့်မီသော အတိုင်ပင်ခံပညာရှင်များကိုသာ သေချာစွာအသုံးပြုရန်နှင့် ထိုဆန်းစစ် ချက်တွင်ပါဝင်သည့် အကြောင်းအရာများ၊ ဆက်စပ်နေသည့် တိုင်ပင်ဆွေးနွေးမှုများနှင့် သတင်းအချက်အလက် ထုတ်ပြန်မှုများသည်လည်း EIA လုပ်ထုံးလုပ်နည်းများ စံနှုန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန်။
- ကျောက်စိမ်းနှင့် ကျောက်မျက်တူးဖော်ခြင်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်သော ကုမ္ပဏီများအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ရေးနှင့် ဆက်စပ်နေသည့် ကုမ္ပဏီများ အနေဖြင့် အချက်အလက်များကို တောင်းဆိုမှ ထုတ်ပြန်ခြင်းမဟုတ်ဘဲ ကြိုတင်၍ မိမိတို့ အသိစိတ်ဓာတ်ဖြင့် EITI စံနှုန်းများနှင့်အညီ ထုတ်ပြန်ကြေညာပေးရန်။ ဤသို့ ထုတ်ပြန် ကြေညာပေးရာတွင် ကုမ္ပဏီများမှ ကိုင်ဆောင်ထားသည့် သတ္တုတူးဖော်ရေးလိုင်စင်များ၊ အစိုးရအား အခွန်များမည်မျှဆောင်နေသည်၊ အခြားသော မည်သည့် ငွေကြေးများအား အစိုးရသို့ ပေးဆောင်နေရသည်၊ ထုတ်လုပ်မှုအဆင့်များသည် မည်မျှရှိနေသည်၊ စာချုပ်တွင် မည်သို့သော သတ်မှတ်ချက်များပါရှိသည်၊ ကုမ္ပဏီ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူမှာ မည်သူမည်ဝါ ဖြစ်သည်တို့ကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။

### ကုမ္ပဏီဒါရိုက်တာများနှင့် ၎င်းတို့၏တာဝန်များ

- ကုမ္ပဏီဒါရိုက်တာများအားလုံးသည် မြန်မာကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသော ၎င်းတို့ ၏တာဝန်များအားလုံးကို သေချာစွာသိရှိအောင် ဆောင်ရွက်ရန်။

- ကုမ္ပဏီဒါရိုက်တာများအားလုံးသည် မြန်မာဒါရိုက်တာများအင်စတီကျူမှ ပို့ချသော ဒါရိုက်တာအသိအမှတ်ပြု သင်တန်းကဲ့သို့သော သင်တန်းများကို တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးရန်။
- ထိရောက်သော ဒါရိုက်တာဘုတ်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုကို ရရှိစေရေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့အား ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများဆိုင်ရာ ဆန်းစစ်ချက် (HSE Management and Environmental Impact Assessment) ကဲ့သို့သော အထူးကျွမ်းကျင်ပညာရှင်များလိုအပ်သည့် တာဝန်များအတွက် ခိုင်မာသက်ဝင်နေသော အချက်အလက်များနှင့် အခြားခိုင်မာသော အချက်အလက်များကို ပေးအပ်နိုင်ရေးတွက်၊ အထူးသဖြင့် အရည်အသွေးကောင်းမွန်သည့် ကျွမ်းကျင်ပညာရှင် အထူးသဖြင့် စာရင်းစစ်တို့၏ အကြံဉာဏ်၏တန်ဖိုးနှင့် ကုန်ကျစရိတ်ကို အသိအမှတ်ပြုရန်။ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးမဟုတ်သော စာရင်းစစ်လုပ်ငန်းများတွင် ရင်းမြစ်များကို လုံလုံလောက်လောက် ရင်းနှီးမြှုပ်နှံရန်။
- ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် ကျား/မ ရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် လမ်းညွှန်တွဲခေါ်သည့် mentoring အစီအစဉ်များနှင့် အခြားသောလှုပ်ရှားမှုမျိုးကို မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် ပို၍ဆောင်ရွက်လာစေရန် တိုက်တွန်းအားပေးရေးအတွက် ထိုလှုပ်ရှားမှုများကို ပံ့ပိုးပေးရန်။
- ခွဲခြားဆက်ဆံမှုမပြုရေးနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည့် ၎င်းတို့၏တာဝန်များကို မည်သို့ပြည့်ဝအောင် ကုမ္ပဏီများက လုပ်ဆောင်နိုင်မည်ဟူသော လမ်းညွှန်ချက်များကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ www.mcrb.org မှ ပေးထားသည့် ရင်းမြစ်များကို အသုံးပြုရန်။

## စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု

- အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်တစ်ခုကို ရေးဆွဲပြီး အကောင်အထည်ဖော်ရန်နှင့် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအဆင့်မှနေ၍ ဦးဆောင်မှုကိုပြသရန်။ ဝန်ထမ်းများအားလုံးကိုလည်း ကုမ္ပဏီခေါင်းဆောင်အကြီးအကဲများအနေဖြင့် ဤအဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မည်မျှအရေးကြီးသည်ဟု ရှုမြင်ပုံကို မကြာခဏ သတိပေးရန်။
- စီးပွားရေးလုပ်ငန်းပိုင်း ဖြောင့်မတ်မှန်ကန်မှုရှိစေရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ နှစ်စဉ်သတင်းအချက်အလက်များကို ကုမ္ပဏီဝက်ဘ်ဆိုက်ပေါ် တွင် ပုံနှိပ်ထုတ်ဝေရန်။ ထိုသို့လုပ်ဆောင်ရာတွင် မူဝါဒကို အများပြည်သူသိရှိအောင် ထုတ်ဝေဖြန့်ဖြူးခြင်း၊ ဝန်ထမ်းများနှင့် ဒါရိုက်တာများ သင်တန်းများပေးခြင်းနှင့် အခြားသောကြီးမားသည့် မည်သည့် ဖြစ်ရပ်များကိုမဆို ထည့်သွင်းဖော်ပြရန်။
- အခြားသော စီးပွားရေးလုပ်ငန်းများနှင့်အတူ စုပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို ပူးပေါင်းလုပ်ဆောင်ရန်။ ဥပမာ - အများပြည်သူဆိုင်ရာ တင်ဒါခေါ်သည့်လုပ်ငန်းစဉ်များ (သို့မဟုတ်) အကောက်ခွန်ရှင်းလင်းရေးများနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း။
- ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာဖြောင့်မတ်မှုရှိစေရေးအစီအစဉ်တွင် အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်းနှင့် နိုင်ငံရေးပါတီများကို လှူဒါန်းခြင်းကဲ့သို့သော အချက်များကိုမည်သို့ ဆောင်ရွက်သည်ကို လွှမ်းခြုံပါဝင်အောင် ဖော်ပြရန်။



- ကုမ္ပဏီများအနေဖြင့် ဖောင်ဒေးရှင်းများကို တည်ထောင်ထားလျှင် (သို့မဟုတ်) လှူဒါန်းရန်အတွက် အခြား ဘက်ဂျက်များရှိပါက စီမံအုပ်ချုပ်မှုကိုလည်း စနစ်တကျထားရန်။ ထိုသို့ဆောင်ရွက်ရာတွင် လွတ်လပ်၍ အမှီအခိုကင်းသည့် ဘုတ်အဖွဲ့ဝင်များပါဝင်ပြီး ထိုသူများသည်လည်း ဥပမာအားဖြင့် လာဘ်ပေးမှုများဟု ထင်မြင်ယူဆနိုင်သော လှူဒါန်းမှုများနှင့် နိုင်ငံရေးအရ အကျိုးခံစားခွင့် ရရှိနိုင်သူများ ပါဝင်ပတ်သက်နေခြင်းတို့ကြောင့် ဤသို့သော လှူဒါန်းမှုများ ပြုခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ ဖြောင့်မတ်မှု ဂုဏ်သိက္ခာဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်။

**မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ အကြံပြုချက်များ**

## ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

- ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ G20 (သို့မဟုတ်) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်း (OECD) အခြေခံမှုများကို ကျင့်သုံးပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို သုံးသပ်အကဲဖြတ်၍ ဥပဒေစည်းမျဉ်းစည်းကမ်းပိုင်းနှင့် ဝန်ကြီးဌာနပိုင်းဆိုင်ရာ မူဘောင်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များကို ထုတ်ပြန်ရန်လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများရေးဆွဲခြင်းတို့ ပါဝင်အောင် ထည့်သွင်းရန်။
- ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်းသည့် ဥပဒေမူဘောင်များကို အပြီးသတ်ရေးဆွဲရန်။ ထိုသို့ရေးဆွဲရာတွင် ငွေချေးသက်သေခံလက်မှတ်များ (စတော့ရှယ်ယာ ဈေးကွက်များ) ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်သည့် ဥပဒေ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများဆိုင်ရာ ဥပဒေကဲ့သို့သော ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရန်အတွက် စည်းမျဉ်းစည်းကမ်း နည်းဥပဒေများနှင့် အစီရင်ခံနိုင်သည့်မူဘောင်များကိုပါ ထည့်သွင်းသင့်ပါသည်။
- ကုမ္ပဏီများ အထူးသဖြင့် အများပိုင်ကုမ္ပဏီများအား ၎င်းတို့၏ အစီရင်ခံစာတင်သွင်းရမည့် တာဝန်များကို ကောင်းစွာသိရှိစေရေး ဆောင်ရွက်ရန်။
- "၂၀၁၇ခုနှစ် ROSC စံသတ်မှတ်ချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာမှုဆိုင်ရာ အစီရင်ခံစာ၊ မြန်မာနိုင်ငံရှိ စာရင်းများနှင့် စာရင်းစစ်ခြင်း( 'Report on Observance of Standards and Codes (ROSC): Accounting and Auditing: Myanmar')" ဟူသော အစီရင်ခံစာတွင်ပါသော အကြံပြုချက်များကို အကောင်အထည်ဖော်ရန်။
- စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများမှ ဒါရိုက်တာများအားလုံးနှင့် အများပိုင်ကုမ္ပဏီများအားလုံးသည် မြန်မာဒါရိုက်တာများအင်စတီကျူ (သို့မဟုတ်) အခြားသော အသိအမှတ်ပြုခြင်းခံထားရသည့် ဒါရိုက်တာများ အင်စတီကျူ[142]မှနေ၍ ဒါရိုက်တာလက်မှတ် (သို့မဟုတ်) အသိအမှတ်ပြုလက်မှတ်ပေးသည့် သင်တန်းတစ်ခုခုကို ပြီးမြောက်အောင်မြင်စွာ တက်ရောက်သင်ယူထားသူတစ်ဦး အနည်းဆုံးရှိရမည်ဟူသော စည်းမျဉ်းစည်းကမ်းတစ်ခုကို စတင်အသက်သွင်းရန်။
- မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၊ Yangon Stock Exchange (YSX) တို့အပါအဝင် အခြားသော အဖွဲ့အစည်းများနှင့် လုပ်ကိုင်နေသည့်ကုမ္ပဏီဆိုင်ရာ ကြီးကြပ်

142 ပထမအကြိမ် ဒါရိုက်တာများအတွက် ၎င်းတို့၏တာဝန်ဝတ္တရားများကို ပြီးပြည့်စုံစွာ ထမ်းဆောင်နိုင်ရန်အတွက် စာရင်းဝင်ကုမ္ပဏီများတွင် ရွေးချယ်ခန့်အပ်ထားမည့် ဒါရိုက်တာများအနေဖြင့် အနည်းဆုံးသောလိုအပ်ချက်များကို နားလည်နိုင်စေခြင်းအတွက် မဖြစ်မနေ သင်တန်းပေးခြင်းသည် စင်ကာပူစတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်ရန် အဆိုပြုထားသည့်အချက်များတွင် (Proposed amendments to the Singapore Stock Exchange Listing Rules) ပါဝင်သည်။

ကွပ်ကဲမှုနှင့်ပတ်သက်၍ ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် တာဝန်ခံမှုကို ရှင်းလင်းစွာ သတ်မှတ်တည်ထောင်ရန်နှင့် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင်လည်း ၎င်းတို့၏ ကြီးကြပ်ကွပ်ကဲရမည့် တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လုံလောက်ပြည့်ဝသည့် ရင်းမြစ်များရှိအောင် ဆောင်ရွက်ရန်။

- ရန်ကုန်စတော့အိတ်ချိန်းအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စတော့အိတ်ချိန်း ရှေ့ပြေးဆောင်ရွက်ချက် (Sustainable Stock Exchange Initiative) တွင် ပူးပေါင်းပါဝင်ရန်နှင့် ၎င်းတို့၏ လမ်းညွှန်ချက်ကိုယူ၍ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသော ကုမ္ပဏီများအနေဖြင့် မဖြစ်မနေ ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာလိုအပ်ချက်များကို လိုက်နာကျင့်သုံးရန်။

## ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်မှု

- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၏ အွန်လိုင်းပေါ်တွင် အခမဲ့ရှာဖွေနိုင်သည့် ကုမ္ပဏီမှတ်ပုံတင်စာရင်းတွင် ဒါရိုက်တာများ၏ သတင်းအချက်အလက်များကို ရရှိနိုင်အောင် ဆောင်ရွက်ထားရန်။ ထိုအချက်အလက်များတွင်လည်း ကုမ္ပဏီနှင့် ပတ်သက်သည့်အစီရင်ခံစာများနှင့် စာရင်းများ၊ နောက်ဆုံး အကျိုးအမြတ်ခံစားရသူများ၏ အသေးစိတ် သတင်းအချက်အလက်များနှင့် အကယ်၍ ဒါရိုက်တာများသည် နိုင်ငံရေးအရ သြဇာအာဏာရှိသူများဖြစ်လျှင်လည်း မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ပေးသည်အထိ တိုးချဲ့ဖော်ပြရန်။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါဝင်သည့်စည်းကမ်းချက်များ - အထူးသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဆုံးဖြတ်ချက်များ မတိုင်မီ တင်သွင်းသည့် အဆိုပြုချက်များ၏ အနှစ်ချုပ်များကို ထုတ်ပြန်ကြေညာခြင်းကို အကောင်အထည်ဖော်ဆောင်ရန်။
- မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပါမစ်ကိုင်ဆောင်ထားသူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေပုဒ်မ (၁၉၆) အရ ခွင့်ပြုထားသောစီမံကိန်းအတွက် နှစ်စဉ် တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေရန် လိုအပ်ကြောင်းကို သတိပေးရန်။
- မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် အများပြည်သူဆိုင်ရာ ကုမ္ပဏီများအားလုံး၏ နှစ်စဉ် အစီရင်ခံစာများကို ပုံနှိပ်ထုတ်ဝေရန်။ ထို့အပြင် စာရင်းဝင်ထားသည့်ကုမ္ပဏီများ၏ လက်ရှိပုံနှိပ်ထုတ်ဝေမှုများကိုလည်း ထပ်ထည့်ပေးရန်။ ၎င်းတို့ကို scan လုပ်ထားခြင်းမျိုးမဟုတ်ဘဲ သတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်ရန် pdf ကဲ့သို့သော ပုံစံမျိုးဖြင့်လည်း ထားပေးပါရန်။
- EIA လုပ်ထုံးလုပ်နည်းများတွင် ပါဝင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေရန် ဆောင်ရွက်ရန်။ အစိုးရအနေနှင့်ရော စီမံကိန်းအကောင်အထည်ဖော်ဆောင်သူများ အနေနှင့်ပါ နှစ်ဖက်စလုံးမှ အပြည့်အဝလုပ်ဆောင်ရန်။ စီမံကိန်းနှင့်ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများအားလုံးကို အွန်လိုင်းပေါ်တွင် အလွယ်တကူ ရရှိနိုင်အောင် စနစ်တကျ လုပ်ဆောင်ထားရန်။
- သက်ဆိုင်ရာ ဥပဒေများအားလုံးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များနှင့် ဆက်စပ်သော သတင်းအချက်အလက်များကိုပါ လက်လှမ်းမီအောင် ထည့်သွင်းထားပေးရန်။ သတင်းအချက်အလက်ရရှိရေးဟူသော ဥပဒေကိုပြဋ္ဌာန်းနိုင်အောင် ကြိုးပမ်းမှုကို ပိုမိုတိုးမြှင့်ရန်။



- ထို့အပြင် မူကြမ်း ရေးဆွဲထားသည့် ထောက်ပံ့ပို့ဆောင်ရေးဥပဒေ (procurement law) နှင့် ပတ်သက်၍ ဆွေးနွေးသည့်အခါတွင် ဥပဒေထဲတွင် သတင်းအချက်အလက် ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ စာသားပါရှိစေရေး ဆောင်ရွက်ရန်။ ထိုပါရှိလာသော စာသားကို နောက်ပိုင်းနည်းဥပဒေများထဲတွင် အကျယ်ချဲ့၍ ဆွေးနွေးနိုင်ပါသည်။ ဥပမာ - အထွေထွေဝယ်ယူမှုများဆိုသည့် ခေါင်းစဉ်အောက်တွင် အောက်ပါကဲ့သို့သော ပုဒ်မများကို ထည့်သွင်းနိုင်ပါသည်။
    - o စာချုပ်ချုပ်ဆိုသည့် ဌာနသည် စီမံကိန်းတစ်ခုကို စတင်ပြင်ဆင်သည့်ကာလမှစပြီး တင်ဒါခေါ်ယူချိန်နှင့် စာချုပ် အကောင်အထည်ဖော်ဆောင်သည့်အခါများတွင် အဓိကကျသောအဆင့်တိုင်း၌ စာချုပ်တစ်ခုနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ မည်မျှ အတိုင်းအတာထိ ကျယ်ဝန်းသည်၊ ကုန်ကျစရိတ်နှင့် စာချုပ်ကို မည်သည့်အချိန်တွင် စတင်အသက်ဝင်မည် စသည့်အချက်များကို ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိန်မီ ထုတ်ပြန်ပေးရမည်။
- တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) စံနှုန်း၏ စည်းကမ်းချက်အမှတ် ၃.၁၂(ခ) ကို ပြည့်မီရုံမျှမက (ထိုစည်းကမ်းချက်အရ EITI အစီရင်ခံစာတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုစသည့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်သည့် စာချုပ်များနှင့် လိုင်စင်များကို သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒကိုပါ မှတ်တမ်းတင်ထားရန်) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုများကို တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းချက်များကို ပြဋ္ဌာန်းထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို ပြည်သူအများသိရှိအောင် ထုတ်ပြန်ကြေညာရန်(EITI စည်းကမ်းချက်အမှတ် ၃.၁၂ (က) တွင် ဖော်ပြ တိုက်တွန်းထားသည့်အတိုင်း)။

## အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများ

- EITI ဆိုင်ရာ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှု လမ်းပြမြေပုံကို အကောင်အထည် ဖော်ဆောင်ရန်။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင်ပါဝင်သော ပိုင်ဆိုင်မှုများကို ထုတ်ပြန်ကြေညာခြင်းကို ပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အကောင်အထည်ဖော်ရန်။
- PEP ခေါ် နိုင်ငံရေးအရ သြဇာအာဏာရှိသူများ စာရင်းတစ်ခုကို ပြုစုထားရန်နှင့် ၎င်းတို့ ပိုင်ဆိုင်မှု စာရင်းကြေညာချက်များကို အများပြည်သူများသိရှိအောင် လုပ်ဆောင်ရန်။ ထိုသို့ လုပ်ဆောင်သည့်အခါတွင်လည်း open data principles [143] အခြေခံမှုများနှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ ပြည်တွင်းမှ နိုင်ငံရေးအရ သြဇာအာဏာရှိသူများ၏ မိသားစုဝင်များကိုလည်း ထည့်သွင်းဖော်ပြပေးရန်။ ထို့ကြောင့် ဥပဒေတွင်မက လက်တွေ့မှာပါ ဆက်လက်၍လည်း နိုင်ငံရေးအရ သြဇာအာဏာရှိသူများနှင့်ပတ်သက်၍လည်း အခြားသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။
- ထိုပိုင်ဆိုင်မှုစာရင်းကြေညာချက်များကိုလည်း ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တစ်ရပ်မှ စစ်ဆေးနိုင်အောင် လုပ်ဆောင်ရန်။ အကယ်၍ သတင်းအချက်အလက်များ ချန်ထားခြင်း (သို့မဟုတ်) သတင်းအချက်အလက်များကို အမှားများ ပေးခဲ့ပါက အချိုးအစားနှင့်ကိုက်ညီပြီး နောက်မလုပ်အောင် အဟန့်အတားဖြစ်စေမည့် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရေးယူမှုမျိုးကို ဆောင်ရွက်ရန်။

143 https://opendatacharter.net/principles/

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး

- အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်တာများကို အောက်ပါရည်ရွယ်ချက်များဖြင့် ခိုင်မာအားကောင်းအောင် လုပ်ဆောင်ရန်။

၁။ သတင်းအချက်အလက်ဆိုင်ရာ ရပိုင်ခွင့်၊ အရပ်ဖက် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေညာခြင်း၊ အကျိုးအမြတ်ရရှိသော ပိုင်ဆိုင်မှု၊ ငွေကြေးခဝါချခြင်းနှင့် ထုတ်ဖော်ပြောဆိုသူကို အကာအကွယ်ပေးခြင်း စသည်တို့ပါဝင်သည့် အဂတိလိုက်စားမှုကိုဆန့်ကျင်သည့် ထိရောက်သောမူဝါဒများ၊ ဥပဒေများနှင့် မဟာဗျူဟာများကို အောင်မြင်အောင် ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် အကောင်အထည် ဖော်ဆောင်ခြင်း။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ခိုင်မာပြီးအားကောင်းသော၊ လွတ်လပ်အမှီအခိုကင်းသော အင်စတီကျူးရှင်းများကို အောင်မြင်စွာ ထူထောင်ခြင်း။

၃။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်း နိုင်ငံတော်အဆင့်တွင် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် ကြိုးစားနေသည့် အားထုတ်မှုများကို ပိုမိုခိုင်မာအားကောင်းစေသည့်အပြင် နယ်စပ်ဖြတ်ကျော်နေသည့် အဂတိလိုက်စားမှုများကိုလည်း တိုက်ဖျက်နိုင်မည်။ ထိုသို့ နိုင်ငံအဆင့်အာဏာပိုင်များမှ ပါဝင်လာခြင်းကြောင့် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ အပါအဝင် အခြားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အကျိုးသက်ဆိုင်သူများအားလုံးသည်လည်း ပူးပေါင်း ဆောင်ရွက်နိုင်မည်။

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UN Convention Against Corruption - UNCAC) အပိုဒ် ၅၊ ၁၃ နှင့် ၃၉ တို့နှင့်အညီ အရပ်ဖက် လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍတို့နှင့်အတူ အဂတိလိုက်စားမှုကို အရှိန်အဟုန် လျှော့ချရန် အဓိပ္ပာယ်ရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်အောင် လုပ်ဆောင်ခြင်း။

- မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချခြင်း ဥပဒေကဲ့သို့ ဥပဒေများကို ပြင်ဆင်ရန်။ ထိုသို့ ပြင်ဆင်ရာတွင်လည်း UNCAC ပထမအကြိမ် သုံးသပ်မှုစက်ဝန်းတွင် မီးမောင်းထိုးပြသောအချက်များနှင့် အညီဖြစ်အောင် နည်းဥပဒေများကို ပြင်ဆင်ရန်။ ထို့အတူ UNCAC ပထမအကြိမ် ပြန်လည်သုံးသပ်ရေးတွင် ချပေးလိုက်သည့် အကြံပြုချက်များကိုလည်း နောက်ဆက်တွဲအနေဖြင့် လုပ်ဆောင်ရန်။ ထိုသို့ လုပ်ဆောင်ရာတွင် နည်းပညာဆိုင်ရာ အကူအညီပေးနိုင်သည့် အကြံပြုချက်များကို လုပ်ငန်းစဉ်ထဲတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများ ပါဝင်ရေးကိုလည်း သေသေချာချာ ဆောင်ရွက်ရန်။ (UNCAC အပိုဒ် ၆၃ (၄) (၅) (၆)နှင့် (၇)။)
- UNCAC အပိုဒ်(၁၃)နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ဆောင်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများပါဝင်အောင် လုပ်ဆောင်ရန်။ ထိုသို့လုပ်ဆောင်ရာတွင် ပြည်သူများနှင့်ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များမှတစ်ဆင့် (သို့မဟုတ်) အဂတိလိုက်စားမှုကို အရေးယူရန် ကြိုးစားအားထုတ်မှုများတွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်စေခြင်းနှင့် ပိုင်ဆိုင်မှုများကို ပြန်လည်သိမ်းယူသည့် လုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်းသာမက ထို့အတူပင် ပုဂ္ဂလိကမှနေ၍ တရားစွဲဆိုနိုင်ခြင်းနှင့် နစ်နာသူများကိုယ်စား အများအကျိုးအတွက် တရားစွဲခြင်းဆိုသည့် ကိစ္စမျိုးတွင်လည်း လုပ်ပိုင်ခွင့်ပေးသည့် ပြဋ္ဌာန်းချက်များကို ထည့်ခြင်းအားဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများကို ပါဝင်နိုင်အောင် ဆောင်ရွက်ရန်။ အကယ်၍ လိုအပ်ခဲ့သည်ရှိသော် အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ နေရာနှင့် မီဒီယာ၏ လွတ်လပ်ခွင့်သာမက ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုပါ အကာအကွယ်ပေးရေးကို အာမခံပေးနိုင်မည့် ယန္တရားနည်းလမ်းများကို ပြဋ္ဌာန်းကျင့်သုံးရန်နှင့် ကျင့်သုံးမည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိပြုပေးရန်။
- UNCAC ဒုတိယအကြိမ် ပြန်လည်သုံးသပ်ခြင်းတွင် ပွင့်လင်းမြင်သာမှုနှင့် အားလုံးပါဝင်မှုရှိအောင် ဆောင်ရွက်ရန်။ UNCAC ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရေးနှင့် စောင့်ကြည့်ရေးအတွက် သန္နိဋ္ဌာန်ချဆောင်ရွက်နေသည့် ကမ္ဘာတစ်ဝန်းလုံးမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းထားသည့် coalition(UNCAC ညွန့်ပေါင်းအဖွဲ့) က ရေးဆွဲထားသည့် UNCAC ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ကတိပြုချက်[144]ကို အများပြည်သူများသိရှိအောင် ထောက်ခံကြောင်း ထုတ်ပြန်ကြေညာရန်။
- မလိုအပ်သောအတည်ပြုချက်များကိုတောင်းခံနေရမှုများမရှိစေခြင်းဖြင့် လုပ်ငန်းအဆင်ပြေစေရန် ငွေပေးရခြင်းနယ်ပယ်ကို လျှော့ချရန်။ ဥပမာ အစိုးရဌာန တစ်ခုနှင့်တစ်ခုကြား တိုင်ပင်ဆွေးနွေးမှုကို ပို၍ကောင်းမွန်စေသော စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းရေးဌာန တစ်ခုကို တည်ထောင်နိုင်ပါသည်။ ထို့အတူ ပုဂ္ဂလိကကဏ္ဍ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားသော အကျိုးသက်ဆိုင်သူများက ဥပဒေမူကြမ်းများကိုလည်း တိုင်ပင်ဆွေးနွေးကာ ဗြူရိုကရေစီစနစ်များကို စိန်ခေါ်ပြီး ရှိပြီးသားအဆင့်များထဲတွင်လည်း မလိုအပ်သည်များ၊ ကြိုးနီစနစ်များကို ပြန်လည်သုံးသပ်ဖယ်ရှားရန်။
- Whistle-blower protection ခေါ် ဖော်ထုတ်ပြောဆိုသူကို အကာအကွယ်ပေးခြင်းအား ဦးစားပေး ဆောင်ရွက်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံကိန်း Action Plan နှင့် ဥပဒေပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးသာမက ရုပ်ပိုင်းဆိုင်ရာ ရင်းမြစ်များကိုပါ ပံ့ပိုးပေးခြင်းအားဖြင့်လည်း ထိရောက်စွာတိုင်ကြားနိုင်သည့် ယန္တရားတစ်ခုပေါ်လာနိုင်မည် ဖြစ်သလို သက်သေများနှင့် ဖော်ထုတ်ပြောဆိုသူများကိုလည်း အများပြည်သူနှင့်ဆိုင်သည့် ကဏ္ဍတွင်ကော၊ ပုဂ္ဂလိကကဏ္ဍတွင်ပါ ကာကွယ်ပေးနိုင်မည့် ယန္တရားများ ပေါ်ထွက်လာပါလိမ့်မည်။ ဤသို့လုပ်ဆောင်ရာတွင် ဆက်သွယ်ရေးဥပဒေကို ပြုပြင်ပြောင်းလဲခြင်း (ပုဒ်မ ၆၆-ဃ ကို ပယ်ဖျက်ခြင်း)တို့လည်း ပါဝင်မည်ဖြစ်ပြီး၊ ဖော်ထုတ်ပြောဆိုသူများကို ဒုက္ခမပေးရလေအောင် ဆောင်ရွက်ခြင်း ဥပမာ - နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ၊ အသရေဖျက်မှုဥပဒေများကို အလွဲသုံးစားပြုလုပ်ကာ ဒုက္ခပေးခြင်းကို ကာကွယ်ခြင်း။
- ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောက်လုပ်သည့် အခြေခံအဆောက်အဦ ဆောက်လုပ်ရေးဆိုင်ရာ တင်ဒါခေါ်သည့် လုပ်ငန်းစဉ်များထဲတွင် အကျင့်ပျက်ခြစားမှုနှင့် ထိရောက်မှုမရှိခြင်းတို့ကို လျှော့ချနိုင်ရန်အတွက် ဆောက်လုပ်ရေးကဏ္ဍပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Construction Sector Transparency Initiative - CoST) ကိုသုံးကာ အစိုးရစီမံကိန်းတစ်ခုကို ကနဦး စီမံကိန်းအနေဖြင့် အကောင်အထည် ဖော်လုပ်ကိုင်ရန်။

## လွှတ်တော်သို့

- အထက်ပါအကြံပြုချက်များအနက် နိုင်ငံတော်မှ ပစ္စည်းဝယ်ယူသည့် ဥပဒေမူကြမ်း (Procurement Law)နှင့် ပတ်သက်သည့်အချက်များကို ထည့်သွင်းစဉ်းစားရန်နှင့် ဆက်လက်၍လည်း အများပြည်သူနှင့်ဆိုင်သည့်ကိစ္စများတွင် တင်ဒါခေါ်ယူသည့်အခါတွင်ဖြစ်စေ၊ ပစ္စည်းများ ဝယ်ယူသည့်အခါတွင်ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိအောင် ဆက်လက်၍ ဖိအားပေးရန်။ တစ်ချိန်တည်းမှာပင် မေးခွန်းထုတ်စရာ၊ ပြောဆိုစရာဖြစ်နေသည့် ဆုံးဖြတ်ချက်များကိုလည်း အများပြည်သူသိအောင် မီးမောင်းထိုးပြ ဆွေးနွေးရန်။

144 http://uncaccoalition.org/en_US/uncac-review/transparency-pledge/

- အထက်တွင်အကြံပြုထားသောဥပဒေပြုပြင်ပြောင်းလဲရေးများနှင့်အဂတိလိုက်စားမှုဆိုင်ရာ ဥပဒေနှင့် ငွေကြေးခဝါချမှုဆိုင်ရာဥပဒေတို့ကို ပြင်ဆင်မှုများကို ထောက်ခံရန်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့**

- အဂတိလိုက်စားမှု (သို့မဟုတ်) ကြိုးနီစနစ်ကြောင့် အချို့နေရာများတွင် လုပ်စားရန်ခွင် (redtape hotspot) ဖြစ်နေခြင်းများအကြောင်း ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်း တိုင်ပင်ဆွေးနွေးရန်။
- အများပြည်သူနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများစွာ ပြုလုပ်ခြင်း၊ အများပြည်သူဆိုင်ရာ ပစ္စည်းများဝယ်ယူခြင်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများတွင် ပိုမိုကောင်းမွန်စေခြင်း၊ သတင်းအချက်အလက်များကို ရယူနိုင်ရန် ဥပဒေများတွင် ပါဝင်စေခြင်း (ဥပမာ - အချို့သော သတင်းအချက်အလက်များကို မဖြစ်မနေ ထုတ်ပြန်ပေးရန်) စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ခွင့်ပြုမိန့်ပေးရာတွင် ပိုမိုကောင်းမွန်သည့် စည်းမျဉ်းစည်းကမ်းများ၊ ပေါ်ထွက်လာရေးအတွက် အစိုးရနှင့် လွှတ်တော်ကို တိုက်တွန်းစည်းရုံး လှုံ့ဆော်ရန်။
- အစိုးရနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများသို့ "အခမဲ့" ပေးအပ်သော ကုန်စည်များနှင့် ဝန်ဆောင်မှုများကဲ့သို့သော ပြဿနာများအပါအဝင် လာဘ်စားမှုနှင့် အဂတိလိုက်စားမှုဆိုင်ရာအချက်များ အားလုံးအပေါ် တုန့်ပြန်အရေးယူရန်။
- အဂတိလိုက်စားမှုနှင့် တာဝန်ခံမှုကို စုံစမ်းထောက်လှမ်းသော သတင်းစာဆရာများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အခြားသော ဖော်ထုတ်ပြောဆိုသူများ အပါအဝင် ပွင့်လင်းမြင်သာမှု၊ မီဒီယာလွတ်လပ်ခွင့်နှင့် ဖော်ထုတ်ပြောဆိုသူများအား အကာအကွယ်ပေးခြင်း လုပ်ငန်းစဉ်တို့ကို ထောက်ခံအားပေးရန်။
- တတိယပုဂ္ဂိုလ်မှ စစ်ဆေးပေးထားသည့် စိတ်ချယုံကြည်ရသည့် အချက်အလက်များကို ပေးစေရေးအတွက် ကုမ္ပဏီများအား ဖိအားပေးရန်။

**မြန်မာ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများသို့**

- ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ခံမှုရှိစေရေးနှင့်ပတ်သက်ပြီး စောင့်ကြည့်လေ့လာရာတွင် ကုမ္ပဏီများမှထုတ်ပြန်ကြေညာသော သတင်းအချက်အလက်များ အသုံးပြုရန်။ ကုမ္ပဏီများက ၄င်းတို့ထုတ်ပြန်၍ ကတိကဝတ်ပြုထားသည့် အချက်များကိုလိုက်နာခြင်းမရှိပါက (သို့မဟုတ်) လိုက်နာခြင်း စံချိန်မပြည့်မီပါက ထိုကုမ္ပဏီများ၊ ထိုဖြစ်ရပ်များကို သိရှိအောင် သတင်းရေးသားတင်ပြရန်။
- ကုမ္ပဏီမှကျင်းပသောပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများဆိုင်ရာတိုင်ပင်ဆွေးနွေးမှုများနှင့်အကျိုးသက်ဆိုင်သူများဆိုင်ရာဆွေးနွေးမှုများတွင်ပါဝင်ဆွေးနွေးရန်။ တွေ့ရှိချက်များကို သတင်းရေးသားရန်။
- ကုမ္ပဏီ၏စီမံအုပ်ချုပ်မှု၊ ဘဏ္ဍာရေးရာများနှင့်အခွန်ကိစ္စများကိုလည်း ထည့်သွင်းဖော်ပြခြင်းအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ မီဒီယာမှ သတင်းရေးသားခြင်းကို ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်ရန်။ [145]

145 သတင်းစာဆရာများသည် ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကို မည်သို့ ရှာဖွေ တူးဖော်ပြီး သတင်းရေးသားနိုင်ကြောင်း အကြံပြုချက်များကို လေ့လာလိုပါက ယခုပေးထားသောလင့်ခ်တွင် ရနိုင်ပါသည် - 'Who's running the company? A guide to reporting on corporate governance', IFC 2012



**ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းသို့**

- စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာအောင် (သို့မဟုတ်) ထို့ထက်မက ပိုကောင်းအောင် လုပ်ဆောင်သွားရေးအတွက် မြန်မာကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေရန်။ ထိုနည်းတူစွာ တစ်ဆင့်ခံဆောင်ရွက်သူ ကန်ထရိုက်များနှင့် ကုန်ပစ္စည်းပံ့ပိုးမှုကွင်းဆက်တစ်လျှောက်လုံးတွင် ကုမ္ပဏီများ၏ ဆုံးရှုံးနိုင်ခြေ အခြေအနေများ၊ လုပ်ငန်းလည်ပတ်မှုများနှင့်ဆက်စပ်နေသော သက်ရောက်မှုများကို အားသွန်ခွန်စိုက် အစီရင်ခံတင်ပြရန်။

| Rank 2018 | Rank 2016 | Company Name | Type | Website | Corporate Culture | Corporate Governance | Sustainability Management | Communication | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|---|---|
| 1 | 1 | FIRST MYANMAR INVESTMENT (FMI) | PL | www.fmi.com.mm | 100% | 90% | 80% | 100% | 86% | 91% |
| 2 | 8 | CITY MART HOLDING CO LTD. | PR | www.cmhl.com.mm | 71% | 70% | 100% | 60% | 86% | 73% |
| 3 | 2 | SERGE PUN & ASSOCIATES (SPA) | PR | www.spa-myanmar.com | 100% | 62% | 80% | 60% | 86% | 69% |
| 4 | 6 | AYA BANK | PR | www.ayabank.com | 100% | 62% | 20% | 100% | 57% | 65% |
| 5 | 3 | MAX MYANMAR GROUP | PR | www.maxmyanmargroup.com | 100% | 58% | 60% | 100% | 14% | 61% |
| 6 | 11 | SHWE TAUNG GROUP | PR | www.shwetaunggroup.com | 100% | 46% | 60% | 40% | 57% | 53% |
| 7 | 10 | DAGON GROUP | PR | www.dagon-group.com | 86% | 54% | 0% | 40% | 29% | 50% |
| 7 | - | GRAND GUARDIAN INSURANCE | P | www.ggipinsurance.com | 71% | 44% | 20% | 100% | 57% | 50% |
| 9 | 18 | MYANMAR THILAWA SEZ HOLDINGS | PL | www.mtshmyanmar.com | 86% | 46% | 0% | 100% | 14% | 47% |
| 10 | 7 | KBZ GROUP | PR | www.kbzgroup.com.mm | 100% | 34% | 40% | 40% | 43% | 42% |
| 11 | 34 | MYANMAR AWBA | PR | www.awba-group.com | 43% | 38% | 40% | 20% | 14% | 35% |
| 12 | - | IRRAWADDY GREEN TOWERS | PR | www.igt.com.mm | 29% | 28% | 40% | 60% | 43% | 32% |
| 12 | 13 | GREAT HOR KHAM | P | www.greathorkham.com | 57% | 30% | 0% | 80% | 14% | 32% |
| 14 | 9 | PARAMI ENERGY GROUP | PR | www.parami.com | 71% | 28% | 20% | 20% | 14% | 30% |
| 15 | 4 | SMART TECHNICAL SERVICES | PR | www.smart-technical.com | 86% | 24% | 0% | 40% | 14% | 28% |
| 16 | 5 | MPRL E&P GROUP | PR | www.mprlexp.com | 29% | 22% | 20% | 40% | 57% | 27% |
| 16 | 17 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) | P | www.mapco.com.mm | 43% | 24% | 0% | 80% | 14% | 27% |
| 18 | 27 | MYANMAR CITIZENS BANK | PL | www.mcb.com.mm | 57% | 16% | 0% | 20% | 0% | 18% |
| 18 | - | TMH TELECOM PUBLIC COMPANY | PL | www.tmhtelecom.com | 57% | 16% | 0% | 20% | 0% | 18% |
| 18 | - | CB BANK | PR | www.cbbank.com.mm | 29% | 20% | 0% | 20% | 0% | 18% |
| 21 | 50 | FIRST PRIVATE BANK | PL | www.firstprivatebank.com.mm | 57% | 12% | 0% | 20% | 0% | 15% |
| 22 | 12 | ASIA WORLD | PR | www.asiaworldcompany.com | 29% | 12% | 0% | 20% | 14% | 14% |
| 22 | - | CONSTRUCTION AND HOUSING DEVELOPMENT BANK | PR | www.chdb.com.mm | 29% | 6% | 0% | 80% | 14% | 14% |
| 22 | 27 | MYAN SHWE PYI TRACTORS (MSP) | PR | www.mspcat.com.mm | 29% | 12% | 0% | 20% | 14% | 14% |
| 25 | - | MYANMAR AGRO EXCHANGE (MAEX) | P | www.maex.com.mm | 71% | 6% | 0% | 20% | 0% | 12% |
| 26 | 15 | ZAWGYI PREMIER | PR | www.zawgyipremier.com | 29% | 10% | 0% | 20% | 0% | 11% |
| 27 | - | DAWEI DEVELOPMENT | P | www.ddpcmyanmar.com | 29% | 4% | 0% | 40% | 14% | 9% |
| 27 | 16 | UNITED PAINT GROUP (UPG) | PR | www.upgpaint.com | 29% | 0% | 0% | 20% | 57% | 9% |
| 29 | 22 | A1 GROUP | PR | www.a1companies.biz | 29% | 4% | 0% | 20% | 14% | 8% |
| 29 | - | ELITE TELECOM | P | www.elitetelecom-public.com | 29% | 4% | 0% | 20% | 14% | 8% |
| 29 | 22 | SUPREME GROUP | PR | www.supremegroupcompanies.com | 29% | 4% | 0% | 20% | 14% | 8% |
| 32 | 50 | YUZANA GROUP | PR | www.yuzanagroup.com | 0% | 8% | 0% | 20% | 0% | 7% |
| 32 | - | MYAWADDY BANK | PR | www.mwdbank.com | 29% | 4% | 0% | 20% | 0% | 7% |
| 32 | 41 | NAING GROUP | PR | www.nainggroupcapital.com | 29% | 2% | 0% | 20% | 14% | 7% |
| 32 | - | RAKHINE DEVELOPMENT CORPORATION | P | www.rdcpublic.com | 29% | 4% | 0% | 20% | 0% | 7% |
| 32 | - | WPG CAPITAL | P | www.wpgcap.com | 14% | 6% | 0% | 20% | 0% | 7% |

| Rank 2018 | Rank 2016 | Company Name | Type | Website | Corporate Culture | Corporate Governance | Sustainability Management | Communication | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|---|---|
| 37 | N/W | ASIA ENERGY TRADING | PR | www.asiaenergy.com.mm | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 50 | AUNG KAN BO TRADING | PR | www.aungkanbo.com | 29% | 0% | 0% | 20% | 14% | 5% |
| 37 | - | ASIA GREEN DEVELOPMENT BANK | P | www.agdbank.com | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 30 | DAWN (AH YONE OO) CONSTRUCTION | PR | www.ahyoneoo.com | 43% | 0% | 0% | 20% | 0% | 5% |
| 37 | 50 | EDEN GROUP | PR | www.edengroup.com.mm | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 34 | GOLDEN KEY (MIKKO GROUP) | PR | www.mikkogroup.biz.mm | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 14 | HTOO GROUP | PR | www.htoo.com | 43% | 0% | 0% | 20% | 0% | 5% |
| 37 | - | MANDALAY MYOTHA INDUSTRIAL DEVELOPMENT | P | www.mmidproject.com | 29% | 0% | 0% | 20% | 14% | 5% |
| 37 | - | MYANMAR PAYMENT UNION | P | www.myanmarpaymentunion.com | 14% | 0% | 0% | 60% | 0% | 5% |
| 37 | - | PT POWER TRADING | PR | www.ptpowertrading.com | 43% | 0% | 0% | 20% | 0% | 5% |
| 37 | - | SUPER SEVEN STARS MOTORS INDUSTRY | PR | www.sssmotors.com | 43% | 0% | 0% | 20% | 0% | 5% |
| 37 | - | YANGON BUS | P | www.yangonbuspubliccompany.com | 29% | 2% | 0% | 20% | 0% | 5% |
| 37 | 20 | UMG GROUP | PR | www.umgmyanmar.com | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 41 | YATHAR CHO INDUSTRIES | PR | www.yumyummyanmar.com | 29% | 0% | 0% | 20% | 14% | 5% |
| 37 | 19 | YOUNG INVESTMENT GROUP | PR | www.yigmm.com | 29% | 2% | 0% | 20% | 0% | 5% |
| 37 | 46 | AYEYAR HINTHAR | PR | www.ayeyarhinthar.com | 29% | 0% | 0% | 20% | 14% | 5% |
| 53 | 46 | ACE GROUP | PR | www.acegroupmm.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | ASIA BUSINESS SYNERGY | P | www.abspublic.com | 14% | 2% | 0% | 20% | 0% | 4% |
| 53 | 25 | CAPITAL DIAMOND STAR | PR | www.cdsg.com.mm | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | DAGON BEVERAGES | PR | www.dagonbeverages.com | 14% | 0% | 0% | 20% | 14% | 4% |
| 53 | 50 | ELEVEN MEDIA GROUP | PR | www.elevenmyanmar.com | 14% | 2% | 0% | 20% | 0% | 4% |
| 53 | N/W | EUROPE & ASIA INTERNATIONAL | PR | www.eac-myanmar.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 34 | EXCELLENT FORTUNE | PR | www.efdgroup.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | GOLDEN ZANEKA | P | www.goldenzaneka.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 50 | KHA YAY TRADING | PR | www.khayaytrading.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 50 | MIN ZARNI | PR | www.minzarnigroup.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | MOTTAMA HOLDINGS | PR | www.mottamaholdings.com | 0% | 0% | 0% | 20% | 29% | 4% |
| 53 | - | MYANMAR APEX BANK | PR | www.mabbank.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 50 | MYANMAR DISTRIBUTION GROUP | PR | www.myanmardistributiongroup.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 46 | MYANMAR ECONOMIC CORPORATION | PR | www.mecwebsite.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | MYANMAR AUTOMOBILE DEVELOPMENT | P | www.myanmarautomobiles.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 50 | MYANMAR ORIENTAL BANK (MOB) | PR | www.mobmyanmar.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | MYANMAR TREASURE HOTEL & RESORT GROUP | PR | www.htoohospitality.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 27 | NEW DAY ENERGY | PR | www.newdayenergymm.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | PAHTAMA GROUP | PR | www.pahtamagroup.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | MYANMAR NATIVE LAND | P | www.myanmarnativeland.com | 14% | 0% | 0% | 20% | 14% | 4% |

| Rank 2018 | Rank 2016 | Company Name | Type | Website | Corporate Culture | Corporate Governance | Sustainability Management | Communication | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|---|---|
| 53 | - | MYANMAR TELECOMMUNICATION NETWORK | P | www.mtnpcl.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | 20 | SEIN WUT HMON | PR | www.seinwuthmon.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | TANINTHARYI DIVISION DEVELOPMENT PUBLIC | P | www.tddpcl.com | 29% | 0% | 0% | 20% | 0% | 4% |
| 53 | - | THAN TAW MYAT | PR | www.doublerhinoscement.com | 14% | 0% | 0% | 20% | 14% | 4% |
| 53 | - | VICTORY MYANMAR GROUP | PR | www.victorymyanmar.com | 14% | 0% | 0% | 20% | 14% | 4% |
| 53 | - | YATANARPON TELEPORT | P | www.ytp.com.mm | 29% | 0% | 0% | 20% | 0% | 4% |
| 79 | - | SMALL & MEDIUM INDUSTRIAL DEVELOPMENT BANK | P | www.smidb.com.mm | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 41 | AA GROUP (PACIFIC GROUP) | PR | www.aa.com.mm | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 30 | APEX OIL & GAS | PR | www.apexgasnoil.com | 0% | 2% | 0% | 20% | 0% | 3% |
| 79 | - | DENKO TRADING | PR | www.denkomyanmar.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | - | GLOBALTREASUREBANK | P | www.gtbmm.com | 0% | 2% | 0% | 20% | 0% | 3% |
| 79 | - | GOLDEN LAND EAST ASIA DEVELOPENT | P | www.glad.com.mm | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 50 | GOOD BROTHERS | PR | www.gbs.com.mm | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 45 | KMA GROUP | PR | www.kmahotels.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 41 | NEW GOLDEN GATE (1991) | PR | www.newgoldengate1991.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | - | MYANMAR INFORMATION & COMMUNICATION TECHNOLOGY DEVELOPMENT | P | www.mictdc.com.mm | 14% | 0% | 0% | 20% | 0% | 3% |
| 79 | - | RURAL DEVELOPMENT BANK | PR | www.rdbankmm.com | 0% | 2% | 0% | 20% | 0% | 3% |
| 79 | - | NATIONAL DEVELOPMENT COMPANY GROUP | P | www.nationaldevelop.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 50 | SHWE THAN LWIN MEDIA | PR | www.myanmarinternationaltv.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | - | SHWE WAH YAUNG AGRICULTURE PRODUCTION | PR | www.swygroup.com | 14% | 0% | 0% | 20% | 0% | 3% |
| 79 | 30 | T.Z.T.M GROUP | PR | www.tztmgroup.com | 14% | 0% | 0% | 20% | 0% | 3% |
| 94 | N/W | BENHUR TRADING | PR | www.benhurtrading.com | 0% | 0% | 0% | 20% | 0% | 1% |
| 94 | - | GOLDEN MYANMAR AIRLINE | P | www.gmairlines.com | 14% | 0% | 0% | 0% | 0% | 1% |
| 94 | 25 | MYANMAR CONSOLIDATED MEDIA HOLDINGS | PR | www.mmtimes.com | 0% | 0% | 0% | 20% | 0% | 1% |
| 94 | - | NEW CITY DEVELOPMENT | P | www.newcity-development.com | 0% | 0% | 0% | 20% | 0% | 1% |
| 94 | - | STEEL KING | PR | www.steelkingcompanylimited.com | 14% | 0% | 0% | 0% | 0% | 1% |
| 99 | - | AYEYAR PATHEIN DEVELOPMENT | P | www.Ayeyar-Pathein-Development-Public.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | CHERRY YOMA GROUP | P | www.cherryyomagrouppublic.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | 50 | ELITE TECH | PR | www.elitetech-group.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | 50 | EVER SUNNY INDUSTRY (ESI FOOD) | PR | www.esifood.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | KAY TU MA DI | PR | www.kaytumadi.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | KAYTUMADI DEVELOPMENT | P | www.kaytumadi-development-public-company.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | 34 | MYANMAR GOLDEN STAR (MGS) | PR | www.mgsgroup.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | MYAWADDY TRADING | PR | www.myawaddytrade.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | MYANMAR ECONOMIC DEVELOPMENT CORPORATION | P | www.medcmyanmar.com | 0% | 0% | 0% | 0% | 0% | 0% |

| Rank 2018 | Rank 2016 | Company Name | Type | Website | Corporate Culture | Corporate Governance | Sustainability Management | Communication | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|---|---|
| 99 | - | **MYANMAR IRRAWADDY DEVELOPMENT** | P | www.Myanmar-Irrawaddy-Development-Public.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **MYANMAR MOTION PICTURE DEVELOPMENT** | P | www.moviesmmpd.com.cutestat.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **MYANMAR TECHNOLOGIES AND INVESTMENT** | P | www.mti.com.mm | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **MYANMAR TOURISM BANK** | P | www.tourism-bank-public-company.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **MYANMAR TOURISM DEVELOPMENT** | P | www.myanmar-tourism-development-company.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **MYEIK FUTURE DEVELOPMENT** | P | www.mfdmyanmar.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | - | **OLEANDER CONSTRUCTION GROUP** | P | www.oleanderconstructinggroup.com | 0% | 0% | 0% | 0% | 0% | 0% |
| 99 | N/W | **ZAYKABAR** | PR | www.nationaldevelop.com/zaykabar.htm | 0% | 0% | 0% | 0% | 0% | 0% |

## Companies without a website (in alphabetical order)

**PUBLIC COMPANIES**

AYEYARWADDY FARMERS DEVELOPMENT BANK
DANYA GON YEE DEVELOPMENT
FARMERS DEVELOPMENT PUBLIC BANK
FOREST PRODUCTS JOINT VENTURE CORPORATION
HANTHAWADY GREEN LAND
HTAWARA AUNG MYAE
INDUSTRIAL RESOURCES DEVELOPMENT
KAYIN STATE DEVELOPMENT
MAUBIN DEVELOPMENT
MYANMA AGRICULTURE & GENERAL DEVELOPMENT
MYANMAR CONSTRUCTION AND DEVELOPMENT PUBLIC
MYANMAR EDIBLE OIL INDUSTRIAL PUBLIC CORPORATION (MEICO)
MYANMAR INDUSTRIES ALLIANCE
MYEIK PUBLIC CORPORATION
RAKHINE BUSINESS INITIATIVE
ROYAL YATANARPON TELECOM
UNION OF MYANMAR ECONOMIC HOLDINGS (UMEHL)

**PRIVATE COMPANIES**

ANNAWAR TUN
AUNG CHANTHA TRADING
AUNG THITSA OO INSURANCE
AUSPICIOUS MILLENNIUM TRADING GROUP
AYAR JADE
BHOME YAUNG CHI
BHONE KYAW SAN
BILLION SOE KAUNG SAN
FARMER PHYOYARZAR
FORTUNE INTERNATIONAL
FU XINGBROTHERS
GREAT GENESIS GEMS
INFORMATION TECHNOLOGY CENTRAL SERVICES
JING HPAW AUNG JADE & JEWELLERY
KHINE KHINE PHYO INTERNATIONAL TRADING
KIAN SEIN
KYAW SAN

**PRIVATE COMPANIES** (continued)

MIN DHAMA
MOE HTET GABAR
MYA GAE TRADING
MYANMAR IMPERIAL JADE (GEMS & JEWELLERY)
MYAT MYITTAR MON GEMS & JEWELLERY
MYAT YAMONE GEMS
MYO NWE GEMS & JEWELLERY
NAY PYI TAW SIBIN BANK
NCX MYANMAR
NILAR YOMA TRADING
NORTH EAST GATE FRUIT
OK GROUP
PAING FAMILY INTERNATIONAL
PHYOE PYAE ZAE TRADING
PREMIUM PETROL
REGENCY MATERIAL TRADING
ROYAL GREAT ASIA

**PRIVATE COMPANIES** (continued)

ROYAL MYAWADDY DISTILLERY GROUP
SABAI THINN TRADING
SEIN LOM TAUNG TAM GEMS
SHINNING STAR LIGHT GEMS & JEWELLERY
SHU SAN INDUSTRY
SHWE BYAIN PHYU
SHWE ME
SIX WINNER BROTHERS
TAW WIN CORPORATIVE BUSINESS
THU GYI MINN
TUN AKAREE
WAI AUNG GABAR GEMS
YADANAR KAUNG KIN GEMS & JEWELLERY
YADANAR YAUNG CHI GEMS
YANGON TECHNICAL & TRADING
YEE SHIN

## နောက်ဆက်တွဲ (၂)။ မေးခွန်းများ

အောက်ပါသတ်မှတ်ချက်များ (၇၄) ခုကို ၂၀၁၈ခုနှစ် ပွင့်သစ်စစီမံကိန်း အမှတ်ပေးခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုခဲ့ပါသည်။ ကွင်းစ ကွင်းပိတ်ထဲရှိ နံပါတ်များသည် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းပါ သတ်မှတ်ချက်များကို ရည်ညွှန်းဖော်ပြထားသည်။

## ကော်ပိုရိတ် အလေ့အထများ

### ကော်ပိုရိတ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာ

၁။ ကုမ္ပဏီတွင် mission statement ရှိပါသလား။ (E.1.4)

၂။ ကုမ္ပဏီ၏ ကော်မရှင်အဖွဲ့ (သို့မဟုတ်) ဒါရိုက်တာဘုတ်အဖွဲ့မှ vision နှင့် mission များကို ပုံမှန် ပြန်လည်စိစစ်အတည်ပြုခြင်း ပြုလုပ်ပါသလား။ ပြီးခဲ့သော (၅)နှစ်အတွင်း ဤကဲ့သို့ အနည်းဆုံးတစ်ကြိမ်မျှ ပြုလုပ်ခဲ့ပါသလား။ (E.1.5)

၃။ ကုမ္ပဏီသည် မိသားစုကုမ္ပဏီ၊ Group ကုမ္ပဏီများ၊ လက်အောက်ခံကုမ္ပဏီများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အကျိုးတူဖက်စပ်များနှင့် special purpose enterprise (SPEs)/(SPVs) များ၏ အသေးစိတ်အချက်အလက်များအား ထုတ်ဖော်ပြသခြင်းရှိပါသလား။ (D.1.5)

၄။ အစုရှယ်ယာရှင်များ၏ အချက်အလက်များတွင် အစုရှယ်ယာ ၅% နှင့်အထက် ပိုင်ဆိုင်သော အကျိုးအမြတ်ခံစားခွင့်ရှိသူတို့၏ ကိုယ်ရေးအချက်အလက်များကို ဖော်ပြထားပါသလား။ (D.1.1)

၅။ ကုမ္ပဏီသည် အဓိကရှယ်ယာရှင်များ (သို့မဟုတ်) ရှယ်ယာအများအပြားရှိသော ရှင်ယာရှင်များ၏ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော ရှယ်ယာပိုင်ဆိုင်မှုများအား ထုတ်ဖော်ပြသခြင်းရှိပါသလား။ (D.1.2)

၆။ ကုမ္ပဏီသည် ဒါရိုက်တာများ၏ တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ဖြစ်သော ရှယ်ယာပိုင်ဆိုင်မှုများအား ထုတ်ဖော်ပြသခြင်း ရှိပါသလား။ (D.1.3)

၇။ ကုမ္ပဏီသည် ထိုလုပ်ဆောင်မှုမျိုးကို အသေးစိတ်ရှင်းပြပါသလား။ ထိုသို့ပြုလုပ်ခြင်းသည် ကော်ပိုရိတ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများအား အထောက်အပံ့ဖြစ်ပါသလား။ (D.2.1)

## ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

### ဘုတ်အဖွဲ့ဝင်များ

၁။ ဒါရိုက်တာဘုတ်အဖွဲ့မှ ၎င်း၏ကဏ္ဍနှင့်တာဝန်ယူမှုများကို ရှင်းလင်းစွာဖော်ပြထားခြင်း ရှိပါသလား။ (E.1.3)

၂။ ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုချက်လိုအပ်သော ဆုံးဖြတ်ချက်များအား ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ (E.1.2)

၃။ Chairman နှင့် CEO ၏ အခန်းကဏ္ဍများအား မတူညီသော လူပုဂ္ဂိုလ်များမှ တာဝန်ယူထားပါသလား။ (E.4.1)

၄။ Chairman သည် Executive Director မဟုတ်သောသူ ဖြစ်ပါသလား။

၅။ Chairman သည် Independent Director တစ်ယောက်ဖြစ်ပါသလား။ (E.4.2)

၆။ Chairman သည် လက်ရှိတွင် (သို့မဟုတ်) ယခင်က CEO တစ်ယောက်ဖြစ်ပါသလား။ (E.4.3)

၇။ Chairman ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုအပိုင်းများကို ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ (E.4.4)

၈။ ဒါရိုက်တာဘုတ်အဖွဲ့ (သို့မဟုတ်) ကော်မရှင်ဘုတ်အဖွဲ့သည် (၅) ဦး ထက်မနည်း၊ (၁၂)ဦးနှင့်အောက်ရှိသော လူဦးရေဖြင့် ဖွဲ့စည်းထားပါသလား။

၉။ ဒါရိုက်တာများထဲတွင် ကုမ္ပဏီ၏ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်အတိုင်း Independent ဖြစ်သည်ဟု ယူဆရသော ဒါရိုက်တာ ဦးရေ အရေအတွက် မည်မျှရှိသနည်း။ (အဆိုပါသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဒါရိုက်တာဦးရေ အရေအတွက်ပေါ် မူတည်၍ အမှတ်ပေးသွားမည်ဖြစ်သည်)

၁၀။ သီးခြားဖြစ်၍ အုပ်ချုပ်ရေးပိုင်းတွင် မပါဝင်သော ဒါရိုက်တာများ၊ ကော်မရှင်အဖွဲ့ဝင်များသည် အနည်းဆုံး (၃)ဦးရှိ၍ ထို ဦးရေ ပမာဏသည် ဒါရိုက်တာဘုတ်အဖွဲ့၏ ၅၀% ထက် ပိုနေပါသလား။

၁၁။ Independent ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးနှင့် အဓိကရှယ်ယာဝင်များ အပိုင်းတို့တွင် သီးခြားလုပ်ဆောင်ကြပါသလား။

၁၂။ ကုမ္ပဏီသည်ဒါရိုက်တာတစ်ဦးချင်းစီ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းစီအတွက် အခြားသော publicly listed ကုမ္ပဏီများတွင်ပါ တစ်ချိန်တည်း၌ ဘုတ်အဖွဲ့ဝင်နေရာ (၅)နေရာသာ ပါဝင်ခွင့်ရှိသည်ဟု သတ်မှတ်ထားပါသလား။ (E.2.6)

၁၃။ တစ်နှစ်အတွင်းပြုလုပ်သော ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေး အကြိမ်အရေအတွက်ကို ဖော်ပြခြင်းရှိပါသလား။ (E.3.2)

၁၄။ ကုမ္ပဏီသည် ဒါရိုက်တာတစ်ဦးချင်း (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်း၏ အစည်းအဝေးတက်ရောက်မှု အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်းရှိပါသလား။ (E.3.3)

၁၅။ အနည်းဆုံးအုပ်ချုပ်ရေးနှင့်မသက်ဆိုင်သော ဒါရိုက်တာတစ်ဦး (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကုမ္ပဏီ၏အဓိက လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ကနဦးလုပ်ငန်းအတွေ့အကြုံများ ရှိပါသလား။ (E.4.6)

၁၆။ ကုမ္ပဏီသည် ဒါရိုက်တာအသစ်များအတွက် လုပ်ငန်းစဉ်နှင့် အကျွမ်းဝင်စေရေး အစီအစဉ်များရှိပါသလား။ (E.5.1)

၁၇။ ကုမ္ပဏီမှ ဒါရိုက်တာများအတွက် လုပ်ငန်းဆိုင်ရာပညာပေးအစီအစဉ်များတက်ရောက်ရန် အားပေးသော အစီအစဉ်များ ရှိပါသလား။ (E.5.2)

၁၈။ ကုမ္ပဏီမှ CEO နှင့် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ လစာ၊ ခံစားခွင့်ဆိုင်ရာ အချက်အလက်အသေးစိတ်ကို ဖော်ပြခြင်း ရှိပါသလား။ (E.3.12/E.3.13)

### စာရင်းစစ်ကော်မတီ

၁၉။ ကုမ္ပဏီတွင် စာရင်းစစ်ကော်မတီတစ်ခုရှိပါသလား။ (E.2.18)

၂၀။ စာရင်းစစ်ကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ (E.2.19)

၂၁။ စာရင်းစစ်ကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသလား။ (E.2.20)

၂၂။ Annual Report တွင် စာရင်းစစ်ကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်ကို ဖော်ပြထားခြင်းရှိပါသလား။ (E.2.23)

### ရွေးကောက်ခြင်းကော်မတီ

၂၃။ ကုမ္ပဏီတွင် ရွေးကောက်ခြင်းကော်မတီ (NC) ရှိပါသလား။ (E.2.8)

၂၄။ ရွေးကောက်ခြင်းကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့်မသက်ဆိုင်သော ဒါရိုက်တာ အဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ (E.2.9)

၂၅။ ရွေးကောက်ခြင်းကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်ပါသလား။ (E.2.10)

၂၆။ Annual Report တွင် ရွေးကောက်ခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်နှုန်းကို ဖော်ပြထားခြင်း ရှိပါသလား။ (E.2.12)

### ငွေကြေးလုပ်ခပေးခြင်း/ငွေကြေးလျော်ပေးခြင်း ကော်မတီ

၂၇။ ကုမ္ပဏီတွင် ငွေကြေးလုပ်ခပေးခြင်း ကော်မတီ (RC) ရှိပါသလား။ (E.2.13)

၂၈။ ငွေကြေးလုပ်ခပေးခြင်း ကော်မတီသည် Independent Director အများစုပါဝင်သော အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ (E.2.14)

၂၉။ ငွေကြေးလုပ်ခပေးခြင်း ကော်မတီ၏ ဥက္ကဋ္ဌသည် Independent Director (သို့မဟုတ်) Independent ကော်မရှင် အဖွဲ့ဝင် တစ်ဦးဖြစ်ပါသလား။ (E.2.15)

၃၀။ နှစ်ပတ်လည်အစီရင်ခံစာတွင် ငွေကြေးလုပ်ခပေးခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်နှုန်းကို ဖော်ပြထားခြင်း ရှိပါသလား။ (E.2.17)

### ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း

၃၁။ ကုမ္ပဏီသည် နေရာတကျဖြစ်သော Internal Control လုပ်ငန်းစဉ်များ (သို့မဟုတ်) ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း စနစ်များကို ဖော်ပြထားခြင်းရှိပါသလား။ (E.3.19)

၃၂။ Annual Report တွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ရုပ်ပိုင်းဆိုင်ရာထိန်းချုပ်မှု (သို့မဟုတ်) ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ (လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အခြားသော ထိန်းချုပ်မှုများ)အား  ပြန်လည်ဆန်းစစ်မှုများပြုလုပ်ခြင်းကို ဖော်ပြထားပါသလား။ (E.3.20)

### လုပ်ဆောင်မှုအကဲဖြတ်ခြင်းနှင့် ဘုတ်အဖွဲ့ဝင်များ ရာထူးခန့်အပ်ခြင်း

၃၃။ နှစ်စဉ် လုပ်ဆောင်မှုအကဲဖြတ်ခြင်းသည် ဒါရိုက်တာဘုတ်အဖွဲ့၏ ညွှန်ကြားလုပ်ဆောင်မှုဖြစ်ပါသလား။ (E.5.5)

၃၄။ ဘုတ်အဖွဲ့မှ အကဲဖြတ်မှုတွင် အသုံးပြုသော ဆုံးဖြတ်ပုံများအား ကုမ္ပဏီမှ ဖော်ပြထားခြင်းရှိပါသလား။ (E.5.5)

### ကော်ပိုရိတ် မူဝါဒများ

မြန်မာ၊ အင်္ဂလိပ် ဘာသာစကား နှစ်မျိုးလုံးဖြင့် ဖော်ပြထားပါက အမှတ်ထပ်တိုးရရှိမည်ဖြစ်သည်။

၃၅။ အောက်ပါအကြောင်းအရာများကို တည်ဆဲဥပဒေတစ်ခုဖြင့် ကာကွယ်ခြင်းခံထားရပါသလား။

- ဘုတ်အဖွဲ့ မူဝါဒ (E.1.1)
- ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ (E.2.1)
- မတူကွဲပြားမှု
- အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ (dividend) မူဝါဒ (D.2.4)
- ဝန်ထမ်းများ/အလုပ်သမားများ (C.3.1)
- ညီတူညီမျှ အခွင့်အရေးများ/မတူကွဲပြားမှု
- နှစ်နာမှု ကုစားရေးဆိုင်ရာ မူဝါဒ
- လူ့အခွင့်အရေး
- ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ မူဝါဒ (C.4.1)



### စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ

၃၆။ ကုမ္ပဏီတွင် ကျင့်ဝတ်ဆိုင်ရာ ဥပဒေ (သို့မဟုတ်) ညွှန်ကြားမှုပိုင်းဆိုင်ရာ ဥပဒေများရှိပါသလား။ (E.2.1)

၃၇။ ကျင့်ဝတ်ဆိုင်ရာ ဥပဒေ (သို့မဟုတ်) ညွှန်ကြားမှုပိုင်းဆိုင်ရာ ဥပဒေများ၏ အသေးစိတ်အချက်အလက်ကို ဖော်ပြထားခြင်း ရှိပါသလား။ (E.2.2)

၃၈။ ကုမ္ပဏီသည် ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များ၊ အထက်ရှိ စီမံခန့်ခွဲမှုအပိုင်းနှင့် ဝန်ထမ်းများအားလုံးသည် ထိုစည်းမျဉ်းဥပဒေများအား လိုက်နာရမည်ဟု ဖော်ပြထားပါသလား။ (E.2.3)

၃၉။ ကုမ္ပဏီမှ ထိုစည်းမျဉ်းဥပဒေများကိုလိုက်နာခြင်းဖြင့် မည်ကဲ့သို့ လုပ်ငန်းအကောင်အထည်ဖော်နိုင်သည်၊ ပြောင်းလဲတိုးတက်မှုကို လေ့လာနိုင်သည်ကို ဖော်ပြထားပါသလား။ (E.2.4)

### ထုတ်ဖော်ပြောဆိုခြင်း

၄၀။ မိမိစီးပွားရေးနှင့် သက်ဆိုင်သူများ (ဥပမာအားဖြင့် ဝယ်ယူအားပေးသူများ၊ ကုန်ပစ္စည်းပံ့ပိုးသူများ၊ ပြည်သူ အစရှိသဖြင့်) တို့မှ ၄င်းတို့၏ အတွေးအမြင်များ၊ ၄င်းတို့ အခွင့်အရေးအတိုင်း မကျေနပ်မှုများရှိပါက ပြောပြနိုင်ရန် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံကို ကုမ္ပဏီအနေဖြင့် မိမိဝက်(ဘ်)ဆိုက်တွင်သော်လည်းကောင်း၊ နှစ်စဉ်အစီအရင်ခံစာတွင်သော်လည်းကောင်း အသေးစိတ်အချက်အလက်များ ဖော်ပြထားပါသလား။ (C.2.1)

၄၁။ ကုမ္ပဏီတွင် တရားမဝင်သော ကိစ္စများ (လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း)နှင့် လုပ်ငန်းကျင့်ဝတ်နှင့် ဆန့်ကျင်သော အပြုအမူများအစရှိသည့် ဝန်ထမ်းများ၏ ပြဿနာများအတွက် ဖြေရှင်းရန် လမ်းစဉ်များ ရှိပါသလား။ (C.4.1)

၄၂။ ကုမ္ပဏီတွင် တရားမဝင်သော အပြုအမူများ၊ လုပ်ငန်းကျင့်ဝတ်ဖောက်ဖျက်မှုများကို ဖော်ထုတ်ပေးသော ဝန်ထမ်းတစ်ဦးအား လက်တုံ့ပြန်ခြင်းမှ ကာကွယ်နိုင်ရန် မူဝါဒ (သို့) လုပ်ဆောင်မှုများရှိပါသလား။ (C.4.2)

## ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု

### စီမံခန့်ခွဲမှု

၁။ ကုမ္ပဏီတွင် ရေရှည်တည်တံ့မှု စီမံခန့်ခွဲရေးတာဝန်ခံ၊ အရာရှိ ရှိပါသလား။

### နည်းဗျူဟာ

၂။ ကုမ္ပဏီတွင် ရေရှည်တည်တံ့ရေး နည်းဗျူဟာများရှိပါသလား။

၃။ ကုမ္ပဏီသည် ၄င်း၏ stakeholders'  mapping process အားရှင်းပြခြင်းရှိပါသလား။ (C.1)

၄။ ကုမ္ပဏီသည် ၄င်း၏ materiality analysis ဆန်းစစ်ချက်များအား ဖော်ပြထားပါသလား။ (E.3.21)

### အစီရင်ခံခြင်း

၅။ ကုမ္ပဏီသည် ၄င်း၏ လုပ်ဆောင်မှုများအား ဆန်းစစ်အစီရင်ခံနိုင်ရန် စာရင်းဇယားတစ်ခုအသုံးပြုပါသလား။ (D.2.3)

## သတင်းအချက်အလက်များ ပေးပို့ဆက်သွယ်ပြောကြားခြင်း

### ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်း

မြန်မာ/အင်္ဂလိပ် ဘာသာစကားနှစ်မျိုးလုံးဖြင့် ဖော်ပြထားပါက အမှတ်ထပ်တိုးရရှိမည် ဖြစ်သည်။

၁။ ကုမ္ပဏီသည် အောက်ပါ ဆက်ဆံပြောဆိုမှုပုံစံများကို အသုံးပြုပါသလား။

- ကုမ္ပဏီ ဝက်(ဘ်)ဆိုက် (D.6.2)
- ဒေါင်းလုဒ်ရယူနိုင်သော နှစ်ပတ်လည် အစီရင်ခံစာ (D.8.3)

၂။ ကုမ္ပဏီတွင် ကော်ပိုရိတ်တာဝန်ယူမှု (CR) ကဏ္ဍ/အစီရင်ခံစာ (သို့မဟုတ်) ရေရှည်တည်တံ့နိုင်ရေး အခန်းကဏ္ဍ/အစီရင်ခံစာ သီးခြားရှိပါသလား။ (C.1.7)

**နှစ်ပတ်လည် အစီရင်ခံစာ**

၃။ ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါအချက်အလက်များကို ဖော်ပြထားပါသလား။

- စီးပွားရေးလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ (D.2.1)
- ဘဏ္ဍာရေးလုပ်ဆောင်မှုဆိုင်ရာ ရည်ညွှန်းချက်များ (D.2.2)

## အစီရင်ခံခြင်း

**ဘဏ္ဍာရေးမဟုတ်သော**

၁။ အထက်တွင်ဖော်ပြပြီးဖြစ်သော မူဝါဒများအား အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များအား ကုမ္ပဏီမှ တရားဝင် ထုတ်ပြန်ပါသလား။

- ဝယ်ယူအားပေးသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (C.1.1)
- ကုန်ပစ္စည်းပံ့ပိုးပေးသူ/တဆင့်ခံလုပ်ကိုင်သူ ရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ (C.1.2)
- ပတ်ဝန်းကျင်အတွက် ဆိုးကျိုးသက်ရောက်မှုမရှိစေသော ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက် (C.1.3)
- ဒေသခံလူထုများနှင့် ချိတ်ဆက်ပြောဆိုခြင်း (C.1.4)
- အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ (C.1.5)
- ကြွေးရှင်၏ အခွင့်အရေးများ (C.1.6)

၂။ ကုမ္ပဏီသည် ဘဏ္ဍာရေးမဟုတ်သော ၄င်း၏ (အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း) KPI များအား ကြေညာခြင်းရှိပါသလား။ (C.1.7)




Myanmar Centre for Responsible Business

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)
အမှတ် (၆-က)၊ ရှင်စောပုလမ်း၊
ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**Phone:** +95 1 512613
**Email:** info@myanmar-responsiblebusiness.org
www.mcrb.org.mm
www.myanmar-responsiblebusiness.org

Yever smarter together

Yever
အမှတ်(၂၈) B ၊ ကျောက်ကုန်းလမ်း၊ အခန်း( ၆၊ B )၊
ရန်ကင်းမြို့နယ်၊

**Phone:** +95 9 254 795 095
**Email:** contact@yever.org

www.yever.org